မြန်မာ့အလင်း

အတွဲ (၅၃) အမှတ် (၂၈၄)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၅ ရက် ၂၀၁၄ ခုနှစ်၊ ဇူလိုင် ၁၆ ရက်၊ ဗုဒ္ဓဟူးနေ့။

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့

မြန်မာနိုင်ငံ၏ စွမ်းဆောင်ရည်မြှင့်တင်မှုလုပ်ငန်းများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု ဆွေးနွေး

နေပြည်တော် ဇူလိုင် ၁၅

စင်ကာပူသမ္မတနိုင်ငံ၌ ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အဖွဲ့သည် ယနေ့ နံနက် ဒေသစံတော်ချိန် ၁၁ နာရီခွဲတွင် စင်ကာပူသမ္မတနိုင်ငံသမ္မတ ဒေါက်တာတိုနီတန်ကင်ယမ်းအား စင်ကာပူမြို့ရှိ သမ္မတအိမ်တော် Istana Palace ၌ သွားရောက်တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် မြန်မာ-စင်ကာပူ နှစ်နိုင်ငံအကြား နည်းပညာပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်နှင့် အာဆီယံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အစီအစဉ်အောက်မှ မြန်မာနိုင်ငံ၏ စွမ်းဆောင်ရည်မြှင့်တင်မှုလုပ်ငန်းများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နေသည့် ကိစ္စရပ်များ၊ စင်ကာပူနိုင်ငံ၏ အကူအညီဖြင့် ၂၀၁၅ ခုနှစ်တွင် ရန်ကုန်မြို့၌ တည်ထောင်ဖွင့်လှစ်မည့် သက်မွေးမှုပညာသင်ကျောင်း ဖွင့်လှစ်သွားနိုင်ရေး ကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၏ ပညာရေး၊ ကျန်းမာရေး စသည့်ကဏ္ဍများတွင် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ကိစ္စရပ်များအပေါ် ခင်မင်ရင်းနှီးစွာ ဆွေးနွေးခဲ့ကြသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း စင်ကာပူသမ္မတနိုင်ငံသမ္မတ ဒေါက်တာတိုနီတန်ကင်ယမ်းအား စင်ကာပူမြို့ရှိ သမ္မတအိမ်တော် Istana Palace ၌ သွားရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် Asian Civilisations Museum သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက စင်ကာပူသမ္မတနိုင်ငံ၏ ယဉ်ကျေးမှုဆိုင်ရာ မှုဝါဒများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထိုသို့ရှင်းလင်းတင်ပြကြရာတွင် စင်ကာပူနိုင်ငံ ယဉ်ကျေးမှုနှင့်လူငယ်ရေးရာ ***စာမျက်နှာ ၈ ကော်လံ ၁*** ✻

“ စင်ကာပူနိုင်ငံ၏ အကူအညီဖြင့် ၂၀၁၅ ခုနှစ်တွင် ရန်ကုန်မြို့၌ တည်ထောင်ဖွင့်လှစ်မည့် သက်မွေးမှုပညာသင်ကျောင်း ဖွင့်လှစ်သွားနိုင်ရေး ကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၏ ပညာရေး၊ ကျန်းမာရေးစသည့် ကဏ္ဍများတွင် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ကိစ္စရပ်များအပေါ် ခင်မင်ရင်းနှီးစွာဆွေးနွေး ”

ယနေ့ မာတိကာ

ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ရာထူးမှနုတ်ထွက် စာ » ၄

ဂျီအာချင်လို၏ အံ့ဖွယ် လူ့ကလေး ဂေါ်ဇီ စာ » ၅

ကျန်းမာရေးနှင့် တစ်ခါသုံးဆေးထိုးအပ် ဆောင်းပါး စာ » ၆

မိုင်းကိုင်မြို့နယ် သမိုင်းဝင်စေါ်ဘွားကန် ပြန်လည်ပြုပြင်မွမ်းမံ စာ » ၁၁

ပင်လယ်ရေလှိုင်းဒဏ်ကြောင့် နေအိမ်ပျက်စီးမှုများဖြစ်ပွား စာ » ၁၃

လာမည့်နှစ်၌ စတော့အိတ်ချိန်း စတင်အကောင်အထည်ဖော်မည်

သတင်း ဝေယံဦး

ဂျပန်နိုင်ငံ တိုကျိုစတော့အိတ်ချိန်းတစ်ခုကို တွေ့ရစဉ်။

ရန်ကုန် ဇူလိုင် ၁၅

မြန်မာနိုင်ငံတွင် စတော့အိတ်ချိန်း ဖွံ့ဖြိုးလာစေရန်နှင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဂျပန်နိုင်ငံမှ နည်းပညာနှင့်အကူအညီများပေးသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၌ လာမည့်နှစ်တွင် စတော့အိတ်ချိန်း စတင်အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း UMFCCI မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

“စတော့အိတ်ချိန်းက မြန်မာနိုင်ငံမှာ အကောင်အထည်ဖော်ဆောင်ရွက်သင့်နေပြီ ဖြစ်ပါတယ်။ အများပိုင်ကုမ္ပဏီတွေ ပွင့်လင်းမြင်သာမှုရှိရှိနဲ့ဆောင်ရွက်မှုတွေ ပြုလုပ်ဖို့လိုအပ်ပါတယ်။ စတော့အိတ်ချိန်းမှာ အရှိန်ရနေပြီဖြစ်တဲ့ ဂျပန်နိုင်ငံက ကူညီမှာမို့ ကျွန်တော်တို့နိုင်ငံမှာ အောင်မြင်မှုရရှိမှာ ဖြစ်ပါတယ်” ဟု ၎င်းကပြောသည်။

မြန်မာနိုင်ငံတွင် စတော့အိတ်ချိန်းကို ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင်စတင် အကောင်အထည်ဖော်ဆောင်ရွက်ရန် စီစဉ်ထားသည်။ စတော့အိတ်ချိန်း အကောင်အထည်ဖော်နိုင်ရေးနှင့် ဖွံ့ဖြိုးလာရေးအတွက် လိုအပ်သည့်ဆွေးနွေးပွဲများကို ကျင်းပလျက်ရှိသည်။

မြန်မာနိုင်ငံတွင် လာမည့်နှစ်၌ စတော့အိတ်ချိန်းစတင်ရန် စီစဉ်ထားသော်လည်း အစပိုင်းနှစ်များတွင် ***စာမျက်နှာ ၈ ကော်လံ ၄*** ❒

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

မြစ်ရေက လျှံ၊ ချောင်းရေက တိုး

“ဝါဆိုဝါခေါင် ရေဖောင်ဖောင်”ဆိုစကားအတိုင်း နှစ်စဉ် ဝါဆိုဝါခေါင်လများတွင် မိုးများအဆက်မပြတ် ရွာသွန်းဖြိုး၍ ရေကြီးရေလျှံမှုများ ဖြစ်ပွားတတ်ပါသည်။ မိုးများအဆက်မပြတ် ရွာသွန်းသဖြင့် မြန်မာနိုင်ငံ၏ အဓိကမြစ်ကြီးများဖြစ်သော ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်နှင့် စစ်တောင်းမြစ်ဝှမ်းများတစ်လျှောက် ရေလွှမ်းမိုးမှုဒဏ်ကို ကြုံတွေ့ခံစားရလေ့ရှိပါသည်။

ရေကြီးရေလွှမ်းမိုးမှုကြောင့် စိုက်ပျိုးထားသော ကောက်ပဲသီးနှံစိုက်ခင်းများ ထိခိုက်ပျက်စီးခြင်း၊ အိုးအိမ်များပျက်စီးခြင်း၊ လူနှင့် ကျွဲ၊ နွား တိရစ္ဆာန်များ ထိခိုက်သေကျေပျက်စီးခြင်းစသော ဘေးအန္တရာယ်များလည်း ကြုံတွေ့ရတတ်ပါသည်။ ဤသို့ ထိခိုက်ဆုံးရှုံးမှုများသည် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်သောနည်းဖြင့် သော်လည်းကောင်း ဆုံးရှုံးနစ်နာမှု အမျိုးအစားနှစ်မျိုးစလုံး ဖြစ်ပွားနိုင်ပါသည်။ တိုက်ရိုက်ဆုံးရှုံးနစ်နာမှုဆိုသည်မှာ ရေကြီးရေလျှံမှုများကြောင့် ဖြစ်ပွားရသည့် မျက်မြင်ဒိဋ္ဌဆုံးရှုံးမှုပင် ဖြစ်ပါသည်။ သွယ်ဝိုက်သောနည်းဆိုသည်မှာ ရေကြီးရေလျှံမှုမဖြစ်ပါက ဆက်လက်အကျိုးစီးပွားဖြစ်ထွန်းမည့် အခြေအနေများ၊ ရေကြီးရေလျှံဖြစ်ရခြင်းအပေါ် ပြန်လည်ထူထောင်ဖြည့်ဆည်းရမည့် ကုန်ကျစရိတ်များ၊ အချိန် ကာလစသည်တို့သည် သွယ်ဝိုက်သောဆုံးရှုံးမှုပင် ဖြစ်ပါသည်။

ဤသို့ဆိုလျှင် ကျွန်ုပ်တို့အနေဖြင့် ဆုံးရှုံးမှုအနည်းဆုံးဖြစ်အောင် နည်းလမ်းများရှာကြံဆောင်ရွက်ရာတွင် နှစ်သွယ်သောနည်းလမ်းဖြင့် ဆောင်ရွက်သင့်သည်ဟု ယူဆမိပါသည်။ ယင်းတို့သည်ကား ကြိုတင်ကာကွယ်ပြင်ဆင်ခြင်းနှင့် ဖြစ်ပွားပြီး အခြေအနေကို အကောင်းဆုံး သတိပြုလိုက်နာ ဆောင်ရွက်ခြင်းပင်ဖြစ်ပါသည်။ မြစ်ရေကြီးခြင်းသတိပေးချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ခြင်းသည် ကြိုတင်ကာကွယ်ခြင်းပင်ဖြစ်ပါသည်။

မြစ်ရေကြီးခြင်းသတိပေးချက်များ ထွက်ပေါ်လာသည်နှင့် ကမ်းရိုးတန်းတစ်လျှောက် မြေနိမ့်ပိုင်းဒေသနေ ပြည်သူများသည် စားစရာ၊ ဆေးဝါး၊ သောက်သုံးရေအလုံအလောက်စုဆောင်းထားလျက် ကုန်းမြင့်ပိုင်းနေရာများသို့ အမြန်ဆုံးပြောင်းရွှေ့နေထိုင်သင့်ပါသည်။ လုံခြုံဘေးကင်းမည့် အဆောက်အအုံများသို့ ပြောင်းရွှေ့သင့်ပါသည်။ မိုးများအဆက်မပြတ်ရွာသွန်းမှုကြောင့် တောင်ပြိုခြင်း၊ ကမ်းပါးပြိုခြင်း၊ မြေပြိုခြင်းတို့ ဖြစ်ပွားနိုင်သည်ကို သတိပြုဖွယ်ဖြစ်ပါသည်။

တစ်ဖန် ရေကြီးရေလျှံမှုဖြစ်ပွားပြီးနောက် လိုက်နာဆောင်ရွက်ရန်များလည်း တိကျစွာလိုက်နာ ဆောင်ရွက်သင့်ပါသည်။ အထူးသဖြင့် ရေကြီးရေလျှံဒေသများ၌ ဝမ်းရောဂါများဖြစ်ပွားတတ်၍ ရေကို ကျိုချက်သောက်သုံးခြင်းသည် အကောင်းဆုံးဖြစ်ပါသည်။ ရေကြီးရေလျှံဒေသရှိ မိမိတို့နေအိမ် အဆောက်အအုံများအတွင်း ပြန်လည်ဝင်ရောက်ရာတွင် သက်ဆိုင်ရာ စစ်ဆေးရေးအဖွဲ့များ၏ ခွင့်ပြုချက်မရဘဲ ဝင်ရောက်သွားလာခြင်းမပြုရန် အထူးသတိပြုရမည့်အချက်ဖြစ်ပါသည်။ နေအိမ်များ၊ အဆောက်အအုံများ ကျွံကျမှုများဖြစ်ပွားနိုင်ပါသည်။

သို့ပါ၍ ပြည်သူများအနေဖြင့် ယခုကဲ့သို့ မြစ်ရေလျှံ၍ ချောင်းရေတိုးသည့် မိုးရာသီကာလတွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားလာနိုင်ခြင်းကြောင့် ဆုံးရှုံးမှုများ မဖြစ်ပွားရလေအောင် ရှောင်ရန် ဆောင်ရန်အချက်များကို သတိပြုလိုက်နာ ဆောင်ရွက်သင့်ပါကြောင်း။ ။

ပြည်တွင်းသတင်း

(၆၇)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား အောင်မြင်စွာကျင်းပရေးညှိနှိုင်း

ရန်ကုန် ဇူလိုင် ၁၅

(၆၇)နှစ်မြောက်အာဇာနည်နေ့ အခမ်းအနားအောင်မြင်စွာ ကျင်းပရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီတို့၏ ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၁၄ ရက် မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ (၆၇)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ၊ (၆၇)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ (၆၇)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း၊ ဦးပိုက်ထွေး၊ ဦးသန်းဆွေ၊ (၆၇)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားအောင်မြင်စွာ ကျင်းပရေးလုပ်ငန်းကော်မတီဝင်များ ဖြစ်ကြသည့် တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အခမ်းအနား ကျင်းပရေး ဆပ်ကော်မတီများမှ ဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများတက်ရောက်ကြသည်။

ရှေးဦးစွာ (၆၇)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနား ကျင်းပရေးဗဟို ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက အဖွင့်အမှာစကားပြောကြားပြီး (၆၇)နှစ်မြောက်အာဇာနည်နေ့ အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က (၆၇)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနား ကျင်းပနိုင်ရေးအတွက် ပထမအကြိမ် အကြိုညှိနှိုင်းအစည်းအဝေးကို ဇွန် ၂၃ ရက်က လည်းကောင်း၊ ဒုတိယအကြိမ် လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၁၀ ရက်၌လည်းကောင်း ကျင်းပခဲ့ပြီးဖြစ် ၍ အခမ်းအနား ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားပြီးဖြစ်ကြောင်း၊ မိမိတို့ အစိုးရသစ် တာဝန်ယူသည့် အချိန်မှ စတင်၍ အာဇာနည်နေ့ အခမ်းအနားများကို နှစ်စဉ်ကျင်းပခဲ့ရာ သုံးကြိမ်မြောက် အောင်မြင်စွာ ကျင်းပခဲ့ပြီး ဖြစ် ကြောင်း ရှင်းလင်းပြောကြားသည်။

၄င်းနောက် (၆၇)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနား ကျင်းပရေး ဗဟို ကော်မတီဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော် ကျော်ထွန်းက (၆၇)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားတွင် လုံခြုံရေးဆောင်ရွက်မည့် အစီအစဉ်များ၊ လုံခြုံရေးစီမံချက် ရေးဆွဲထားမှုများကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးပိုက်ထွေးက (၆၇)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပမည့်ရက်မတိုင်မီ ကျင်းပနေစဉ်နှင့် ကျင်းပပြီးစီးသည့် နောက်နေ့များတွင် ဆောင်ရွက်သွားမည့် သတင်းနှင့် ပြန်ကြားရေး လုပ်ငန်းစဉ်များအား လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးသန်းဆွေက (၆၇)နှစ်မြောက်အာဇာနည်နေ့ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် လွှမ်းသူ့ပန်းခွေစနစ်တကျ ချရေးအစီအစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် (၆၇)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနား ကျင်းပရေးလုပ်ငန်း ကော်မတီအတွင်းရေးမှူး တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး (ရန်ကုန်မြို့တော်ဝန်) ဦးလှမြင့်က (၆၇)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုများ၊ အာဇာနည်နေ့ အခမ်းအနားတွင် တက်ရောက်ကြမည့် နိုင်ငံတော်အကြီးအကဲများ၊ အာဇာနည်ခေါင်းဆောင်ကြီးများ၏မိသားစုများ၊ နိုင်ငံခြား သံရုံးများမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် လူမှုရေးအသင်းအဖွဲ့များအား ဖိတ်ကြားထားမှုနှင့် အခမ်းအနား မတက်ရောက်မီ အနားယူနိုင်ရန် နေရာများ ပြင်ဆင်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဆပ်ကော်မတီအလိုက် အာဇာနည်နေ့ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးဆောင်ရွက်ပြီးစီးမှုလုပ်ငန်းများကို ဆွေးနွေးတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောင်းဝန်းကျင် စိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပျိုး

နတ်မောက် ဇူလိုင် ၁၅

နတ်မောက်မြို့ အထက(၁)၌ ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပျိုးပွဲကို အထက (၁)ဝင်းအတွင်း မြေနေရာ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မမသန့်နှင့် ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများက မြို့နယ် သစ်တောဦးစီးဌာနမှ ပေးအပ်သော ယူကလစ်၊ ငုစပ်၊ ဆီးဖြူ၊ မန်ကျည်း၊ မဲဇလီ၊ စိန်ပန်း စုစုပေါင်း အပင် ၃၀၀ စုပေါင်း စိုက်ပျိုးမှုများကို နတ်မောက်မြို့ ပေါ်ရှိ ကျောင်းများနှင့် ကျေးရွာကျောင်းများတွင်လည်း စိုက်ပျိုးကြကြောင်း သိရသည်။ **လှဝင်း(iprd)**



ဆေးရုံသုံးပစ္စည်းလှူဒါန်း

ကြံခင်း ဇူလိုင် ၁၅

ရန်ကုန်မြို့ ဒဂုံအရှေ့စက်မှုဇုန် (၂) တိုင်တားမင်းကြီးလမ်း အမှတ် (၅၃)နေ ဦးတင့်နိုင်ထွန်း(မိတ္တာအောင်ကုမ္ပဏီလီမိတက်)- ဒေါ်အေးမြတ်မြတ်ခိုင် (ပန်းစံပါယ်အထည်ချုပ်စက်ရုံ)၊သား မောင်ပိုင်စိုးခန့် မိသားစုက ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ပြည်သူ့ဆေးရုံသို့ ဇူလိုင် ၁၃ ရက် နံနက် ၁၀ နာရီက ငွေကျပ်သုံးသိန်းခွဲတန် လူနာတင်တွန်းလှည်း တစ်စုံ၊ အလှူငွေကျပ် တစ်သိန်းနှင့် ဝတ်စုံ ၁၄ ထည်၊ သွေးကူညီမှု လူငယ်အဖွဲ့အား ဂျာစီအင်္ကျီအထည် ၁၀၀ကို ပေးအပ်လှူဒါန်းရာ မြို့နယ် ဆရာဝန်ဒေါက်တာဇော်အောင်က လက်ခံရယူကြောင်း သိရသည်။ **(အပေါ်ပုံ)**

(ဝ၆၉)

ပြည်ထောင်စုလွှတ်တော်နာယကက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်နိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

ပြည်ထောင်စုလွှတ်တော်နာယကက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်း ဒိန်းမတ်နိုင်ငံသံအမတ်ကြီး **H.E.Mr. Mikael Hemniti Winther** အား ရင်းရင်းနှီးနှီးတွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၁၅

ပြည်ထောင်စုလွှတ်တော်နာယကက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဗန်ကောက်မြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်နိုင်ငံသံအမတ်ကြီး H.E.Mr. Mikael Hemniti Winther အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဒေါ်အေးအေးမူနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

❀ ***ကျော့ဖုံးမှ***

နာယကနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌများ၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံးနှင့် အမျိုးသားလွှတ်တော်ရုံးတို့မှ ဝန်ထမ်းများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် နိုင်ငံတော်ဩဝါဒါစရိယ ဈေးကုန်းကျောင်းတိုက်ဆရာတော်ထံမှ ပြည်ထောင်စုလွှတ်တော်နာယကနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့ အမှူးပြုသော ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော်၊ သံဃာတော်များက အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဈေးကုန်းကျောင်းတိုက်ဆရာတော်ထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အသိဉာဏ်ပစ္စည်းကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ နိုင်ငံတကာလက်တွေ့ဆောင်ရွက်မှုနှင့် တရားရုံးများ၏ အခန်းကဏ္ဍအလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၁၅

အမေရိကန်အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအေဂျင်စီ စီးပွားရေးပြုပြင်ပြောင်းလဲမှုနှင့် အာဆီယံပေါင်းစည်းရေးအစီအစဉ် (USAID-ERA)၊ အမေရိကန်မူပိုင်ခွင့်နှင့် ကုန်အမှတ်တံဆိပ်ရုံး(US-PTO)နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးတို့ ပူးပေါင်းစီစဉ်မှုဖြင့် "အသိဉာဏ်ပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ နိုင်ငံတကာ လက်တွေ့ဆောင်ရွက်မှုနှင့် တရားရုံးများ၏အခန်းကဏ္ဍ" အလုပ်ရုံဆွေးနွေးပွဲ (Workshop on International Best Practice for the Role of Courts to Protect Intellectual Property) ဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက နေပြည်တော် Royal Ace ဟိုတယ်၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးညွန့်က ယခုအခါ မြန်မာနိုင်ငံတွင် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်များနှင့် စပ်လျဉ်းသည့် ဥပဒေသစ်များ ရေးဆွဲပြဋ္ဌာန်းနိုင်ရန် စီစဉ်ဆောင်ရွက်လျက် ရှိပါကြောင်း၊ အသိဉာဏ်ပစ္စည်း အခွင့်အရေးများအား ကာကွယ်စောင့်ရှောက်ရာတွင် တရားရုံးများသည် အဓိကအခန်းကဏ္ဍမှပါဝင်လျက်ရှိပြီး ဤအလုပ်ရုံဆွေးနွေးပွဲမှ အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်အတည်ပြုဆောင်ရွက်ခြင်းဆိုင်ရာ အတွေ့အကြုံဗဟုသုတ များစွာရရှိမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးအောင်ဇော်သိန်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်အတည်ပြုဆောင်ရွက်ခြင်းနှင့် စပ်ဆိုင်သည့် ဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဧည့်သည်တော်များ၊ အမေရိကန်သံရုံး၊ USAID နှင့် US-PTO မှတာဝန်ရှိသူများ တက်ရောက်ကြသည်။

ယနေ့ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်တရား လွှတ်တော်တရားသူကြီးများ၊ ခရိုင်အဆင့်တရားသူကြီးများ၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံးမှ တရားရေးအရာရှိများနှင့် အသိဉာဏ်ပစ္စည်း မူပိုင်ခွင့် အတည်ပြုဆောင်ရွက်ခြင်းနှင့် စပ်ဆိုင်သည့် ဝန်ကြီးဌာနများမှ အရာရှိများ စုစုပေါင်း ၅၀ တက်ရောက်ကြပြီး အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၁၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ညှိနှိုင်းစည်းဝေး

တပ်ကုန်း ဇူလိုင် ၁၅

နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းညှိနှိုင်း အစည်းအဝေးနှင့် လူထုဗဟိုပြု စီမံကိန်းအကြောင်း ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားကို ဇူလိုင် ၁၅ ရက် နံနက် ၁၀ နာရီက အောင်ဆန်းခန်းမ၌ ကျင်းပရာ ရှေးဦးစွာ တပ်ကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ဦးက အမှာစကားပြောကြားပြီး မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးတင်ငွေက မိတ်ဆက်ရှင်းလင်းသည်။

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးလှခိုင်က စီမံကိန်းအကြောင်း ရှင်းလင်းပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ဒုတိယညွှန်ကြားရေးမှူးက ပြန်လည်ဖြေကြားသည်။ ယင်းနောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ဦးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကံစောလှိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ NGO များနှင့် မြို့နယ်စည်ပင်သာယာရေးကြီးကြပ်မှုကော်မတီများ တက်ရောက်ကြသည်။ **(လ/၀၃၆)**

ချင်းဒီမိုကရေစီအဖွဲ့ချုပ်ပါတီအား နိုင်ငံရေးပါတီအဖြစ်မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ်(၂၅/၂၀၁၆)
၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၄ ရက်
(၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်)

ချင်းဒီမိုကရေစီအဖွဲ့ချုပ်ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

အမှတ်(၁၀၉၇)၊ ပြည်ထောင်စုလမ်းမ (၄၅)ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ချင်းဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ** အား ၂၀၁၆ ခုနှစ် ဇူလိုင်လ ၁၅ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

ချင်းဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ၏ မှတ်ပုံတင်အမှတ်မှာ(၇၅)ဖြစ်ပါသည်။

အမိန့်အရ
(တင်ထွန်း)
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြုပြင်ပြောင်းလဲမှု တတိယအဆင့် အရှိန်အဟုန်မြှင့်တင်မှုရှင်းလင်း

လားရှိုး ဇူလိုင် ၁၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ တွဲဖက်ပြည်နယ်မီးသတ်ဦးစီးဌာနမှူး ရုံး၌ နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့် အရှိန်အဟုန်မြှင့်တင်မှု (Third Wave)လုပ်ငန်းစဉ်များအနက် လုပ်ငန်းစဉ်(၁)(က)တာဝန်သိမှု၊ တာဝန်ယူမှုဖြင့် ပေါင်းစပ်ညှိနှိုင်းခြင်းဆိုင်ရာ ထပ်ဆင့်ရှင်းလင်းပွဲ အခမ်းအနားနှင့် ဦး/ရေး/ထောက်လုပ်ငန်း ညှိနှိုင်းအစည်းအဝေး အခမ်းအနားကို ဇူလိုင် ၁၅ ရက် ၉ နာရီတွင် ကျင်းပခဲ့သည်။

ဆွေးနွေး

အခမ်းအနားတွင် ခေတ္တတွဲဖက်ပြည်နယ်မီးသတ်ဦးစီးဌာနမှူး ဦးစီးအရာရှိ ဦးကိုကိုဦးက အမှာစကား ပြောကြားရာ တက်ရောက်လာကြသော မြို့နယ်မီးသတ်ဦးစီးဌာနမှူးများ၊ မြို့နယ်မီးသတ်စခန်းတာဝန်ခံများမှ တစ်ဦးချင်းအလိုက် လိုအပ်သည်များကို ဆွေးနွေးတင်ပြခဲ့ကြကြောင်း သိရသည်။ **ဇော်လွင်(လားရှိုး)**

ပြည်ပပို့ကုန်အမယ်သစ်သီးနှံဖြစ်သည့် တစ်ဧက ပိဿာ ၃၀၀၀ အထက်ထွက်ရှိသည့် ပိန်းဥ၊ တစ်ဧက ပိဿာ ၃၀၀၀ အထက်ထွက်ရှိသည့် ကန်စွန်းဥနှင့် တစ်ဧက ပိဿာ ၂၀ ထွက်ရှိသည့် ကညွတ်သီးနှံ သိပ္ပံနည်းကျစိုက်နည်းစနစ်သင်တန်း

၁။ ဂျပန်နိုင်ငံနှင့် ကိုရီးယားနိုင်ငံများသို့တင်ပို့ရန် နိုင်ငံခြားဈေးကွက်ခိုင်မာသည့် အမယ်သစ်သီးနှံများဖြစ်သော **ပိန်းဥ၊ ကန်စွန်းဥ** နှင့်**ကညွတ်** သီးနှံများကို **ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး (One Village One Product)** စနစ်ဖြင့် သိပ္ပံနည်းကျ စိုက်နည်းစနစ်ကျင့်သုံး၍ စီးပွားဖြစ် စိုက်နည်းစနစ်သင်တန်းကို ဥတ္တရသီရိမြို့နယ် စက်စက်ယိုဆည်ရေသောက်စနစ်၊ ကိုးရွာသပြေကုန်းကျေးရွာ၊ ဧက ၉၀၀ စံပြ စိုက်ခင်းတွင် ဇူလိုင် ၂၆ ရက်မှစပြီး လက်တွေ့ပြသသင်တန်းပို့ချသွားမည်ဖြစ်ပါသည်။

၂။ သင်တန်းကာလမှာ နှစ်ရက်ကြာမြင့်မည်ဖြစ်ပြီး စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်သူလုပ်ငန်းရှင်များ၊ စိုက်ပျိုးလိုသည့်ဝါသနာရှင်များ မည်သူမဆို ပါဝင်တက်ရောက်နိုင်ပါသည်။ သင်တန်းကို အခမဲ့သင်ကြားပေးမည်ဖြစ်သည့်အပြင် မျိုးပင်နှင့်မျိုးဥများကိုလည်း နမူနာအခမဲ့ ဖြန့်ဖြူးပေးသွားမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ညွှန်ကြားရေးမှူးချုပ်၊ စိုက်ပျိုးရေးဦးစီးဌာန ဖုန်း-၀၆၇-၄၁၀၀၀၇ နှင့် ၀၆၇-၄၁၀၁၃၉ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

စိုက်ပျိုးရေးဦးစီးဌာန
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန



ဂါဇာပဋိပက္ခအဆုံးသတ်ရန် အီဂျစ်တင်ပြမှု အစ္စရေးလက်ခံကြောင်း အတည်ပြုပြောကြား

တဲလ်အဗစ် ဇူလိုင် ၁၅

အစ္စရေးက ဂါဇာကမ်းမြောင်ဒေသပဋိပက္ခအတွင်း အပစ်အခတ်ရပ်စဲရေး အီဂျစ်၏ တင်ပြချက်အပေါ် သဘောတူလက်ခံခဲ့သည်။

ဂါဇာကို ထိန်းချုပ်ထားသော ဟားမားစ်ကမူ အဆိုပါကိစ္စနှင့်ပတ်သက်၍ တရားဝင်တုံ့ပြန်ပြောဆိုခြင်းမရှိပေ။ သို့သော် အဆိုပါလက်နက်ကိုင်အဖွဲ့က လက်နက်ချရန် အစီအစဉ်တစ်ရပ်ကို ငြင်းဆိုလိုက်သည်။

အဆိုပါ ကမ်းလှမ်းတင်ပြချက်က နှစ်ဖက်စလုံးမှ အဆင့်မြင့်ကိုယ်စားလှယ်များ ကိုင်ရိုမြို့၌ အစည်းအဝေးများ ဆက်တိုက်ပြုလုပ်ခဲ့ပြီးနောက်ပိုင်း အပစ်အခတ်ရပ်စဲရန် စတင်တိုက်တွန်းလိုက်သည်။

အစ္စရေးဘက်သို့ စစ်သွေးကြွများ၏ ဒုံးကျည်များဖြင့် ပစ်ခတ်မှုရပ်တန့်ရန် အစ္စရေးတို့က ရှစ်ရက်ကြာလေကြောင်းတိုက်ခိုက်မှုများပြုလုပ်ခဲ့ရာ အနည်းဆုံးပြည်သူ ၁၉၂ ဦးသေဆုံးခဲ့ကြောင်း ပါလက်စတိုင်းတာဝန်ရှိသူများက ပြောသည်။

သေဆုံးသူ သုံးပုံနှစ်ပုံမှာ အရပ်သားများဖြစ်လိမ့်မည်ဟု ကုလသမဂ္ဂက ခန့်မှန်းထားသည်။ အဆိုပါ တိုက်ခိုက်မှုဖြစ်စဉ်အတွင်း ပါလက်စတိုင်း ၁၄၀၀ ဒဏ်ရာရရှိသွားခဲ့သည်။ အဆိုပါအပြန်အလှန်တိုက်ခိုက်မှု ဖြစ်ပွားစဉ်အတွင်း အစ္စရေးပြည်သူလေးဦး ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့သည်ဟု ဆိုသည်။

(ဘီဘီစီ)

မလေးရှားရေပိုင်နက်အတွင်း အင်ဒိုနီးရှားတရားမဝင် ရွှေ့ပြောင်းစက်လှေနစ်မြုပ်

ကွာလာလမ်ပူ ဇူလိုင် ၁၅

မလေးရှားနိုင်ငံ ကမ်းလွန်ပင်လယ်ပြင်၌ အင်ဒိုနီးရှားလူမျိုး တရားမဝင်ရွှေ့ပြောင်းလာသူများကို တင်ဆောင်လာသော စက်လှေတစ်စင်း အင်္ဂါနေ့နံနက်အစောပိုင်းက တိမ်းမှောက်ခဲ့ရာ နှစ်ဦးသေဆုံးပြီး ၁၉ ဦး ပျောက်ဆုံးနေဆဲဖြစ်ကြောင်း မလေးရှားနိုင်ငံပိုင်မီဒီယာက ဖော်ပြခဲ့သည်။

မီးသတ်နှင့်ကယ်ဆယ်ရေးလုပ်ငန်းမှ လက်ထောက်ညွှန်ကြားရေးမှူး Mohd Rizal က ၎င်းစက်လှေသည် မလေးရှားရေကြောင်းအေဂျင်စီသင်္ဘော နှင့်တိုက်မိကာ နစ်မြုပ်သွားခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးသေဆုံးခဲ့ပြီး အခြား ၆၀ ကို ကယ်ဆယ်ရေးအဖွဲ့ဝင်များက ကယ်တင်နိုင်ခဲ့သည်။ ၁၀ ဦးမှာ ဒဏ်ရာများရရှိခဲ့သဖြင့် ဆေးရုံသို့ပို့ဆောင်ထားရကြောင်း အခြား ၄၆ ဦးမှာ ဘေးအန္တရာယ်ကင်းရှင်းကြောင်း ၎င်းကထပ်လောင်းပြောကြားလိုက်သည်။

ကယ်ဆယ်ရေးတပ်ဖွဲ့ဝင် ၂၀ သည် ကျန်ရှိနေသော ခရီးသည်များကို ဆက်လက်ရှာဖွေနေဆဲဖြစ်သည်။

(ဆင်ဟွာ)

ယူကရိန်း စစ်ဘက်ပို့ဆောင်ရေး လေယာဉ် ပစ်ချခံရ

ကိယက်ဗ် ဇူလိုင် ၁၅

ယူကရိန်းစစ်ဘက်ပို့ဆောင်ရေးလေယာဉ်တစ်စင်း ရုရှားလိုလားသော ခွဲထွက်ရေးသမားများ တိုက်ခိုက်မှုအရှိန်မြင့်မားနေချိန် အရှေ့ပိုင်း၌ ပစ်ချခြင်းခံရကြောင်း ယူကရိန်းတာဝန်ရှိသူများက ပြောသည်။

An-26 လေယာဉ်သည် အမြင့်ပေ ၂၁၃၂၅ ပေမှ ပစ်ချခံရကြောင်း၎င်းတို့က ပြောသည်။

၎င်းလေယာဉ်သည် ပခုံးထမ်းလေယာဉ်ပစ်ဒုံးကျည်ထက် အားကောင်းသော ဒုံးကျည်ဖြင့် ပစ်မှတ်ထားပစ်ချခံရခြင်းဖြစ်ကြောင်း၊ ရုရှားဘက်မှ ပစ်ချခြင်းဖြစ်နိုင်ကြောင်း၊ လေယာဉ်အမှုထမ်းများ အသက်ရှင်ကျန်ရှိကြောင်း သတင်းများက ဖော်ပြသည်။

ရုရှားကမူ ယင်းကိစ္စအပေါ် မှတ်ချက်ပြုပြောဆိုခြင်းမရှိပေ။ နေတိုးအဖွဲ့ကမူ ယူကရိန်းနယ်စပ်အနီး ရုရှားစစ်တပ်မှ ဖွဲ့စည်းထားသော တပ်မှ ပစ်ချခြင်းဖြစ်နိုင်ကြောင်း သတင်းပေးပို့ခဲ့သည်။

(ဘီဘီစီ)

ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ရာထူးမှနုတ်ထွက်

လန်ဒန် ဇူလိုင် ၁၅

ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဝီလျံဟိတ်သည် နိုင်ငံခြားရေးဝန်ကြီးအဖြစ်မှ နုတ်ထွက်ပြီး သာမန်ခေါင်းဆောင်အဖြစ်နှင့်သာ ဝန်ကြီးအဖွဲ့အတွင်း ဆက်လက်ရှိနေမည် ဖြစ်ကြောင်း ဝန်ကြီးချုပ်ရုံးက ပြောကြားလိုက်သည်။

မစ္စတာဟိတ်သည် မြောက်ရော့ရှိုင်းယားပြည်နယ် ရစ်ချ်မွန်းအမတ်အဖြစ် ၂၆ နှစ်တာ တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် ၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲအတွက် ပါလီမန်သို့ ထွက်ခွာလိမ့်မည်ဟု ဆိုသည်။ ယင်းမှာ ဗြိတိန်အစိုးရအတွင်း သိသာထင်ရှားသော အစိုးရအဖွဲ့ ဝန်ကြီးအဖွဲ့ အပြောင်းလဲဖြစ်ပြီး ကွန်ဆာဗေးတစ်အမတ်ကင်ကလပ်သည်လည်း ရာထူးမှ ဆင်းပေးမည်ဟု ဆိုသည်။ လက်ရှိ ကာကွယ်ရေးဝန်ကြီး ဖီးလစ်ဟမ်မွန်းအား မစ္စတာဟိတ်၏နေရာတွင် အစားထိုးခန့်ထားမည်ဖြစ်ကြောင်း ဝါရင့်ဝန်ကြီးများက ဘီဘီစီသို့ပြောသည်။

"ဝီလျံဟိတ်ဟာ ကွန်ဆာဗေးတစ်ပါတီရဲ့ ထိပ်တန်းပုဂ္ဂိုလ်တစ်ဦးပါ။ သူဟာပါတီရော အစိုးရမှာပါ ဦးဆောင်ခဲ့တဲ့သူတစ်ဦးဖြစ်ပါတယ်" ဟု ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းက ပြောသည်။

(ဘီဘီစီ)

ဖိလစ်ပိုင်နိုင်ငံသို့ အားပြင်းမုန်တိုင်းဝင်ရောက်ဖွယ်ရှိ

မနီလာ ဇူလိုင် ၁၅

ဖိလစ်ပိုင်နိုင်ငံ၌ ပြီးခဲ့သည့်နှစ်က မြို့တော်မနီလာဆီသို့ ဦးတည်ကာ တိုက်ခတ်ခဲ့သော ဟိုင်ယန်းတိုင်ဖွန်းမုန်တိုင်းပြီးနောက် ယခုတစ်ဖန်အားပြင်းတိုင်ဖွန်းမုန်တိုင်းတစ်ခု ထပ်မံဝင်ရောက်လာဖွယ်ရှိသဖြင့် ဖိလစ်ပိုင်နိုင်ငံအရှေ့ပိုင်းကမ်းရိုးတန်း ဇရိယာနေဒေသခံများအား အင်္ဂါနေ့က နေရာရွှေ့ပြောင်းပေးခဲ့ကြောင်းနှင့် အဓိကအန္တရာယ်စက်ကွင်းကျရောက်နိုင်သည့် လူဇုံကျွန်းတွင် ကျောင်းများပိတ်ပေးခြင်းနှင့် ကူးတို့ယာဉ်များကို ဆိုင်းငံ့ထားခြင်းတို့ပြုလုပ်ထားကြောင်း သိရသည်။ လေပြင်းတိုက်ခတ်မှုနှုန်း တစ်နာရီ ၉၃ မိုင်နှုန်းဖြင့် ရမ်မာဆွန်တိုင်ဖွန်းမုန်တိုင်းသည် အရှေ့ပိုင်းပြည်နယ် အယ်လ်ဘေးနှင့် ဆော်စိုဂွန်တို့တွင် နာရီပိုင်းအတွင်း ဝင်ရောက်ဖွယ်ရှိသည်ဟု ခန့်မှန်းထားသည်။

ရမ်မာဆွန်ဟု အမည်ပေးထားသော ၎င်းအပူပိုင်းမုန်တိုင်းသည် ဗဟိုချက်မှ ဘေးပတ်လည်မိုင် ၃၀၀ တွင်း မိုးသည်းထန်မှုများ ဖြစ်ပေါ်မည်ဟု ခန့်မှန်းရပြီး မုန်တိုင်းအဆင့်အတန်း(၁)မှ(၅)တွင် အမျိုးအစား(၁)ဖြစ်သည်။ ယခု မုန်တိုင်းသည် ယမန်နှစ် နိုဝင်ဘာက ဖိလစ်ပိုင်နိုင်ငံတွင်း တည့်တည့်ကိုဦးတည်ဝင်ရောက်ကာ မွှေနှောက်သွားသော စူပါတိုင်ဖွန်းအမျိုးအစား ၅ ခေါ် ဟိုင်ယန်းမုန်တိုင်းပြီး ထပ်မံခြိမ်းခြောက်လာသည့် အားပြင်းဆုံးမုန်တိုင်းတစ်ခုဖြစ်သည်။ အနည်းဆုံးလေးနှစ်တာ ကာလအတွင်း မနီလာမြို့တော်သို့ တည့်တည့်ကြီးဝင်ရောက်လာမည့် ပထမဆုံးမုန်တိုင်း တစ်ခုလည်းဖြစ်သည်။

ယမန်နှစ်က ဟိုင်ယန်မုန်တိုင်းဒဏ်အလူးအလဲကြုံတွေ့ခဲ့ရသည့် အရှေ့ပိုင်းပြည်နယ်များဖြစ်သော ဆာမားနှင့် လေးတီပြည်နယ်တို့၏ မြောက်ပိုင်းသို့ ဝင်ရောက်မည်ဟု ဆိုထားပြီး ဟိုင်ယန်အလွန် ပြန်လည်တည်ဆောက်ရေးရလဒ် မကောင်းသေးသဖြင့် ယင်းဒေသနေပြည်သူများသည် ကယ်ဆယ်ရေးမြို့များတွင် နေထိုင်နေရဆဲဖြစ်သည်။ သို့သော် ၎င်းဒေသခံများသည် လေပြင်းတိုက်ခတ်မှုနှင့် မိုးသည်းထန်စွာရွာသွန်းမှုဒဏ်ကိုမူ တွေ့ကြုံနေရဆဲဖြစ်သည်။ အယ်လ်ဘေးပြည်နယ်တွင်း ကမ်းရိုးတမ်းဒေသနှင့် မြေနိမ့်ပိုင်းနေပြည်သူများအား နေရာ ရွှေ့ပြောင်းနေထိုင်ကြရန် အမိန့်ထုတ်ထားပြီးဖြစ်သည်ဟု ယင်းပြည်နယ်၏ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

(ဆင်ဟွာ)

ထရီပိုလီလေဆိပ် တိုက်ခိုက်ခံရမှုဖြစ်ပွား

ထရီပိုလီ ဇူလိုင် ၁၅

လစ်ဗျားနိုင်ငံ၏ အဓိကလေဆိပ်ဖြစ်သော ထရီပိုလီအပြည်ပြည်ဆိုင်ရာလေဆိပ်ကို ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်ခံရပြီးနောက် ပိတ်ထားခဲ့ရကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။ ၎င်းတိုက်ခိုက်မှု၌ တစ်ဦးထက်မနည်း သေဆုံးခဲ့ပြီး ဒဏ်ရာရရှိသူခြောက်ဦးနှင့်လေယာဉ် ၁၂ စင်း ပျက်စီးသွားခဲ့သည်။ လစ်ဗျားအစိုးရအနေဖြင့် လုံခြုံရေးတိုးမြှင့်ချထားရန်အတွက် နိုင်ငံတကာတပ်ဖွဲ့ဝင်များကို အကူအညီတောင်းရန် စဉ်းစားကြောင်း အစိုးရဘက်မှ ပြောရေးဆိုခွင့်ရှိသူက သတင်းစာရှင်းလင်းပွဲ၌ ပြောခဲ့သည်။

လစ်ဗျားနိုင်ငံခေါင်းဆောင်များသည် ၂၀၁၁ ခုနှစ်က ကဒါဖီကို အာဏာမှ ဖယ်ရှားပြီးကတည်းက နိုင်ငံတည်ငြိမ်မှုရရှိရန် ကြိုးစားနေရသည်။ လေဆိပ်သည် Grad Rockets များအပါအဝင် ဒုံးကျည်များစွာဖြင့် တိုက်ခိုက်ခံခဲ့ရကြောင်း၊ လေဆိပ်လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးခဲ့ပြီး အခြားခြောက်ဦးဒဏ်ရာရရှိကာ ထိန်းချုပ်ရေးမျှော်စင်ကိုလည်း ဒုံးကျည်ထိမှန်ခဲ့ကြောင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက ဘီဘီစီသို့ ပြောခဲ့သည်။

လေဆိပ်မှ ထွက်ခွာမည့် လေယာဉ်များ၊ ဆိုက်ရောက်မည့်လေယာဉ်များကို အနည်းဆုံး ဗုဒ္ဓဟူးနေ့အထိ ရွှေ့ဆိုင်းထားခဲ့သည်။

အစိုးရ ပြောရေးဆိုခွင့်ရှိသူက လေဆိပ်ရှိ လေယာဉ်များ၏ ၉၀ ရာခိုင်နှုန်းခန့် ပျက်စီးခဲ့သည်ဟု ဆိုသည်။ လစ်ဗျားနိုင်ငံတွင်း အဆိုပါ တိုက်ခိုက်မှုများကြောင့် ဆုံးရှုံးရမှုတန်ဖိုးမှာ ဒေါ်လာသန်းပေါင်းများစွာ ရှိသည်ဟု ၎င်းကဖြည့်စွက်ပြောကြားသည်။

(ဘီဘီစီ)

နိုင်ငံတကာအားကစားသတင်း

မက်ဆီမပါတဲ့ ကမ္ဘာ့ဖလား All Star အသင်း

မိုးမြင့်လင်းလက်

၂၀၁၄ ကမ္ဘာ့ဖလားပွဲက ပြီးဆုံးခဲ့ပြီ။ အုပ်စုပွဲစဉ်တွေ တစ်ပွဲချင်းအလိုက် ကစားသမားများကို မှတ်တမ်းတင်ခဲ့တဲ့ကတ်စ်တိုလ်ရဲ့ အချက်အလက်တွေအပေါ် အခြေပြုပြီး ကမ္ဘာ့ဖလားပွဲရဲ့ အကောင်းဆုံးဘောလုံးသမားများပါဝင်တဲ့ All Star အသင်းကို ရွေးချယ်ခဲ့ရာမှာ အာဂျင်တီးနားတိုက်စစ်မှူးမက်ဆီ ပါဝင်ခြင်းမရှိခဲ့ပါဘူး။

အဲဒီ ၂၀၁၄ ကမ္ဘာ့ဖလားပွဲရဲ့ All Star အသင်းအတွက် ရွေးချယ်ခဲ့ရာမှာ ဘရာဇီး၊ ဂျာမနီ၊ ဟော်လန်၊ အာဂျင်တီးနားနဲ့ ကိုလံဘီယာအသင်းတွေက ကစားသမားတွေ ရွေးချယ်ဖော်ပြခံရပေမယ့် ၂၀၁၄ ကမ္ဘာ့ဖလားပွဲမှာ အကောင်းဆုံးဘောလုံးသမားဆုရတဲ့မက်ဆီကတော့ မပါဝင်ခဲ့ပါဘူး။

နေရာအလိုက်ကစားသမားများကို ရွေးချယ်တဲ့အခါ သူတို့တစ်ဦးချင်းရဲ့စွမ်းဆောင်ရည်၊ ကစားဖော်တွေကို ပံ့ပိုးနိုင်မှုနဲ့ အသင်းရလဒ်ကောင်းအောင် ကြိုးစားနိုင်မှုတွေအပေါ် သုံးသပ်စိစစ်ပြီး ရွေးချယ်ခဲ့တာ ဖြစ်ပါတယ်။ All Star အသင်းရဲ့ စွမ်းဆောင်မှု အကောင်းဆုံးဘောလုံးသမားကတော့ ဂျာမနီကွင်းလယ်ကစားသမားတိုနီခရူးစ်ပဲ ဖြစ်ပါတယ်။

ရွေးချယ်ဖော်ပြလိုက်တဲ့ All Star အသင်းမှာ **ဂိုး**-နူအာ(ဂျာမနီ)၊ **နောက်တန်း**-ရိုဟို(အာဂျင်တီးနား)၊ ဟမ်းမဲလ်(ဂျာမနီ)၊ သီယာဂိုဆေးလ်ဗား(ဘရာဇီး)၊ ဒီဗရိုင်း(ဟော်လန်)၊ **အလယ်တန်း**-အော်စကာ(ဘရာဇီး)၊ တိုနီခရူးစ် (ဂျာမနီ)၊ ဖိလစ်လမ်း (ဂျာမနီ)၊ဂျိမ်းရိုဒရီဂွက်ဇ်(ကိုလံဘီယာ)၊ နဲ့ **ရှေ့တန်း**- ရော်ဘင် (ဟော်လန်)၊ သောမတ်မူလာ(ဂျာမနီ)တို့ပဲ ဖြစ်ပါတယ်။

ဒီလို All Star အသင်းမှာ ရွေးချယ် ဖော်ပြခြင်း မခံရတာနဲ့ ပတ်သက်ပြီး "ဒါတွေအလေးထားဖို့ ကျွန်တော့်မှာ အချိန်မရှိပါဘူး။ အာဂျင်တီးနားအသင်းအတွက် ကျွန်တော်အကောင်းဆုံး အကျိုးပြုခဲ့တယ်။ ကျွန်တော် တာဝန်ကျေအောင် ကြိုးစားခဲ့တာပါ။ ချန်ပီယံမဖြစ်ခဲ့တာမို့ ဝမ်းနည်းရပါတယ်"လို့ မက်ဆီက ပြောကြားခဲ့ပါတယ်။ မက်ဆီဟာ လောလောဆယ်မှာ အနားယူနေပြီး ဘာစီလိုနာအသင်းကို လီဗာပူးတိုက်စစ်မှူး ဆွာရက်ဇ် ရောက်ရှိလာပေမယ့် လက်တွဲကြိုးစားသွားမယ်လို့ ဆိုပါတယ်။ ဘယ်အသင်းမှ မပြောင်းရွှေ့ပါဘူး။ ဘာစီလိုနာမှာသာ ကစားသွားဖို့ဆုံးဖြတ်ထားပါတယ်လို့ မက်ဆီက ပြောပါတယ်။ ။

ကလပ်ခြေစမ်းပွဲစဉ်များ

သီဟ

နိုင်ငံတကာ ကလပ်ခြေစမ်းပွဲ			ဇူလိုင် ၁၆/၁၇
၁၈၆၀မန်ချန်	-	မိုချန်ဂလာဘတ်	ည ၉း၃၀
ဟော်ဖန်ဟိမ်း	-	ဝေါဒေါ့ဖ်	ည ၁၀း၃၀
ဘရိုဟန်ဘီ	-	လီဗာပူး	ည ၁၀း၃၀
အော်ဇာရီ	-	ရိမ်းစ်	ည ၁၀း၃၀
အီဗီယန်	-	ရှက်တာဒိုးနက်	ည ၁၁း၀၀
ဗန်လို	-	ပေါ်တို	ည ၁၁း၀၀
တူးလော့စ်	-	အဂျာစီယို	ည ၁၁း၃၀
ရမ်လင်ဂန်	-	ဟန်နိုဗာ	ည ၁၁း၃၀
နန့်တက်စ်	-	အန်ဂါးစ်	ည ၁၁း၃၀
ကော့လန်ဇ်	-	ကိုလုံး	ည ၁၁း၃၀
အမ်မန်	-	ဗီယင်န	ည ၁၁း၃၀
ဂရေဇာ	-	ပဲလေ့စ်	ည ၁၁း၃၀
ဘော်ဒိုး	-	CSKA မော်စကို	ည ၁၁း၃၀
လူဆီနာ	-	မစ်ဒယ်ဘရော့	ည ၁၁း၃၀
ဂျန့်	-	စိန့်အက်တီယန်	နံနက် ၁း၀၀
ဖော်ဖား	-	ဒန်ဒီယူနိုက်တက်	နံနက် ၁း၀၀
အစ်ဆွစ်ချ်	-	ဝက်စ်ဟမ်း	နံနက် ၁း၁၅
ဝမ်ဒါရာစ်	-	ချယ်လ်ဆီး	နံနက် ၁း၁၅
ဂတ်ဒါလာဂျာရာ	-	ဆွမ်ဆီး	နံနက် ၃း၃၀

ဂျိုအာချင်လို၏ အံ့ဖွယ်လူကလေးဂေါ့ဇီ

အာကာကျော်

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကတော့ ပြီးခဲ့ပါပြီ။ ဒါပေမယ့်လည်း ဂျာမနီဘောလုံးသမိုင်းကို ပြောင်းလဲနိုင်ခဲ့တဲ့ ဂေါ့ဇီရဲ့ သမိုင်းကြောင်းကတော့ ဂျာမနီပရိသတ်တွေကြားထဲမှာ ရေပန်းစားနေဆဲပါ။ သူဟာ ဂျာမနီနဲ့ အာဂျင်တီးနားတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာ တစ်လုံးတည်းသော အနိုင်ဂိုးသွင်းပေးပြီး နိုင်ငံအတွက် ဖလားဆွတ်ခူးပေးခဲ့သူ ဖြစ်ပါတယ်။

ဂျာမနီအသင်းနည်းပြ ဂျိုအာချင်လိုက သူ့ကို အလွန်ချီးကျူးနေတာပါ။ လူစားအဖြစ် ဝင်ကစားခဲ့တဲ့ ဂေါ့ဇီဟာ မက်ဆီထက်တောင်ကောင်းတယ်ဆိုပဲ။ တကယ်တော့လည်း ချီးကျူးလောက်ပါတယ်။ သူသွင်းသွားတဲ့ တစ်လုံးတည်းသောဂိုးဟာ အလွန်လှပတဲ့ဂိုးပါ။ အချိန်ပိုကစားချိန် ပွဲပြီးဖို့ ခုနစ်မိနစ်အလိုမှာ ရှာရယ်ရဲ့ ဘယ်တောင်ပံက ဖြတ်တင်ပို့လိုက်တဲ့ဘောလုံးကို ရင်ဘတ်နဲ့တားပြီး လှလှပပကန်သွင်းခဲ့တာပါ။ ဒါကြောင့်လည်း နည်းပြဂျိုအာချင်လိုက သူ့ကိုအံ့ဖွယ်လူကလေး ဂေါ့ဇီလို့ ချီးကျူးစကားဆိုလိုက်ပါတယ်။

"ကျွန်တော် ဒီဂိုးကို သွင်းလိုက်တဲ့အချိန်မှာ ကျွန်တော့်ကို ကျွန်တော် မယုံကြည်နိုင်လောက်အောင် ဖြစ်ခဲ့ရပါတယ်။ အတော်လေးကို ဝမ်းသာမိပါတယ်"လို့ အသက် ၂၂ နှစ်အရွယ်ရှိ ဂေါ့ဇီက ဆိုပါတယ်။

သူဟာ ကမ္ဘာ့ဖလားဆိုလို့ ဒီကမ္ဘာ့ဖလားမှ စတင်ကစားခဲ့တာပါ။ ဒါတောင်သူ့ကို အရန်ပဲထည့်သုံးခဲ့တာပါ။ နာမည်ကြီး တိုက်စစ်မှူး ကလိုဆေး အမောဆိုက်နေလို့ ပွဲချိန် ၈၈ မိနစ်ရောက်မှ ကစားခွင့်ရခဲ့တာပါ။ ဘိုင်ယန်မြူးနစ်ကွင်းလယ်ကစားသမားလေး ဂေါ့ဇီကတော့ တကယ့်အံ့ဖွယ်ဂိုးကို သွင်းယူခဲ့သူပါ။ ဂျာမနီတိုက်စစ်မှူးတွေ တစ်ချိန်လုံး အပြင်းအထန်တိုက်စစ်ဆင်နေပေမယ့် ဂိုးအဖြစ်မပြောင်းနိုင်ခဲ့ပါဘူး။ သူဟာ နေရာမျိုးစုံက ကစားနိုင်တဲ့ ဘက်စုံကစားသမားလို့လည်း နည်းပြဂျိုအာချင်လိုက ဆိုပါတယ်။

သူဟာ ပြီးခဲ့တဲ့နွေရာသီက ဒေါ့မွန်အသင်းမှ ဘိုင်ယန်မြူးနစ်အသင်းသို့ ပေါင် ၃၁ ဒသမ ၅ သန်းနဲ့ ပြောင်းရွှေ့ခဲ့သူ ဖြစ်ပါတယ်။ သူ့ရဲ့ ပြောင်းရွှေ့ကြေးကို ကြည့်ခြင်းအားဖြင့် အရည်အချင်းရှိတဲ့ ကစားသမားကောင်းဆိုတာ ပြောစရာမလိုတော့ပါဘူး။

သူဟာ ဂျာမနီအသင်းကို အောင်မြင်တဲ့အသင်းဖြစ်စေချင်တာပါ။ အခုတော့ သူ့အိပ်မက်တွေကို အကောင်အထည်ဖော်လိုက်နိုင်ပါပြီ။ သူသွင်းတဲ့ဂိုးနဲ့ ဂျာမနီအသင်းကို စတုတ္ထအကြိမ်မြောက် ကမ္ဘာ့ဖလားဆွတ်ခူးပေးလိုက်နိုင်ပါပြီ။ ဒီအဖြစ်အပျက်က မယုံနိုင်စရာအဖြစ်အပျက်လို့ ပြောဆိုနေကြပါတယ်။ တကယ်တော်တဲ့ အံ့ဖွယ်လူကလေး ဂေါ့ဇီဖြစ်ပါတယ်တဲ့။ ။

ဘင်ဖီကာကစားသမား လီဗာပူးခေါ်ယူမည်

ဘင်ဖီကာအသင်းမှ ဆားဘီးယား တောင်ပံကစားသမား လာဇာမာကိုဗစ်ကို လီဗာပူးအသင်းက ခေါ်ယူရန် နီးစပ်နေပြီဖြစ်သည်။ မာကိုဗစ်၏ပြောင်းရွှေ့ကြေးကို ပေါင်သန်း ၂၀ ဖြင့် ခေါ်ယူဖွယ်ရှိသည်။ သူသည် နွေရာသီကာလအတွင်း လီဗာပူးက ခေါ်ယူခဲ့သည့် လေးဦးမြောက် ကစားသမား ဖြစ်လာဖွယ်ရှိသည်။

လီဗာပူးအသင်းသည် ဒိုင်ဗော့အိုရီဂီ၏ ဆုံးဖြတ်ချက်ကိုလည်း စောင့်ဆိုင်းလျက်ရှိသည်။ သူသည် အသက် ၁၉ နှစ်သာရှိပြီး ပြင်သစ်ကလပ် လိုင်လီအသင်းမှ ပြောင်းရွှေ့လာရန် သဘောတူထားသည်။ လီဗာပူးတိုက်စစ်မှူးတစ်ဦး ဖြစ်သည့် လာရီအက်စ်ပတ်သည် ဆီဗီလာသို့ ပြောင်းရွှေ့သွားခဲ့သည်။ ၎င်းနေရာတွင် အစားထိုးခေါ်ယူမည့် မာကိုဗစ်သည် ပြီးခဲ့သောရာသီက ဘင်ဖီကာအသင်းကို ပေါ်တူဂီဖလားဆွတ်ခူးပေးနိုင်ခဲ့သည်။

ကောင်းမြတ်သူ-ရေးသည်

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

ကျန်းမာရေးနှင့်တစ်ခါသုံးဆေးထိုးအပ်

ကိုကိုအောင်(ဆေးဝါး/စားကုန်)

လူသားတို့၏ ရောဂါကာကွယ်ရေးနှင့်ကုသရေးအတွက် ရှေးယခင်က သောက်ဆေး၊ လိမ်းဆေးနှင့်ရှူဆေးတို့ကိုအသုံးပြုကာကွယ်ကုသရာမှ နောက်ပိုင်းတွင် ခန္ဓာကိုယ်ပေါ်ရှိ ဆေးထည့်လိုသောနေရာကို ဓားဖြင့်ခွဲ၍ပြွန်ဖြင့် ဆေးရည်လောင်းထည့်ခြင်းဖြင့် အနာရောဂါအတွက် ပိုမိုထိရောက်လျင်မြန်သောကုသမှုကို လုပ်ဆောင်လာခဲ့ကြသည်။ ထိုသို့ပြွန်ဖြင့် ဆေးရည်လောင်းထည့်ခြင်းသည် ဆေးထိုးခြင်း၏ အစပင်ဖြစ်သည်။ ဆေးထိုးအပ် (Syringe) ဆိုသည်မှာ ဂရိစကား Syrinx မှ ဆင်းသက်လာခြင်းဖြစ်ပြီး ပြွန် (Tube) ဟု အဓိပ္ပာယ်ရပါသည်။

၁၈၄၄ ခုနှစ်တွင် အိုင်းရစ်သမားတော် Fraucis Ryrd က Hollow Needle ကို စတင်တီထွင်နိုင်ခဲ့ခြင်းသည် မျက်မှောက်ခေတ် ဆေးထိုးအပ်များ၏ အစပင်ဖြစ်သည်။ ၁၈၅၃ ခုနှစ်တွင် စကော့တလန်သမားတော် Alexander Wood နှင့် ပြင်သစ်သမားတော် Charles Pravaz တို့က ဆေးချိန်ကို တိကျစွာပေးနိုင်သည့် ကိုယ်ထည် စကေးပါရှိသော သတ္တုနှင့်ဖန် ဆက်စပ်ထားသည့် ဆေးထိုးအပ်နှင့် ဖန်ဆေးထိုးအပ်များကို တီထွင်ခဲ့သည်။ ခေတ်အဆက်ဆက်တွင်ပညာရှင်အသီးသီးမှ ဆေးထိုးအပ်များကို ပိုကောင်းမွန်အောင် အဆင့်ဆင့်တီထွင်ခဲ့ကြပေသည်။ သို့ရာတွင် ဖြုတ်၍တပ်၍ရသော ဆေးထိုးအပ်နှင့်ဆေးထိုးပြွန်တို့ကို လူနာသို့ဆေးမထိုးမီနှင့်ဆေးထိုးပြီးတွင် အန္တရာယ်ကင်းစေရန်အတွက် ရေနွေးငွေ့နှင့်ပြုတ်ခြင်း၊ ဖော့စ်၊ ဆပ်ပြာ၊ အရက်ပြန်စသည်တို့ကို အသုံးပြု၍ ဆေးကြောခြင်းဖြင့် ပိုးသတ်ကြရမြဲသာ ဖြစ်ပါသည်။ ကျန်းမာရေးစောင့်ရှောက်သူ ဆရာဝန်နှင့်သူနာပြုတို့သည် ဆေးထိုးအပ်တစ်ချောင်းတည်းနှင့် လူနာများစွာကို ဆေးထိုးကြရသဖြင့် လူနာသို့ ကူးစက်ရောဂါကူးစက်ခံရမှုများလည်း ရှိခဲ့ကြပါသည်။ ၁၉၆၀ ခုနှစ် မတိုင်မီအချိန်အထိ ဖန်ထည်ဆေးထိုးအပ်ကို ပိုမိုကောင်းမွန်အောင် တီထွင်လာခဲ့သော်လည်း ဆေးထိုးခြင်းကြောင့် ကူးစက်ရောဂါရရှိနိုင်သည့် အခြေအနေကို လျှော့ချနိုင်ခြင်း မရှိခဲ့ပေ။

၁၉၅၆ ခုနှစ်တွင် နယူးဇီလန်နိုင်ငံမှ ဆေးဝါးထုတ်လုပ်သူ Colin Murdoch သည် တစ်ခါသုံးဆေးထိုးအပ် (Disposable Syringe) ကို စတင်တီထွင်နိုင်ခဲ့ပြီး ၁၉၆၁ ခုနှစ်တွင် Becton Dickinson (BD) ကုမ္ပဏီသည် တစ်ခါသုံးဆေးထိုးအပ်ကို ကမ္ဘာသုံးအတိုင်းအတာအထိ တွင်ကျယ်စွာထုတ်လုပ်ဖြန့်ချိခဲ့သည်။ ယနေ့ခေတ် ဆေးဝါးကာကွယ်ကုသမှုများတွင် တစ်ခါသုံးဆေးထိုးအပ်ကို သုံးစွဲလာကြသဖြင့် ဆေးထိုးခြင်းကြောင့် ဖြစ်ပေါ်နိုင်သည့် ကူးစက်ရောဂါရရှိမှုများကို ရှောင်ရှားနိုင်ခဲ့ပါသည်။

တစ်ခါသုံးဆေးထိုးအပ် (Disposable Syringe) ကို ထုတ်လုပ်ရာတွင် ယေဘုယျအားဖြင့် Polypropylene ပလတ်စတစ်ကော်စေ့ကို ပလတ်စတစ်ပုံသွင်းစက်(Injection Moulding Machine)များဖြင့်ဆေးထိုးပြွန် (Barrel) နှင့်ထိုးတံ (Plunger) တို့ ပုံသွင်းထုတ်လုပ်ကာ ကျန်အစိတ်အပိုင်းများကို သီးခြားထုတ်လုပ်သော စက်ရုံများမှ မှာယူလေ့ရှိကြပါသည်။ တစ်ခါသုံးဆေးထိုးအပ်တစ်ချောင်းတွင် ပါဝင်တည်ဆောက်ထားသည့် အပ်ဖုံး (Needle Cap)၊ အပ် (Needle)၊ အမစွပ် (Hub)၊ အဖိုစွပ် (Nozzle)၊ ထုထည်အမှတ်အသား (Graduate Scale)၊ ဆေးထိုးပြွန် (Barrel)၊ ရော်ဘာစို့ (Rubber Gasket)၊ ထိုးတံ (Plunger) တို့ကို အစိတ်အပိုင်းတပ်ဆင်စက် (Assembling Machine) ဖြင့် တပ်ဆင်ကြရပါသည်။

တစ်ခါသုံးဆေးထိုးအပ်ထုတ်လုပ်မှုသည် စက်မှုနည်းပညာအဆင့်အတန်း အလယ်အလတ်အဆင့်သာရှိသည့် သာမန်ပလတ်စတစ်စက်ရုံများတွင် ထုတ်လုပ်နိုင်သည်ဟု ထင်မှတ်ရသော်လည်း လူ့အသက်ကိုရင်း၍ ကာကွယ်ကုသရမည့် ဆေးဝါးပစ္စည်းဖြစ်သဖြင့် ကောင်းမွန်သော ထုတ်လုပ်မှုနည်းစဉ် GMP (Good Manufacturing Practices for Pharmaceutical Products) ကို တိကျစွာလိုက်နာထုတ်လုပ်ပြီး ဘေးအန္တရာယ်ကင်းရှင်းမှု (Safety) နှင့် အရည်အသွေးပြည့်မီမှု (Quality) တို့ပြည့်စုံရန် အထူးလိုအပ်ပေသည်။ ထို့ကြောင့် တစ်ခါသုံးဆေးထိုးအပ် ထုတ်လုပ်မှုသည် ဆေးဝါးထုတ်လုပ်သည့်စက်ရုံများ၏ အဆင့်အတန်းနှင့် နည်းပညာလိုအပ်ချက်အတိုင်း နိုင်ငံတကာစံညွှန်းဖြင့် တိကျစွာထုတ်လုပ်ကြရပါသည်။

လူနာကုသရန်အတွက် ထိုးသွင်းမည့်ဆေးသည် အာနိသင်ရှိမှု (Efficacy)၊ ဘေးအန္တရာယ်ကင်းရှင်းမှု (Safety) နှင့် အရည်အသွေးပြည့်မီမှု (Quality) တို့ မည်မျှကောင်းမွန်သည်ဖြစ်စေ အသုံးပြုသည့်ဆေးထိုးအပ်သည် ဗက်တီးရီးယား၊ ဗိုင်းရပ်စ်နှင့် အမှုန်အမွှားလုံးဝကင်းစင်သော Sterile Product မဖြစ်ခဲ့လျှင် လူနာတွင် အခြားသောရောဂါဝေဒနာများတိုး၍ ဖြစ်ပွားနိုင်ပါသည်။ အဆိုးဆုံးအခြေအနေမှာ တစ်ခါသုံးဆေးထိုးအပ်၏ ဆေးထိုးပြွန် (Barrel) အတွင်းတွင် အကြောင်းအမျိုးမျိုးကြောင့် အမှုန်အမွှားတစ်စုံတစ်ရာပါရှိပါက ယင်းအမှုန်အမွှားသည် ထိုးသွင်းသည့် ဆေးနှင့်အတူ လူနာ၏သွေးကြောအတွင်းရောက်ရှိကာ အသက်ဆုံးရှုံးနိုင်ပါသည်။ ထို့ကြောင့် တစ်ခါသုံးဆေးထိုးအပ်ထုတ်လုပ်သူအနေဖြင့် စီးပွားရေးအရ တွက်ခြေကိုက်မှုတစ်ခုတည်းကိုသာ ရှေးရှုခြင်းမဟုတ်ဘဲ အသုံးပြုသည့် ကုန်ကြမ်းအားလုံးကို ဆေးဝါးပစ္စည်းများအတွက် သီးခြားထုတ်လုပ်ထားရှိသည့် Medical Grade ကုန်ကြမ်းများဖြင့်သာ ထုတ်လုပ်ရန်လိုအပ်ပါသည်။

ကျန်းမာရေးစောင့်ရှောက်သူများအပါအဝင် ပြည်သူအားလုံးသည် တစ်ခါသုံးဆေးထိုးအပ်အသုံးပြုမည်ဆိုပါက မှန်ကန်စွာရွေးချယ်တတ်ရန် လိုအပ်ပါသည်။ ပြည်သူများအနေဖြင့် ဆေးဝါးနှင့်ဆေးပစ္စည်းမျိုးစုံထုတ်လုပ်ရာတွင် ကမ္ဘာ့အသိအမှတ်ပြု သို့မဟုတ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) အသိအမှတ်ပြုသည့် စက်မှုနိုင်ငံကြီးများ၏ ဆေးဝါးကုမ္ပဏီတံဆိပ်ဖြင့် ထုတ်လုပ်သည့်တစ်ခါသုံးဆေးထိုးအပ် (Branded Products) များကို ယုံကြည်စိတ်ချစွာသုံးစွဲနိုင်ပါသည်။ ထိုသို့မဟုတ်ပါက သက်ဆိုင်ရာနိုင်ငံများ၏ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးအဖွဲ့ (FDA)ကဲ့သို့ ကြီးကြပ်စစ်ဆေးရန် အလှမ်းမမီသည့် မိမိနိုင်ငံပြင်ပနယ်စပ်ဒေသများမှ ထုတ်လုပ်တင်သွင်းလာသော ဇာစ်မြစ်မသိရှိနိုင်သည့် တစ်ခါသုံးဆေးထိုးအပ်တံဆိပ်မျိုးစုံကို ဈေးနှုန်းသက်သာမှုတစ်ခုတည်းဖြင့် ဝယ်ယူအသုံးပြုရန်မသင့်ပါ။

မြန်မာနိုင်ငံတွင် စက်မှုဝန်ကြီးဌာန၊ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း၊ အမှတ်(၂)ဆေးဝါးစက်ရုံ(အင်ရောင်း)အား ကျောက်ဆည်မြို့နယ်အတွင်း တည်ထောင်၍ MYANMA PHARMACEUTICAL FACTORY KYAUKSE (MPF KYAUKSE) အမှတ်တံဆိပ်ဖြင့် မိမိနိုင်ငံသားများ ကျန်းမာရေးအတွက် ယုံကြည်စိတ်ချစွာအသုံးပြုနိုင်ရန် တစ်ခါသုံးဆေးထိုးအပ် Disposable Syringe များအား 3ml ဆေးထိုးအပ်၊ 5 ml ဆေးထိုးအပ်နှင့် 20ml ဆေးထိုးအပ်ဟူ၍ အရွယ်အစားသုံးမျိုးခွဲကာ ကမ္ဘာ့အဆင့်မီထုတ်လုပ်လျက်ရှိပါသည်။ ယင်းအမှတ် (၂)ဆေးဝါးစက်ရုံ(အင်ရောင်း)တွင်တစ်ခါသုံး ဆေးထိုးအပ်များသာမက ပြည်သူများ၏ရောဂါကာကွယ်ရေးအတွက် ထိုးဆေးမျိုးစုံ၊ သွေးကြောသွင်းဆေးရည်မျိုးစုံ၊ ဓာတ်ဆား၊ ဂလူးကို့စ်နှင့် တက်ထရာဆိုက်ကလင်းမျက်စဉ်းဆေးတောင့်တို့ကို ဆေးအမယ်ပေါင်း ၃၁ မျိုးခွဲ၍ ထုတ်လုပ်ဖြန့်ချိလျက်ရှိပါသည်။

MPF (Kyaukse)တစ်ခါသုံးဆေးထိုးအပ်ထုတ်လုပ်သည့် အဆောက်အအုံအား (WHO)၏ GMP Guide Line သတ်မှတ်ချက်အတိုင်း အနံ့အသက်ကင်းစင်ပြီး ကောင်းမွန်ကျယ်ဝန်းသန့်ရှင်းသော ပတ်ဝန်းကျင်တွင်

> **မိမိတို့ကျန်းမာရေးအတွက် ကာကွယ်ကုသရန် ဆေးထိုးရမည်ဆိုပါက ယုံကြည်စိတ်ချရသော တစ်ခါသုံးဆေးထိုးအပ်မျိုးကိုသာ ရွေးချယ်အသုံးပြု. . . .**

လုံလောက်သောအလင်းရောင်၊ လုံလောက်သောလေဝင်လေထွက်ရှိသည့် သီးခြားအဆောက်အအုံဖြင့်သာ ထုတ်လုပ်လျက်ရှိသည်။ အဆောက်အအုံအတွင်းရှိကြမ်းခင်း၊ နံရံ၊ မျက်နှာကြက်များကို အမှုန်အမွှားမထွက်စေရန်နှင့် အမှုန်အမွှားမကပ်နိုင်စေရန် တည်ဆောက်ထားရှိပြီး မျက်နှာပြင်ချောမွေ့စေရန် Epoxy Paint သုတ်လိမ်းထားရှိသည်။ အဆောက်အအုံအတွင်း၌ အထက်၊ အောက်၊ ဘေးနံထောင့်ချိုးများတွင် ပိုးမွှားများမခိုအောင်းနိုင်စေရန်နှင့် သန့်ရှင်းမှုလွယ်ကူစွာ ပြုလုပ်နိုင်ရန်အတွက် ထောင့်ချိုးနေရာများအား ထောင့်ကွေးပုံစံ (Curves)များ ပြုလုပ်ထားရှိပါသည်။

တစ်ခါသုံးဆေးထိုးအပ်ထုတ်လုပ်ရေးစက်များဖြစ်သည့် (Injection Moulding Machine၊ Printing Machine၊ Assembling Machine & Packing Machine)တို့ တပ်ဆင်ထားရှိသည့်အခန်းများအား ကမ္ဘာပေါ်တွင် အသန့်ရှင်းဆုံးအဆင့်ဖြစ်သည့် Cleaned Room များအဖြစ် အထောက်အကူပြုစက်ပစ္စည်း (Utility) များဖြင့် တပ်ဆင်တည်ဆောက်ထားရှိပါသည်။ တစ်ခါသုံးဆေးထိုးအပ်ထုတ်လုပ်သည့်အခန်းသန့်များအတွင်း၌ အလျား၊ အနံ၊ အမြင့် တစ်ပေပတ်လည်(1ft³) တွင် (0 .5um) ထက်ကြီးသောအမှုန်အမွှားများ(Particles)အရေအတွက် 10000 ထက်မပိုစေရန် ထိန်းချုပ်ထားရှိသည်။ အဆောက်အအုံအတွင်းသို့ ပြင်ပလေတိုက်ရိုက် ထိတွေ့ခြင်းမရှိစေရန်နှင့် အခန်းသန့်အတွင်း၌ အပူချိန်၊ စိုထိုင်းဆနှင့် သန့်ရှင်းမှုတို့ကိုသတ်မှတ်ချက်အတိုင်း ထိန်းချုပ်နိုင်ရန်နှင့် ပြင်ပလေထုထက် လေဖိအားများစေခြင်း (Positive Pressure)ရရှိစေရန်တို့အတွက် Heating Venlation & Air Conditioning (HVAC)System များတပ်ဆင်ထားရှိပါသည်။ အခန်းသန့်များအတွင်း အဝင်အထွက်ပြုလုပ်ရာတွင် သတ်မှတ်ထားသည့် Positive Pressure မလျော့စေရန်နှင့် အခန်းသန့်၏ ပြင်ပလေမဝင်စေရန် ကြားခံအကန့် (Air Lock)များတပ်ဆင်ထားရှိပြီး အခန်းသန့်များအတွင်းသို့ ဝင်/ထွက်ခွင့်ရှိသူ ထုတ်လုပ်ရေးဝန်ထမ်းများသာ အဝင်/အထွက် ပြုလုပ်ရသည်။ အခန်းသန့်များအတွင်းသို့ ဝင်/ထွက်ခွင့်ရှိသူများသည်လည်း တစ်ကိုယ်ရည်သန့်ရှင်းစင်ကြယ်ပြီးနောက် ပိုးသတ်ထားသောထုတ်လုပ်ရေးဝတ်စုံ (Clean Gown) ဝတ်ဆင် ပြီးမှ ဝင်/ထွက် ကြရပါသည်။

တစ်ခါသုံးဆေးထိုးအပ်ထုတ်လုပ်ရန်အတွက် အသုံးပြုသော ကုန်ကြမ်းများကို WHO အသိအမှတ်ပြု Certificate နှင့်သက်ဆိုင်ရာနိုင်ငံ FDA မှ ခွင့်ပြုထားသော ထုတ်လုပ်ရောင်းချမှုလိုင်စင်ရှိသူများဖြစ်သည့် Reliable Supplier ကုမ္ပဏီများထံမှသာ ပေးသွင်းစေပြီး ယင်း Supplier များမှ ကုန်ကြမ်းများ၏ COA (Certificate of Analysis)နှင့် ဆေးဝါးကုန်ကြမ်းနမူနာ (Buying Sample) များကို တစ်ခါသုံး ဆေးထိုးအပ်ထုတ်လုပ်သည့် စက်ရုံသို့ ပေးပို့စေကာ စက်ရုံ၏အရည်အသွေးစစ်ဆေးရေးနှင့် သုတေသနဓာတ်ခွဲခန်းတွင် စမ်းသပ်အောင်မြင်မှုရှိသည့်ကုန်ကြမ်းကိုသာ အသုံးပြုနိုင်ပါသည်။

တစ်ခါသုံးဆေးထိုးအပ်ထုတ်လုပ်သော ထုတ်လုပ်ရေးဝန်ထမ်းများသည် ဆေးဝါး ပညာရှင်၊ ဓာတုပညာရှင်၊ အဏုဇီဝ ပညာရှင်နှင့် အင်ဂျင်နီယာများ ပါဝင်ထုတ်လုပ်လျက်ရှိသည့်အပြင် ကူးစက်ရောဂါ၊ အရေပြားရောဂါနှင့် စိတ်ရောဂါကင်းရှင်းစေရန် နှစ်စဉ်နှစ်ပတ်လည်ဆေးစစ်အောင်မြင်သူများ ဖြစ်ရပါသည်။ ထုတ်လုပ်ရေးဝန်ထမ်းများသည် တာဝန်ထမ်းဆောင်စဉ်အတွင်း အမှုန်အမွှားနှင့် ချည်မျှင်စများ ကျွတ်ထွက်ခြင်းမရှိသည့် ပိုးသတ်ထားသော ထုတ်လုပ်ရေးဝတ်စုံ (Lint Free Clean Gown) များ ဝတ်ဆင်လုပ်ဆောင်ကြရပါသည်။

တစ်ခါသုံးဆေးထိုးအပ်ထုတ်လုပ်ရာတွင် ထုတ်လုပ်ပြီးသော ဆေးထိုးအပ်များအား ရေဖြင့်ဆေးကြောသန့်စင်ခြင်း ပြုလုပ်၍ မရပါ။ သို့ရာတွင် ထုတ်လုပ်ထားသည့် ဆေးထိုးအပ်များသည် ပိုးမွှားနှင့် အမှုန်အမွှားကင်းစင်သည့် ပိုးသတ်ထားသောပစ္စည်း (Sterile Products) များဖြစ်ရပါမည်။ MPF (Kyaukse) တစ်ခါသုံးဆေးထိုးအပ်များကို Ethylene Oxide (EO) Gas အသုံးပြု၍EO Sterilizer ဖြင့် ပေါင်းခံပိုးသတ်ထားပါသည်။

ထုတ်လုပ်ပြီး တစ်ခါသုံးဆေးထိုးအပ်ကို အထူးစီမံဖော်စပ်ထားသော ပလတ်စတစ်အိတ် Poly Ethylene / Poly Ethylene Terephthalate (PE/PET) Laminated Transparent Flim ဖြင့် လုံခြုံစွာ ထုပ်ပိုးထားရှိပါသည်။ (PE/ PET) ပလတ်စတစ်အိတ်ဖြင့် ထုပ်ပိုးရခြင်းမှာ သာမန်ပလတ်စတစ်အိတ်များသည် EO Gas ဖြင့် ဖြတ်သန်းနိုင်ခြင်းမရှိသဖြင့် အထူးစီမံဖော်စပ်ထားသည့် ပလတ်စတစ်အိတ် (Packing) များဖြင့် ထုပ်ပိုးထားခြင်းဖြစ်ပါသည်။ EO Gas သည် ပိုးသတ်နိုင်သော အာနိသင်ရှိသော်လည်း ဘေးထွက်ဆိုးကျိုး (Side Effect) မှာ လူ့ခန္ဓာကိုယ်သည် ယင်းဓာတ်ငွေ့မှတစ်ဆင့် ထွက်ပေါ်လာသော ဓာတ်ပေါင်းများနှင့် ကြိမ်ဖန်များစွာ တိုက်ရိုက်ထိတွေ့ပါက ကင်ဆာရောဂါဖြစ်စေနိုင်သဖြင့် တစ်ခါသုံး ဆေးထိုးအပ် အိတ်အတွင်း၌ EO Gas များ ကြွင်းကျန်နေခြင်း မရှိရန်လိုအပ်ပါသည်။ MPF (Kyaukse) တစ်ခါသုံးဆေးထိုးအပ်၏ PE/PET ပလတ်စတစ်အိတ်တွင် EO Gas များ လွယ်ကူစွာပြန်လည်ဖြတ်သန်းထွက်စေမည့် အထူးစက္ကူ (Medical Grade Paper Strip) တပ်ဆင်အသုံးပြုထားပါသည်။ ယင်းသို့ PE/PET ပလတ်စတစ်အိတ်တွင် Medical Grade Paper Strip ပါရှိ အသုံးပြုခြင်းအားဖြင့် EO Gas ဖြင့် ပိုးသတ်သည့်အခါတွင် Packing ပလတ်စတစ်အိတ်အတွင်းမှ EO Gas များကို EO Sterilizer မှ Vacuum စနစ်ဖြင့် စုပ်ထုတ်သန့်စင်စေရန် ဖြစ်ပါသည်။ Packing ပိတ် ပိုးသတ်ပြီး တစ်ခါသုံးဆေးထိုးအပ်များတွင် EO Gas လက်ကျန်ရှိ မရှိကိုလည်း ဓာတ်ငွေ့တိုင်းတာသောစက် (EO Gas Chromatography) ဖြင့် ထပ်မံတိုင်းတာစစ်ဆေးရပါသည်။ ထို့အပြင် ထုတ်လုပ်ပြီး တစ်ခါသုံးဆေးထိုးအပ်များအား ဗက်တီးရီးယားအသေအကျေအပိုင်းအစများကြောင့် လူကိုဥပဒ်ဖြစ်စေသည့် ပိုင်ရိုဂျင် (Pyrogen) နှင့် အဆိပ်အတောက် (Toxicity) ကင်းစင်ခြင်းကို အာမခံရန်အတွက် စမ်းသပ်စစ်ဆေးမှု (Microbiological Test) များ ပြုလုပ်ခြင်းဖြင့် သုံးစွဲသူများအား ယုံကြည်စိတ်ချဘေးကင်းစေပါသည်။

ဆေးဝါးဈေးကွက်အတွင်း အများဆုံးတွေ့ရှိရသည့် သာမန်ပလတ်စတစ်အိတ်များဖြင့် လှပစွာထုပ်ပိုးထားသော တစ်ခါသုံးဆေးထိုးအပ် Packing ပလတ်စတစ်အိတ်များသည် ပိုးသတ်သော Ethylene Oxide (EO) Gas ဖြတ်သန်းနိုင်ခြင်းမရှိသဖြင့် လုံခြုံစွာထုပ်ပိုးပြီးမှသာ EO Gas ဖြင့်ပေါင်း၍ ပိုးသတ်ရမည့်အစားထုပ်ပိုးခြင်းမပြုမီ ပိုးသတ်ပြီးမှထုပ်ပိုးပါက အမှုန်နှင့် ဗက်တီးရီးယား ပိုးမွှားကင်းစင်ကြောင်း အာမခံနိုင်ခြင်းမရှိပေ။ ထို့ထက်ပိုဆိုးသည်မှာ EO Gas သည် ဈေးနှုန်းကြီးမြင့်၍ ဝယ်ယူရရှိရန်ခက်ခဲသော ကန့်သတ်ပစ္စည်းဖြစ်သဖြင့် EO Gas ပေါင်းခံပိုးသတ်ခြင်းမပြုထားပါက သုံးစွဲရန်လုံးဝမသင့်သော တစ်ခါသုံးဆေးထိုးအပ်များသာဖြစ်ပါမည်။ MPF (Kyaukse) တစ်ခါသုံးဆေးထိုးအပ်များအား ထုပ်ပိုးမှုပုံစံအဖြစ် အတွဲလိုက်သယ်ယူနိုင်သော Blister Packing နှင့် ဆေးထိုးအပ်တစ်ချောင်းစီ ထုပ်ပိုးထားသော Ribbon Packing တို့ဖြင့် ထုပ်ပိုးထားရှိပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံသူ နိုင်ငံသားအပေါင်းသည် ကျန်းမာရေးနှင့် တစ်ခါသုံးဆေးထိုးအပ်၏ အခြေခံဗဟုသုတကို သိရှိနားလည်လာပြီးနောက် မိမိတို့ကျန်းမာရေးအတွက် ကာကွယ်ကုသရန် ဆေးထိုးရမည်ဆိုပါက ယုံကြည်စိတ်ချရသော တစ်ခါသုံးဆေးထိုးအပ်မျိုးကိုသာ ရွေးချယ်အသုံးပြုနိုင်ပါရန် ရေးသားတင်ပြလိုက်ရပါသည်။

အာဇာနည်နေ့အကြိုလှုပ်ရှားမှုများနှင့်အထိမ်းအမှတ်များ ကြိုတင်ပြင်ဆင်လျက်ရှိ

ပုသိမ် ဇူလိုင် ၁၅

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် တိုင်းဒေသကြီးအစိုးရ၏ ဦးဆောင်စီစဉ်မှုဖြင့် ၂၀၁၄ ခုနှစ် ဇူလိုင် ၁၉ ရက်တွင်ကျရောက်မည့်အာဇာနည်နေ့ အကြိုလှုပ်ရှားမှုနှင့်အထိမ်းအမှတ်အခမ်းအနားကို ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အာဇာနည်နေ့အကြို စာစီစာကုံးပြိုင်ပွဲကို ဇူလိုင် ၁၅ ရက် နံနက် ၉ နာရီတွင် အလက(၁)နှင့် ပုသိမ်တက္ကသိုလ်တွင်လည်းကောင်း၊ ကဗျာပြိုင်ပွဲကိုမွန်းလွဲ ၁ နာရီတွင် အလက(၁)နှင့် ပုသိမ်တက္ကသိုလ်တွင်လည်းကောင်း ကျင်းပရန်စီစဉ်လျက်ရှိသည်။

ထို့အပြင် ပြည်သူများ ဗဟုသုတရရှိရန်နှင့် ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် အာဇာနည်ခေါင်းဆောင်ကြီးများ၏ အတ္ထုပ္ပတ္တိများ၊ သမိုင်းဝင် ဆောင်ရွက်ချက်များကိုလည်း ပြခန်းများဖြင့် ဇူလိုင် ၁၇၊ ၁၈၊ ၁၉ ရက်များတွင် ကန်သုံးဆင့်ပြည်ထောင်စုကွင်း၌ ပြသရန်စီစဉ်လျက်ရှိသည်။

ဇူလိုင် ၁၉ ရက်တွင် ကျရောက်မည့် အာဇာနည်နေ့တွင်မြို့တော်ခန်းမ၌ ကျဆုံးသွားသောအာဇာနည်ခေါင်းဆောင်ကြီးများအားရည်စူး၍ သံဃာတော်အရှင်သူမြတ်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားဖြင့် အာဇာနည်ခေါင်းဆောင်ကြီးများအား လွမ်းသူ့ပန်းခွေချအလေးပြု ခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

တပ်မတော်အနေဖြင့် ဒေသခံပြည်သူများ ငြိမ်းချမ်းစွာနေထိုင်စားသောက်ပြီး လူမှုဘဝမြှင့်တင်ရေး အမြန်ဆုံးဆောင်ရွက်မည်

နေပြည်တော် ဇူလိုင် ၁၅

ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ လယ်ယာကဏ္ဍနှင့် သက်ဆိုင်သည့် မေးခွန်း(၂)ခုအပေါ် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ပထမမေးခွန်းဖြစ်သည့် ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင်၏ **တောင်သူ ပညာပေးစံပြစိုက်ကွက်မှ ထွက်ရှိသော အဆင့်မြင့် ထွက်တိုးမျိုးစပါးများကို မည်ကဲ့သို့ ဖြန့်ဖြူးနေခြင်းနှင့် မျိုးစပါးများကို စိုက်ပျိုး၍ ဖြစ်ထွန်းလာသော စပါးများကို အဝယ်ဒိုင်များဖွင့်၍ စိုက်ပျိုးသူများ တွက်ခြေကိုက်သော နှုန်းထားဖြင့် ဝယ်ရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ဒေသရေမြေနှင့်ကိုက်ညီသော အထွက်ကောင်းမျိုးသန့်မျိုးများကို ၂၀၁၃-၂၀၁၄ ခုနှစ်တွင် နှစ်စဉ်ဌာနပိုင်ခြံများ၊ မျိုးသန့်စံပြရွာများ၊ အကျိုးဆောင် တောင်သူများနှင့် ပုဂ္ဂလိက စိုက်ပျိုးရေးကုမ္ပဏီများနှင့် ပူးပေါင်း၍ စုစုပေါင်း ဧက ၈၇၀၀၀ ကျော် စိုက်ပျိုးထုတ်လုပ်ခဲ့ပြီး မျိုးသန့်စပါးမျိုးများအဖြစ် တင်းခုနစ်သန်းကျော် ဧကပေါင်းလေးသန်းကျော်ကို တစ်နိုင်ငံလုံးရှိ တောင်သူများသို့ ဖြန့်ဖြူးပေးထားခဲ့ပါကြောင်း။

မျိုးစေ့ထုတ်စိုက်ခင်းများမှ ထွက်ရှိလာသော မျိုးကောင်းမျိုးသန့်များကို တောင်သူများ၏ လိုအပ်ချက်အရ ဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ စိုက်ပျိုး၍ ထွက်ရှိလာသောစပါးများကို နိုင်ငံတော်၏ ဈေးကွက်စီးပွားရေးစနစ်မူဝါဒအကောင်အထည်ဖော်လျက်ရှိပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် အဝယ်ဒိုင်များ ဖွင့်လှစ်၍ ဝယ်ယူရန် အစီအစဉ်မရှိပါကြောင်းနှင့် တောင်သူလယ်သမားများ ဈေးနှုန်းမှန်ကန်စွာရရှိရေးအတွက် ဆန်စပါး ရောင်းဝယ်ဖောက်ကားသော အသင်းအဖွဲ့များက ဝယ်ယူလျက်ရှိပါကြောင်းဖြင့် ရှင်းလင်း ဖြေကြားခဲ့သည်။

ဒုတိယမေးခွန်းဖြစ်သည့် မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း၏ **မြန်မာနိုင်ငံတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် စိုက်ပျိုးရေး ဇရိယာဒေသများအား ပျက်စီးထိခိုက်မှုမရှိအောင် မည်သို့ ကြိုတင်စီမံ ဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ရာသီဥတုပြောင်းလဲမှုကြောင့် မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် ရေကြီးနစ်မြုပ်ခြင်း၊ ရေကြီးနစ်မြုပ်မှုကဲ့သို့ သဘာဝဘေးအန္တရာယ် နှစ်စဉ်ကျရောက်မှုများတတ်သော မြို့နယ်များ၌ ဒေသနှင့်ကိုက်ညီသော အရန်မျိုးများ၊ အရန်ပျိုးများ ကြိုတင်ပြင်ဆင်ထားရှိရန် နှိုးဆော်ချက်များ ထုတ်ပြန်ဆောင်ရွက်ထားပါကြောင်း။

ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွန့် ရှင်းလင်းဆွေးနွေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အစိုးရအနေဖြင့် ယခုအခါ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ပြဋ္ဌာန်းပြီး နည်းဥပဒေများကိုလည်း ရေးဆွဲလျက်ရှိပါကြောင်း၊ အခက်အခဲများကြုံတွေ့ရသော တောင်သူလယ်သမားများအတွက် အရေးပေါ်စိုက်ပျိုးသီးနှံမျိုးစေ့လိုအပ်ချက်နှင့်အရေးပေါ်အကူအညီနှင့် ရန်ပုံငွေလိုအပ်ချက်များကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများမှ တင်ပြတောင်းခံလာပါက ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်သမ္မတ၏ အရေးပေါ်သီးသန့် ရန်ပုံငွေမှ ခွင့်ပြုပေးနိုင်ရေး ထောက်ခံတင်ပြပေးပြီး ရန်ပုံငွေလိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် သမားရိုးကျလက်မှုလယ်ယာစနစ်မှ လယ်ယာသုံး စက်ကိရိယာများသုံးစွဲ၍ စက်မှုလယ်ယာစနစ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ထွန်စက်ကြီး ၁၂၀၀၀ ကျော် လက်တွန်းထွန်စက် ၂၅၀၀၀၀ ကျော် တိုးတက်လာမှုရှိနေပြီဖြစ်ပါကြောင်း၊ ရာသီဥတု ဖောက်ပြန်မှုကြောင့် ပျက်စီးဆုံးရှုံးခြင်းမှ ကျော်လွှားနိုင်ရန်နှင့် သမားရိုးကျလယ်ယာမြေများအား စက်မှုလယ်ယာစနစ်ကျလယ်ယာမြေများအဖြစ် ဖော်ထုတ်ပေးလျက်ရှိပါကြောင်း၊ ရေကြီးနစ်မြုပ်သော မြန်မာနိုင်ငံအောက်ပိုင်းဒေသရှိ ချောင်းကော၊ မြောင်းကောများအား နှစ်စဉ်တူးဖော်ပေးပြီး တာတမံများ၊ ရေထိန်းတံခါးများပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများကို လျာထားဆောင်ရွက်လျက်ရှိပါကြောင်း။

အောက်မြန်မာပြည် ရေကြီးနစ်မြုပ်မှု လျော့နည်းစေရန်အတွက် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရေဘေးကာကွယ်ရေးတာ၊ ရေငန်တားတာ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် စိုက်ပျိုးရေးနှင့်သောက်သုံးရေရရှိရေးအတွက် ဆည်တမံများနှင့် ဆည်ရေသောက်စနစ်များ၊ ဆည်ကန်ငယ်များပြုပြင်ပေးခြင်းကို ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်း ဖြေကြားခဲ့သည်။

ယနေ့ အစည်းအဝေးတွင် ကျေးသီးမဲဆန္ဒနယ်မှ ဦးစိုင်းအွမ်ဆိုင်မိုင်းက ရှမ်းပြည်နယ် လွိုင်လင်ခရိုင် ကျေးသီးမြို့နယ်အတွင်းရှိ စစ်ကြောင်းများနှင့် SSPP/SSA တို့၏ စစ်ရေးလှုပ်ရှားမှုများကြောင့် ဒေသခံပြည်သူများသည် မိမိ၏ကျေးရွာတွင် လုံခြုံမှုမရှိတော့သဖြင့် စစ်ဘေးရှောင်ပြည်သူများအဖြစ် စားဝတ်နေရေးအခက်အခဲ၊ ကျန်းမာရေးအခက်အခဲ၊ ပညာရေးအခက်အခဲနှင့် စိုက်ပျိုးရာသီကာလဖြစ်သည်နှင့်အညီ စိုက်ပျိုးလုပ်ကိုင်ရန် အခက်အခဲဒုက္ခအမျိုးမျိုးကြုံတွေ့နေရ၍ နီးစပ်ရာ ဝမ်ဝပ်ဘုန်းကြီးကျောင်းသို့ သွားရောက်ခိုလှုံနေကြရပါကြောင်း၊ ဝမ်ဝပ်ကျေးရွာအုပ်စု တာဖာဆောင် တံတားပတ်ဝန်းကျင်ရှိ ဝမ်ဝပ်ကျေးရွာ၊ ဖာဆောင်ကျေးရွာ၊ ငူးလိန်ကျေးရွာ၊ လွယ်ခါ်ကျေးရွာရှိ ဒေသခံပြည်သူများသည် စစ်ဘေးရှောင်ဒုက္ခသည်များအဖြစ် ရဟန်းသံဃာတော်များ ၅၂ ပါးနှင့် ဒေသခံ စစ်ဘေးရှောင်ဒုက္ခသည် ၂၀၀ ကျော်ရှိနေပြီဖြစ်သည့်အတွက် ကာလရှည်ကြာသွားလျှင် စားဝတ်နေရေးလွန်စွာ အခက်အခဲဖြစ်လာမည်ဖြစ်ပါကြောင်း၊ မိုးရာသီကာလဖြစ်သည့်အလျောက် ဝမ်းပျက်၊ ဝမ်းလျှောရောဂါများကြောင့် ကျန်းမာရေးစောင့်ရှောက်မှုများလည်း အမှန်တကယ်လိုအပ်လာမည်ဖြစ်ပါသောကြောင့် **"စိုက်ပျိုးရာသီကာလဖြစ်သည်နှင့်အညီ စိုက်ပျိုးလုပ်ကိုင်ရန် ကျေးလက်ဒေသခံပြည်သူများ ဒုက္ခရောက်စေသော စစ်ရေးလှုပ်ရှားမှုများ အမြန်ဆုံး ရပ်တန့်ပေးနိုင်ပါရန်နှင့် ယင်းစစ်ရေး လှုပ်ရှားမှုများကြောင့် ဒုက္ခအခက်အခဲရောက်နေကြရသော ကျေးသီးမြို့နယ် ဝမ်ဝပ်ကျေးရွာအုပ်စုမှ စစ်ဘေးရှောင်တိုင်းရင်းသားများ အေးချမ်းစွာ ပြန်လည်နေထိုင်လုပ်ကိုင်စားသောက် နေထိုင်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အမြန်ဆုံး ကူညီဖြေရှင်းဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အရေးကြီးအဆိုကို တင်သွင်းခဲ့သည်။

ကျေးသီးမဲဆန္ဒနယ်မှ ဦးစိုင်းအွမ်ဆိုင်မိုင်း အရေးကြီးအဆို တင်သွင်းစဉ်။ (သတင်းစဉ်)

ယင်းအဆိုနှင့် စပ်လျဉ်း၍ ကွမ်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနုက ထောက်ခံဆွေးနွေးခဲ့ပြီး ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်က အရေးကြီးအဆိုအား မှတ်တမ်းတင်ထားရှိပါရန် ဆွေးနွေးခဲ့သည်။

ယင်း အရေးကြီးအဆိုနှင့် စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွန့်က ပြန်လည်ရှင်းလင်း ဆွေးနွေးရာတွင် ယခုတင်ပြသည့် ကိစ္စရပ်နှင့်စပ်လျဉ်း၍ တပ်မတော်အကြီးအကဲအနေဖြင့်လည်း ဒေသတွင်း ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး အလေးထား ဆောင်ရွက်နေပါကြောင်း၊ ငြိမ်းချမ်းမှုမရှိသော နယ်မြေများတွင် တပ်မတော်နှင့် လက်နက်ကိုင်အုပ်စုအကြား ဖြစ်ပွားသည့် တိုက်ပွဲများကြောင့် ပြည်သူလူထုမှာ စစ်ဒဏ်သင့်ပြီး မြေစာပင်ဖြစ်ကြရသည်ကို နားလည်သဘောပေါက်ပါကြောင်း၊ ယခုလို တင်ပြမှုနှင့်ပတ်သက်ပြီး မျက်ခြည်မပြတ် စောင့်ကြည့်ပြီး ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ငြိမ်းချမ်းစေချင်သည့် ဆန္ဒမှာ တပ်မတော်အကြီးအကဲ၏ စိတ်ထဲတွင်သာ ရှိသည်မဟုတ်ဘဲ တပ်မတော်အရာရှိစစ်သည်များ၏ နှလုံးသားတွင်လည်း ငြိမ်းချမ်းရေးပုံရိပ်များ စွဲထင်နေပါကြောင်း၊ တစ်နိုင်ငံလုံးရှိ ပြည်သူများ၏ ရင်ထဲတွင်လည်း ငြိမ်းချမ်းရေးကို တောင်းဆိုနေပါကြောင်း၊ ငြိမ်းချမ်းရေး အစစ်အမှန်ရရှိမှသာ နိုင်ငံတော်အနေဖြင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်နိုင်မှာဖြစ်ပြီး တိုင်းပြည်၏ကြွယ်ဝချမ်းသာမှုရရှိစေမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများကို ငြိမ်းချမ်းရေး ဖိတ်ခေါ်ခဲ့သလို တပ်မတော်အနေဖြင့်လည်း ငြိမ်းချမ်းရေးဗဟိုကော်မတီတွင်လည်းကောင်း၊ လုပ်ငန်းကော်မတီတွင်လည်းကောင်း တက်တက်ကြွကြွ ဆောင်ရွက်လျက်ရှိပါကြောင်း၊ တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးဆောင်ရွက်ရာတွင် မူ(၆)ရပ်ချမှတ်ပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒေသတည်ငြိမ်အေးချမ်းပြီး အမှန်တကယ် ဖွံ့ဖြိုးတိုးတက်ရန် ဆန္ဒရှိပါက မူ(၆)ရပ်ကို လေးစားဆောင်ရွက်သွားရန်လိုပါကြောင်း၊ ငြိမ်းချမ်းရေးအဟန့်အတားဖြစ်စေမည့် ဖြစ်စဉ်ဖြစ်ရပ်များကို မဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ယခုကိုယ်စားလှယ်တင်ပြသည့်နယ်မြေမှာ တပ်မတော်စစ်ကြောင်းများ နယ်မြေစိုးမိုးရေး ဆောင်ရွက်သည့် နယ်မြေဖြစ်ပါကြောင်း၊ SSA (ဝမ်ဟိုင်း)အဖွဲ့အနေဖြင့် သတ်မှတ်နယ်မြေအတွင်း နေထိုင်ရန်ဖြစ်သော်လည်း တပ်မတော်စစ်ကြောင်းနယ်မြေစိုးမိုးရေး နယ်မြေအတွင်းသို့ ဝင်ရောက်လာခြင်းဖြစ်ပါကြောင်း၊ ပြည်နယ်အဆင့် SSA (ဝမ်ဟိုင်း) အဖွဲ့နှင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲတွင် သဘောတူညီဆွေးနွေးချက်ရရှိထားသည့် အချက်များထဲမှ အချက်တစ်ချက်ဖြစ်သော နှစ်ဦးနှစ်ဖက် သဘောတူညီထားသော နယ်မြေမှအပ နယ်မြေကျော်လွန်လက်နက်ကိုင်ဆောင်မှုများကို နှစ်ဦးနှစ်ဖက် ကြိုတင်ညှိနှိုင်းပြီးမှ သွားရမည်ဆိုသည့်အချက်ကို လိုက်နာမှုမရှိဘဲ ၎င်းတို့ဌာနချုပ်နယ်မြေနှင့် မသက်ဆိုင်သောနေရာများသို့ ရောက်ရှိပြီး နယ်မြေစိုးမိုးရေး ဆောင်ရွက်နေသည့် နယ်မြေခံတပ်မတော် စစ်ကြောင်းများအား အလစ်အငိုက် တိုက်ခိုက်လာပြီး ယခင်ကလည်း ယင်းသို့ တိုက်ခိုက်မှုများရှိပါကြောင်း၊ SSA (ဝမ်ဟိုင်း) အဖွဲ့အနေဖြင့် နှစ်ဦးနှစ်ဖက် သဘောတူကတိကဝတ်များကို အကြိမ်ကြိမ် ဖောက်ဖျက်နေသော်လည်း တပ်မတော်အနေဖြင့် ဒေသခံတိုင်းရင်းသားများ ငြိမ်းချမ်းစွာနေထိုင်လုပ်ကိုင်စားသောက်ရေးနှင့် အေးချမ်းစွာ နေထိုင်နိုင်ရေးတို့အတွက် လောလောဆယ် စစ်ရေးနည်းလမ်းဖြင့် တုံ့ပြန်ခြင်းမရှိသေးဘဲ သတ်မှတ်ထားသည့်နေရာများသို့ ပြန်လည်ဆုတ်ခွာပေးရန် အကြောင်းကြားထားပြီးဖြစ်သည့်အပြင် လုံလောက်သော အချိန်ကာလလည်း ပေးထားပြီးဖြစ်ပါကြောင်း၊ ယင်းသို့အကြောင်းကြားထားသော်လည်းSSA(ဝမ်ဟိုင်း) အဖွဲ့အနေဖြင့် ငြိမ်းချမ်းစွာ ဖြေရှင်းလိုမှုမရှိဘဲ ဒေသခံတိုင်းရင်းသားအရေးကို ခုတုံးလုပ် အကာအကွယ်ရယူပြီး တစ်ဖက်လှည့်ဆောင်ရွက်လာခြင်းသာဖြစ်ပါကြောင်း၊ ၎င်းတို့၏ သတ်မှတ်နေရာသို့ ပြန်လည်နေထိုင်ပြီး သဘောတူညီချက်များကိုသာ လိုက်နာဆောင်ရွက်ပါက စစ်ရေးလှုပ်ရှားမှုများကြောင့် အခက်အခဲရောက်နေကြသော ဒေသခံရွာသားများအနေဖြင့် ၎င်းတို့၏ သက်ဆိုင်ရာဒေသများသို့ အချိန်မရွေး ပြန်လည်ဝင်ရောက်နိုင်မည်ဖြစ်ပြီး တပ်မတော်အနေဖြင့် ဒေသခံပြည်သူများအား လိုအပ်သည့် အကူအညီများပေးရန် အဆင်သင့်ရှိနေပါကြောင်း၊ ကိုယ်စားလှယ်တော်ကြီးတင်သွင်းသည့် အရေးကြီးအဆိုနှင့်ပတ်သက်၍ တပ်မတော်အနေဖြင့် ဒေသခံပြည်သူများငြိမ်းချမ်းစွာ နေထိုင်စားသောက်ပြီး လူမှုရေးဘဝမြှင့်တင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပြီး အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်း ဖြေကြားခဲ့သည်။

ယင်းအဆိုအား လွှတ်တော်က မှတ်တမ်းတင်ထားရှိရန် သဘောတူခဲ့သည်။

ယနေ့အစည်းအဝေးကိုမွန်းလွဲပိုင်းတွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်အစည်းအဝေး

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးဘေးအန္တရာယ်ကင်းရေး နှစ်အလိုက်လုပ်ငန်းစီမံချက်များ ရေးဆွဲထားပြီးဖြစ်

နေပြည်တော် ဇူလိုင် ၁၅

အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပပြီး လမ်း၊ တံတား၊ ဆောက်လုပ်ရေးနှင့် စည်ပင်သာယာရေးကဏ္ဍဆိုင်ရာ မေးခွန်းများ မေးမြန်းဖြေကြားခြင်းနှင့် ဥပဒေကြမ်းတစ်ခု အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမျိုးထွန်းအောင်၏ **"ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးအား ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် သွားလာနိုင်ရေးအတွက် လိုအပ်သော အဆင့်မြှင့်တင်မှုများ ပြုလုပ်သွားမည့်အစီအစဉ်ကို သိရှိလိုကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးကို အဆင့်မြှင့်တင်ပြုပြင်ခြင်း ဆောင်ရွက်ရန် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ၁၂ ဘီလီယံ ခွင့်ပြုရရှိခဲ့ပါကြောင်း၊ ရန်ကုန်-မန္တလေး အမြန်လမ်းအတွက် ခွင့်ပြုရန်ပုံငွေဖြင့် လျာထားချက်အတိုင်း ဆောင်ရွက်ခဲ့ရာ Concrete Barrier ၁၉၆၉၅ ခု ဆောင်ရွက်ခြင်း၊ ခြောက်ပေအမြင့် ခြံစည်းရိုး ၅ မိုင် ၄ ဖာလုံကာရံခြင်း၊ ကျေးရွာကုန်ထုတ်လမ်း ၄၀ မိုင် ၇ ဖာလုံ ဖောက်လုပ်ခြင်း၊ Guard Rail များတပ်ဆင်ခြင်း ၅၀ မိုင် ၄ ဖာလုံ၊ ကျောက်ရိုးစီမြေကာ နံရံ ပေ ၆၃၃၀ ပြုလုပ်ခြင်း၊ သတိပေး အချက်ပြမီး ၁၄၄ ခု တပ်ဆင်ခြင်း၊ ကူကွဲ-စကားအင်း-တံခွန်တိုင် လမ်းလယ်ကျွန်းကို Raised မှ Depress Medium သို့ ပြောင်းလဲ တည်ဆောက်ခြင်းနှင့် မြေသား တာပေါင်အခြေကို သတ်မှတ်ပုံစံအတိုင်း ပြန်လည်တည်ဆောက်ခြင်း ပေ ၄၉၀၈၀ နှင့် တံတား ငါးစင်း တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပြီးစီးခဲ့ပါကြောင်း။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းရေးအတွက် ယာဉ်ကြံ့ခိုင်မှုစစ်ဆေးခြင်း၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင်၊ လုပ်ငန်းလိုင်စင် စစ်ဆေးခြင်း၊ အရက်မူးတိုင်းကိရိယာဖြင့် စစ်ဆေးခြင်း၊ မီးသတ်ဆေးဘူးစစ်ဆေးခြင်း၊ တာယာကြံ့ခိုင်မှုစစ်ဆေးခြင်း၊ ယာဉ်အောက်ပိုင်းကြံ့ခိုင်မှုစစ်ဆေးခြင်းတို့အား ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးကို အဆင့်မြှင့်တင်ဆောင်ရွက်ရန် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေ ကျပ် ၁၅ ဘီလီယံဖြင့် ၃၅ မိုင် ၇ ဖာလုံ AC ခင်းခြင်း၊ တံတားခုနစ်စင်း ရေပြွန်တည်ဆောက်ခြင်းနှင့် အဝင်/အထွက် ကွန်ကရစ်ခင်းခြင်း၊ ပျော်ဘွယ်-နတ်မောက်ရထားလမ်းနှင့် တံတားလမ်းကြား ကွန်ကရစ်ခင်းခြင်း ၂၂၂၆ ပေ၊ ၅ မိုင် ၄ ဖာလုံ ကျောက်ရောမြေလမ်း ပခုံးပြုလုပ်ခြင်း၊ ၅ မိုင် ၃ ဖာလုံ လမ်းလယ်ကျွန်း အုတ်စီရေမြောင်းပြုလုပ်ခြင်း၊ Rest Camp များတွင် လမ်းမီးတိုင် ၆၂ တိုင် Over Head Line တပ်ဆင်ခြင်း၊ Guard Rail တပ်ဆင်ခြင်း ၄၅ မိုင်၊ အရှိန်ထိန်းကင်မရာ ခြောက်ခု တပ်ဆင်ခြင်း၊ ကီလိုမီတာတိုင် ၁၁၇၈ ခုစိုက်ထူခြင်းတို့ကို ဆောင်ရွက်သွား

စာမျက်နှာ ၈ ကော်လံ ၁ သို့

ပြည်တွင်းသတင်း

✻ ရှေ့ဖုံးမှ

ဝန်ကြီးဌာန၊ ယဉ်ကျေးမှုနှင့် ရှေးဟောင်းအမွေအနှစ်ဌာနမှ ညွှန်ကြားရေးမှူး Mr.Yeo Whee Jim က စင်ကာပူနိုင်ငံ၏ ယဉ်ကျေးမှုအနုပညာနှင့်ပရိသတ် ပြည်သူများ၏ အခန်းကဏ္ဍများ၊ ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်လာမှု၊ ယဉ်ကျေးမှုအနုပညာနှင့်အတူ အမျိုးသားပြတိုက် တည်ထောင်ထားရှိနိုင်မှု၊ အမျိုးသားအနုပညာကောင်စီ (NAC)ထူထောင်ထားနိုင်ခဲ့မှုနှင့် စင်ကာပူနိုင်ငံ၏ ယဉ်ကျေးမှု အနုပညာအဆင့်ဆင့် တိုးတက်လာနိုင်ခဲ့မှု၊ အခြေခံပညာကျောင်းများမှ စတင်ကာ ကလေးသူငယ်များကို ယဉ်ကျေးမှု၊ အနုပညာကဏ္ဍများတွင် စိတ်ဝင်တစားပါဝင်လုပ်ကိုင်ဆောင်ရွက်လာနိုင်စေရန် အကောင်အထည်ဖော်လျက်ရှိသည့် အစီအမံများ၊ အစိုးရနှင့်အတူ သက်ဆိုင်ရာပုဂ္ဂလိက အခန်းကဏ္ဍများမှ ယဉ်ကျေးမှုပိုမိုဖွံ့ဖြိုး တိုးတက်လာစေရန်အတွက် ရန်ပုံငွေများ ချမှတ်ဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းတင်ပြသည်။

အလားတူ Asian Civilisations Museum မှ Ms.Heidi Tan နှင့် တာဝန်ရှိသူများက နှစ်နိုင်ငံအကြား ဆက်ဆံရေး ပိုမိုတိုးတက်လာစေရေး၊ နှစ်ပေါင်း ၁၅၀၀ ကျော်က မြန်မာ့ယဉ်ကျေးမှု အနုပညာများနှင့် စင်ကာပူပြည်သူများ ရင်းနှီးလာစေရေးအတွက် အဆိုပါပြတိုက်အတွင်း ခင်းကျင်းပြသထားရှိမှု၊ သရေခေတ္တရာခေတ်မှ အလွန်အဖိုးထိုက်တန်သော ရှေးဟောင်းယဉ်ကျေးမှုများကို ထိန်းသိမ်းထားရှိနိုင်မှု၊ ရွှေ၊ ကြေး၊ သစ်သား ပန်းပုလက်ရာများ၊ ပုဂံခေတ် ရှေးဟောင်းနံရံဆေးရေးလက်ရာများ ထိန်းသိမ်းစောင့်ရှောက်ထားနိုင်သည့် အခြေအနေများအပေါ် လေ့လာအတုယူလုပ်ကိုင် ဆောင်ရွက်သွားနိုင်စေရေးဆိုင်ရာများအပေါ် ရှင်းလင်းတင်ပြကြသည်။

ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း Asian Civilisations Museum ၌ခင်းကျင်းပြသထားရှိသည့် မြန်မာ့ရှေးဟောင်းယဉ်ကျေးမှုလက်ရာများကို ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

ကြည့်ရှုလေ့လာ

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ပြတိုက်အတွင်း ခင်းကျင်းပြသထားရှိသည့် မြန်မာ့ရှေးဟောင်း ယဉ်ကျေးမှုလက်ရာများ၊ အိန္ဒိယ၊ တရုတ်နှင့်အခြား အာဆီယံနိုင်ငံများမှ ယဉ်ကျေးမှုလက်ရာ ပန်းချီ၊ ပန်းပု၊ ရုပ်တုနှင့်ရွှေငွေ၊ ကြေးထည်များကို လှည့်လည်ကြည့်ရှုလေ့လာခဲ့သည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်မှ

မည်ဖြစ်ပြီး အထူးပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့် တံတား ၂၅ စင်းအား တစ်ဖက်လျှင် မူလ ၂၄ ပေမှ ၄၈ ပေ အကျယ်ချဲ့ခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဖြည့်စွက်ရန်ပုံငွေ ကျပ် ၁၀ ဘီလီယံဖြင့် ၂၅ ပေအကျယ် AC ခင်းခြင်း ၂၆ မိုင်၊ Guard Rail တပ်ဆင်ခြင်း မိုင် ၂၀၊ တံတား ၂၅ စင်းအား တစ်ဖက်လျှင် မူလ ၂၄ ပေမှ ၄၈ ပေ အကျယ်ချဲ့ခြင်းဆောင်ရွက်ရန် ရန်ပုံငွေတင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှ စတင်၍ နောက်သုံးနှစ်ကာလအတွက် နှစ်အလိုက်လုပ်ငန်းစီမံချက်များ ရေးဆွဲထားပြီးဖြစ်ပါကြောင်းနှင့် ဘဏ္ဍာရေးနှစ်အလိုက် ခွင့်ပြုရရှိသည့် ရန်ပုံငွေအပေါ် မူတည်ပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်နေသည့်လုပ်ငန်းများကို ဘဏ္ဍာရေးနှစ်ကုန်တွင် ပြီးစီးမှုရာခိုင်နှုန်းဖြင့် တင်ပြသွားရန် အစီအစဉ်ရှိပါကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)မှ ဦးပေါလ်ထန်ထိုင်း၏ **“ရန်ကုန်နှင့် မန္တလေးမြို့ကြီးများအား နေပြည်တော်ကဲ့သို့ သန့်ရှင်းလှပအောင် တာဝန်ရှိသူများက ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ”** မေးခွန်းနှင့်စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိမ်းက ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီအနေဖြင့်

သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိမ်း ဖြေကြားစဉ်။ (သတင်းစဉ်)

ဘဏ္ဍာရေးနှစ်အလိုက် ရရှိသည့် ဘဏ္ဍာငွေအပေါ်မူတည်၍ ရေမြောင်းများပြုပြင်ခြင်း၊ လိုအပ်သည့်နေရာများတွင် အသစ်တည်ဆောက်ခြင်းနှင့် ရေမြောင်းများရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ တိရစ္ဆာန်မှလူသို့ ကူးစက်တတ်သော ရောဂါကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ခွေးလေခွေးလွင့်များကို နယ်မြေအလိုက် သက်ဆိုင်ရာကုသရေးနှင့် ကာကွယ်ရေးဌာနခွဲ(ခရိုင်)များမှ ဝန်ထမ်းများဖြင့် ရှင်းလင်းဆောင်ရွက်လျက် ရှိပါကြောင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ခွေးလေခွေးလွင့်ကောင်ရေ ၃၅၁၉၄ ကောင်နှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် မေလအထိ ခွေးလေခွေးလွင့်ကောင်ရေ ၅၁၈၇ ကောင် ရှင်းလင်းဆောင်ရွက်ခဲ့ပါကြောင်း။

မိမိတို့လူမျိုးသည် တိရစ္ဆာန်များအပေါ် စာနာသနားတတ်သည့် သဘောထားရှိ၍ လေလွင့်ခွေးများအား စနစ်တကျမှတ်ပုံတင် မွေးမြူခြင်းမရှိဘဲ စားကြွင်းစားကျန်များကို ကျွေးမွေးနေခြင်းကြောင့် ကောင်ရေများတိုးပွားနေပါကြောင်း၊ အိမ်မွေးတိရစ္ဆာန်များ မွေးမြူလိုပါက စနစ် တကျမှတ်ပုံတင်ခြင်း၊ ခွေးရူးရောဂါ ကာကွယ်ဆေးထိုးခြင်းတို့ ဆောင်ရွက်၍ မွေးမြူခွင့် ပြုထားပါကြောင်း။

မန္တလေးမြို့တွင် ရေစီးရေလာကောင်းမွန်စေရေး နှစ်စဉ်စီမံချက်များရေးဆွဲပြီး ရေမြောင်းများ အသစ်ဖော်ထုတ်ခြင်း၊ တိမ်ကောနေသော ရေမြောင်းများအား ရှင်းလင်းဆယ်ယူခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၃-၂၀၁၄ ခုနှစ်အတွင်း ရေမြောင်း ပေအရှည် ၂၅၆၀၀၆၁ ပေ ရှင်းလင်းခဲ့ပြီး မြောင်းစာနွံတန်ချိန် ၂၁၆၂၃ တန်အား ဆယ်ယူခဲ့ပါကြောင်း၊ မြောင်းမကြီး ၂၁ ခုအား ကုန်ကျစရိတ်ငွေကျပ် ၂၂၆၂ ဒသမ

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့် ဖြေကြားစဉ်။ (သတင်းစဉ်)

၈၁ သန်းဖြင့် အဆင့်မြင့်တင်ကျောက်ရိုးစီရေမြောင်း ပြုလုပ်ပေးခြင်း၊ မြောင်းလတ် ၂၁ ခုအား ကုန်ကျစရိတ်ငွေကျပ် ၁၃၃၁ ဒသမ ၆၃ သန်းဖြင့် အုတ်ရိုးစီ ရေမြောင်းပြုလုပ်ပေးခြင်း၊ ရပ်ကွက်အတွင်း အိမ်သုံးရေမြောင်း ၂၁ ခုအား ကုန်ကျစရိတ်ငွေကျပ် ၁၃၆ ဒသမ ၅၇ သန်းအကုန်အကျခံ၍ မြေသားမှအုတ်ရေမြောင်းအဆင့် Level တိုင်းတာပြုလုပ်ပေးခဲ့ပြီး ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ခဲ့ပါကြောင်း။

မြို့တော်သန့်ရှင်းရေးအတွက် နေ့စဉ်အမှိုက်တန်ချိန် ပျမ်းမျှ ၈၂၀ ခန့်ကို ရှင်းလင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း အမှိုက်စစ်သံဆန်ခါပြုလုပ်ခြင်းနှင့် အမှိုက်ဆယ်စက် Trash Remover တည်ဆောက်နေပြီး စက်ယန္တရားဖြင့် အမှိုက်ဆယ်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ မန္တလေးမြို့အတွင်း တိရစ္ဆာန်ထိန်းသိမ်းရေး၊ ခွေးလေခွေးလွင့် ကင်းရှင်းပပျောက်ရေးအတွက် ၂၀၁၃-၂၀၁၄ ခုနှစ်အတွင်း ခွေးလေခွေးလွင့် ၁၁၈၀ ကောင် သုတ်သင်ရှင်းလင်းခဲ့ပြီး ၂၀၁၄ ခုနှစ် ဧပြီလနှင့် မေလအတွင်း ခွေးလေခွေးလွင့် အကောင်ရေ ၂၀၀ အား ရှင်းလင်းသုတ်သင် ဆောင်ရွက်ခဲ့ပါကြောင်း၊ စည်းကမ်းမဲ့လွှတ်ကျောင်းသော တိရစ္ဆာန်များအား ဖမ်းဆီးထိန်းသိမ်းအရေးယူရန် လေလွင့်တိရစ္ဆာန်ထိန်းသိမ်းရေးအဖွဲ့တစ်ဖွဲ့အား နေ့အထူးလှည့်ကား၊ ညလုပ်ငန်းစစ်ဆေးရေးယာဉ်များနှင့် တွဲဖက်၍ ရှာဖွေထိန်းသိမ်း ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော **အမျိုးသားပညာရေးဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက ကော်မတီ၏အစီရင်ခံစာကို ပြန်လည်ဖတ်ကြားတင်သွင်းပြီး ယင်းဥပဒေကြမ်းအား လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုခဲ့သည်။

အမျိုးသားပညာရေးဆိုသည်မှာ နိုင်ငံတော်ရှိ တိုင်းရင်းသားအားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့နှင့် သမိုင်းအမွေအနှစ်များ၏ အနှစ်သာရများကို တန်ဖိုးထား မြှင့်တင်ပြီး ဘက်စုံအတွေးအခေါ်မှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်သော လူ့စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင်ပေးသော နိုင်ငံတော်၏ပညာရေးစနစ်ဖြစ်ကြောင်း သိရသည်။

အမျိုးသားပညာရေး ဥပဒေကြမ်းအား အတည်ပြုရာ၌ ကျောင်းသားဗဟိုပြုချဉ်းကပ်နည်းဆိုသည်မှာ သင်ယူသူများ သင်ယူမှုဖြစ်ထွန်းစေရန် ဆရာများက ထိရောက်သော နည်းလမ်းများကို အသုံးပြု၍ နှစ်လိုဖွယ်ရာ ဆရာ၊ ကျောင်းသားဆက်ဆံရေးဖြင့် ပံ့ပိုးဖော်ဆောင်ပေးသော သင်ကြား၊ သင်ယူမှုဖြစ်စဉ်ကိုဆိုသည်ဟု ဖြည့်စွက်အတည်ပြုခဲ့သည်။ **(သတင်းစဉ်)**

ကာလတို၊ ကာလလတ် စီမံကိန်းများကို ဆောင်ရွက်ရာတွင် ပြည်သူကို တိုက်ရိုက်အကျိုးပြုနိုင်မည့် လုပ်ငန်းစဉ်များ ဦးစားပေး

နေပြည်တော် ဇူလိုင် ၁၅

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏ နိုင်ငံတော်ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များအား တတိယအဆင့် အရှိန်မြှင့်တင်မှု(Third Wave) လုပ်ငန်းစဉ် ဆွေးနွေးပွဲကို အဆိုပါဝန်ကြီးဌာန စုဝေးခန်းမ၌ ယနေ့ နံနက် ၉ နာရီခွဲတွင် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်ပြုပြင်ပြောင်းလဲမှု တတိယအဆင့် အရှိန်မြှင့်တင်မှု (Third Wave) ကို အကောင်အထည်ဖော်ရာတွင် မိမိတို့အနေဖြင့် ကာလတို၊ ကာလလတ်၊ ကာလရှည် စသည်ဖြင့် ဦးစားပေးလုပ်ငန်းအလိုက် ထိထိရောက်ရောက်ဖြစ်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကာလတို၊ ကာလလတ် စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်သူကို တိုက်ရိုက်အကျိုးပြုနိုင်မည့် Quick Win ရရှိမည့် လုပ်ငန်းစဉ်များကို ဦးစားပေး အကောင်အထည်ဖော်သွားရန် လိုအပ်ကြောင်းနှင့် ကာလရှည်စီမံကိန်းများအတွက် ကောင်းမွန်သည့် အခြေခံအုတ်မြစ် ချပေးနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားသည်။

ဆွေးနွေး

ထို့နောက် ညွှန်ကြားရေးမှူးချုပ်များက အလုပ်အကိုင်အခွင့်အလမ်း ရရှိရေးနှင့် လုပ်သားများကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုဖူလုံရေးဆိုင်ရာများနှင့် လုပ်ငန်းခွင်အေးချမ်းသာယာရေးများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီး ဦးထင်အောင်နှင့် ဒေါ်ဝင်းမော်ထွန်းတို့က သုံးသပ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❒ ရှေ့ဖုံးမှ

တိုးတက်မှု နှေးကွေးမည်ဖြစ်ပြီး ပါဝင်ဆောင်ရွက်မည့် ကုမ္ပဏီများ နည်းပါးနေဦးမည် ဖြစ်သည်။ ကျွမ်းကျင်သူများ၏ သုံးသပ်ချက်အရ ၂၀၁၅ ခုနှစ်တွင် စတော့အိတ်ချိန်း စတင်မည်ဖြစ်သော်လည်း ၂၀၂၀ ပြည့်နှစ်ခန့်ရောက်မှသာ အောင်မြင်မှု အရှိန်အဟုန်ရရှိနိုင်မည်ဟုဆိုသည်။

လိုအပ်သည့် နည်းပညာများ၊ အတွေ့အကြုံများနှင့် ပံ့ပိုးမှုများကို ဂျပန်နိုင်ငံက ကူညီပေးသွားမည် ဖြစ်ရာ မြန်မာနိုင်ငံ၏စတော့အိတ်ချိန်း သည်လာမည့်နှစ်၌ စတင် အကောင်အထည်ဖော်နိုင်တော့မည်ဖြစ်သည်။

တတိယအကြိမ်မြောက် ဓမ္မစကူးလ်သင်တန်းဖွင့်

နေပြည်တော် ဇူလိုင် ၁၅

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ရွှေမြို့ကျေးရွာ ရွှေမြို့ကြီးဂိုဏ်းထောက်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း (မူလွန်ကျောင်း)၏ တတိယအကြိမ်မြောက် ဓမ္မစကူးလ်သင်တန်းဖွင့်ပွဲကို ဇူလိုင် ၁၃ ရက် နံနက် ၈နာရီခွဲက အဆိုပါကျောင်းအတွင်းရှိ မဟာဉာဏဗိမာန်တော်၌ ကျင်းပရာ မြို့နယ်ဘုန်းတော်ကြီး သင်ပညာရေးကျောင်းများကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ရွှေမြို့ကြီး ဂိုဏ်းထောက်ကျောင်း ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဉာဏိဿရိယက ဩဝါဒစကားပြောကြားသည်။

ဆက်လက်ပြီး မြို့နယ်ဓမ္မစကူးလ်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌနှင့် ရွှေမြို့ဂိုဏ်းထောက်ကြီးကျောင်း ဓမ္မစကူးလ် ဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမြင့်သိန်းတို့က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆရာတော်နှင့်အလှူရှင်များက ဗုဒ္ဓဝင်ပြိုင်ပွဲတွင် ဆုရရှိသူများနှင့် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် ဆုရရှိသူများအား ဆုများချီးမြှင့်ပေးအပ်သည်။

ဓမ္မစကူးလ်သင်တန်းနှင့် ပတ်သက်၍ ဆရာတော်က “ အဓိကရည်မှန်းချက်ကတော့ ကျောင်းသားကျောင်းသူ လူငယ်များအနေဖြင့် ဗုဒ္ဓ၏တရားတော်များကို သိရှိနားလည်ပြီး ဘာသာတရားကို တန်ဖိုးထားမြတ်နိုးကာ ယဉ်ကျေးသောလူ့အဖွဲ့အစည်းများ ဖြစ်ပေါ်လာစေရန် ဖြစ်ပါတယ် ” ဟု ပြောကြားသည်။

ယင်းဓမ္မစကူးလ် သင်တန်းကို အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း၊ သင်တန်းသို့ တက်ရောက်သည့် ကျောင်းသား ကျောင်းသူဦးရေ ၃၅၀ ခန့်ရှိကြောင်း ဆရာတော်က ဆက်လက်ပြောကြားသည်။

မောင်လွင်(တပ်ကုန်း)

နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ စစ်တွေမြို့၌ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် ဇူလိုင် ၁၅

ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းနှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းတို့သည် ဇူလိုင် ၁၃ ရက် မွန်းလွဲ ၂ နာရီက ရခိုင်ပြည်နယ် အရေးပေါ်ပေါင်းစပ်ညှိနှိုင်းရေးစင်တာ အစည်းအဝေးခန်းမ၌ ပြည်နယ်အဆင့် အရေးပေါ် ပေါင်းစပ်ညှိနှိုင်းရေးစင်တာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့်တွေ့ဆုံ၍ **(အပေါ်ယာပုံ)** ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာထောက်

ထားမှုအကူအညီပေးရေးနှင့် ပြန်လည်ထူထောင်ရေး ကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ပေးနိုင်မှုအခြေအနေများကို ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ပြီး စစ်တွေမြို့တွင်းလမ်းများအခြေအနေနှင့် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်နေမှု ကိုလိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်တွင် ဒေသခံများအလုပ်အကိုင်များရလိုကြ

မူဆယ် ဇူလိုင် ၁၅

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့နယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်တွင် ပို့ကုန်၊ သွင်းကုန်များ သယ်ယူပို့ဆောင်နေသော နေ့စဉ်ဝင်ထွက်နေသည့် ကုန်တင်ယာဉ်ကြီးများကို အခြေခံထား၍ ကုန်တင်ကုန်ချအလုပ်သမားများဖြင့် ဆောင်ရွက်လျက်ရှိသည်။**(အောက်ပုံ)** ထိုအလုပ်သမားအများစုမှာ ရပ်ဝေးမှ လုပ်သားများဖြစ်ပြီး ကုန်သွယ်ရေးဇုန်ပါဝင်သော ၁၀၅ မိုင် မိုင်းယုကျေးရွာအုပ်စုအတွင်းမှ ဒေသခံများက အများအားဖြင့် အလုပ်လုပ်ကိုင်ရခြင်းမရှိကြောင်း ဇူလိုင် ၁၃ ရက်က မူဆယ်မြို့ ကုန်သည်များအသင်းရုံး၌ အမျိုးသားလွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်ရေးကော်မတီဥက္ကဋ္ဌ ဦးခက်ထိန်နန်နှင့်အဖွဲ့က မူဆယ်ခရိုင်/မြို့နယ် တာဝန်ရှိသူများ၊ မူဆယ်ဒေသခံများနှင့် တွေ့ဆုံပွဲတွင် (၁၀၅)မိုင် မိုင်းယုကျေးရွာ အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးမိုင်းမောင်အေးက တင်ပြသည်။

"ကျွန်တော်တို့ ကျေးရွာအုပ်စုအတွင်းမှ ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်စီမံကိန်းကြီးပါဝင်ပါတယ်။ ဒေသခံပြည်သူများ အလုပ်အကိုင်၊ အခွင့်အလမ်းပေါ်ထွက်လာဖို့ မျှော်လင့်ပေမယ့် ကျွန်တော်တို့ ကျေးရွာသားတွေ အလုပ်အကိုင်ရတာ နည်းပါတယ်။ ကုန်တင်ကုန်ချအလုပ်သမားအဖြစ် လျှောက်ထားရာမှာလည်း သုံးချိုးတစ်ချိုးတောင် မရကြပါဘူး။ ဒါလေးတွေ စဉ်းစားပေးဖို့ တင်ပြပါတယ်" ဟု ပြောကြားသွားသလို အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးကလည်း "မှတ်ပုံတင်(လေဘာကတ်) လုပ်ထားဖို့ရှိပါတယ်။ အလုပ်လျှောက်တဲ့အခါမှာ အလုပ်သမားမှတ်ပုံတင်လုပ်ထားရင် ပိုပြီးအဆင်ပြေပါတယ်"ဟု ပြောကြားသွားသည်။

၁၀၅ မိုင် ကုန်သွယ်ရေးဇုန်တွင် ကုန်တင်ကုန်ချလုပ်သားဦးရေ ၇၀၀ ကျော် ၈၀၀ ခန့်ရှိပြီး အများအားဖြင့် မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းဒေသကြီးများ နေရာစုံမှ လာရောက်လုပ်ကိုင်နေကြသူများဖြစ်ကြောင်း စုံစမ်းသိရှိရသည်။

"အလုပ်လုပ်ချင်သူတွေက နယ်စပ်ဒေသမူဆယ်ကို ရောက်လာကြတယ်။ သွားရလာရ လွယ်ကူပြီး နိုင်ငံနေရာအနှံ့ကနေ တစ်ရက်နှစ်ရက်အတွင်း ငွေနှစ်သောင်းကျော်လောက်နဲ့ ရောက်လာနိုင်တဲ့နေရာဖြစ်တော့ တစ်ဦးစီ မျှော်လင့်ချက်တွေနဲ့ ရောက်လာကြသူတွေ၊ မိသားစုလိုက် ပြောင်းလာကြတာတွေလည်း တွေ့ရပါတယ်။ ဟိုဘက်ကမ်း တရုတ်ဘက်မှာ အလုပ်တွေရှိနေပေမယ့် အာမခံချက်နဲ့ရေရာမှုမရှိတဲ့အတွက် အလုပ်လုပ်ပြီး ပိုက်ဆံမရတာတွေ၊ အဖမ်းခံရတာတွေ တွေ့နေရပါတယ်။ ဒါတွေအဆင်ပြေအောင် ဆောင်ရွက်ပေးနိုင်ရင်တော့ ဒီလို မိသားစုတွေ၊ အလုပ်လိုသူတွေအတွက် ဝမ်းသာရမှာပါ" ဟု အလုပ်သမားများနှင့် နီးစပ်သူတစ်ဦးက ပြောပြသည်။ **သိန်းဇော်(ရွှေလီဦး)**

ပြည်တွင်းသတင်း

■ *ကျောဖုံးမှ*

ဝမ်းပျက်ဝမ်းလျှောရောဂါသည် ဗက်တီးရီးယားပိုးမွှား၊ ဗိုင်းရပ်စ်နှင့် ကပ်ပါးပိုးများ ကူးစက်မှုကြောင့် အစာအိမ်နှင့် အူလမ်းကြောင်းတို့တွင် ကူးစက်ကာ ဖြစ်ပွားသည်။ အလွန်လွယ်ကူစွာ ကူးစက်နိုင်စေပြီး မသန့်ရှင်းသော လက်များ၊ အစားအစာများနှင့် မသန့်ရှင်းသောရေ၊ မစင်နှင့် တိုက်ရိုက်ထိတွေ့ခြင်းများမှ ကူးစက်ပြန့်ပွားခြင်း ဖြစ်သည်။

နှစ်စဉ် မြန်မာနိုင်ငံမှ ကလေးပေါင်း ၄၉၀၀၀ မှာ ငှက်ဖျားနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ၊ အဆုတ်ရောင်ရောဂါတို့ကြောင့် သေဆုံးနေကြရပြီး အရှေ့တောင်အာရှမှ ၃၃ ရာခိုင်နှုန်းနှင့် မြန်မာနိုင်ငံမှ ၂၅ ရာခိုင်နှုန်းသော ကလေးသူငယ်များသည် ဝမ်းပျက်ဝမ်းလျှောနှင့် အဆုတ်ရောင် နမိုးနီးယားရောဂါများကြောင့် သေဆုံးနေကြရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်ထားသည်။

"ကျွန်တော်တို့အနေနဲ့ လူမှုစီမံကိန်းကို အကောင်အထည်ဖော်ရာမှာ စီးပွားရေး ရင်းနှီးမြှုပ်နှံခြင်းကို နှစ်ဆမြင့်တင်သလို သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို နှစ်ဆလျှော့ချသွားမှာဖြစ်ပါတယ်။ ဒါ့အပြင် လူနေမှုအဆင့်မြင့်မားရေးအတွက် နှစ်စဉ်လူသန်း ၁၀၀၀ အတွက် ပရဟိတအနေနဲ့ ကူညီဆောင်ရွက်နေတယ်။ မြန်မာနိုင်ငံမှာလည်း ကလေး ၁၀၀၀ မှာ ၅၂ ဦးက ကြိုတင်ကာကွယ်လို့ရနိုင်ပါလျက်နဲ့ သေဆုံးနေရမှုများကို လျှော့ချပေးဖို့အတွက် ဆွေးနွေးပွဲတွေ ကျင်းပရခြင်းဖြစ်ပါတယ်" ဟု Unilever မှ ဌာနေဒါရိုက်တာ ဦးဇော်မျိုးလှိုင်က ပြောကြားသည်။

အဆိုပါဆွေးနွေးပွဲသို့ ရန်ကုန်တိုင်းဒေသကြီး တိုင်းကျန်းမာရေးဌာနမှူး၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဒေါက်တာဦးအေးကိုကို၊ မြန်မာနိုင်ငံဆရာဝန်အသင်းမှ စီမံချက်မန်နေဂျာ ဒေါက်တာဦးကြီးမြင့်၊ ရန်ကုန်တိုင်းဒေသကြီး ကျောင်းကျန်းမာရေးဆရာဝန်ကြီး ဒေါက်တာဒေါ်ခင်စောရီ၊ ရန်ကင်းပညာရေးကောလိပ်မှ ဒုတိယကျောင်းအုပ်ကြီး ဦးကျော်ရွှေ၊ တိုင်းကျန်းမာရေး ပညာအရာရှိ ဒေါက်တာဒေါ်အိအိဆွေတို့က တက်ရောက်ဆွေးနွေးပေးကြသည်။

မမြင်ရသည့် ဝမ်းပျက်ဝမ်းလျှောနှင့် သန်ကောင်ရောဂါများကို ကာကွယ်နိုင်ရေးအတွက် အခြေခံပညာစာသင်ကျောင်းများကို ဦးစားပေးအနေဖြင့် ထားရှိကာ တစ်ကိုယ်ရေသန့်ရှင်းရေး၊ ခံတွင်းသန့်ရှင်းရေး၊ လက်သန့်ရှင်းရေးအတွက် ကလေးငယ်များအား စနစ်တကျသန့်ရှင်းတတ်စေရန် လေ့ကျင့်ပညာပေးလျက်ရှိသည့်အပြင် ကျောင်းဝန်းကျင်နှင့် ကျောင်းမုန့်ဈေးတန်းများ စနစ်တကျရှိစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဖော်ဆောင်နေမှုများကို ဆရာဝန်ကြီးများက ဆွေးနွေးပညာပေးကြသည်။

"ပညာပေးတဲ့နေရာမှာ ကလေးတွေဆိုတာ ကျောင်းကနေ ပေးလိုက်တဲ့ အမူအကျင့်တွေကို အိမ်ကို ယူဆောင်သွားကြမှာ ဖြစ်ပါတယ်။ အဲဒီလိုနဲ့ သူ့မိသားစုအပါအဝင် လူ့အဖွဲ့အစည်းတစ်ခုလုံး ပါဝင်လာအောင် ဆောင်ရွက်ကြရမှာဖြစ်ပါတယ်"ဟု ဒေါက်တာ ဦးကြီးမြင့်က ပြောကြားသည်။

ထို့အပြင် လက်ကိုသန့်ရှင်းစင်ကြယ်စွာဆေးကြောခြင်းဖြင့် တစ်နှစ်လျှင် ကလေးငယ် ခြောက်သိန်းခန့် ဝမ်းပျက်ဝမ်းလျှောကြောင့် အသက်ဆုံးရှုံးနေရမှုကို ကာကွယ်ပေးနိုင်ပြီး ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှု နှုန်းမှ ၄၂ ရာခိုင်နှုန်းခန့် လျှော့ချနိုင်မည်ဖြစ်ကာ ကလေးသူငယ်များ ကျောင်းပညာသင်ယူခြင်းကိုလည်း ၄၀ ရာခိုင်နှုန်းအထိ အထောက်အပံ့ ပေးနိုင်ကြောင်း ဒေါက်တာ ဒေါ်အိအိဆွေက ဆွေးနွေးသည်။

ကျန်းမာရေး ဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန ယူနီဆက်ဖ်တို့ စုပေါင်းဆောင်ရွက်မှုကြောင့် သန့်ရှင်းမောင် သန့်ရှင်းမယ်ဆုများကို လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းမှုဖြင့် ပေးအပ်ကာ ကလေးသူငယ်များအား လက်မှတစ်ဆင့် ကူးစက်သော ဝမ်းပျက်ဝမ်းလျှောရောဂါများကို ကာကွယ်ပေးရန် ဆောင်ရွက်လျက်ရှိသည့်အပြင် ၁၉၉၅ ခုနှစ်မှစတင်၍လည်း အမျိုးသားပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားမှု၊ ကမ္ဘာ့လက်ဆေးနေ့၊ နိုင်ငံတစ်လွှား ဝမ်းပျက်ဝမ်းလျှောရောဂါမှ ကာကွယ်ရန် အမူအကျင့်ပြောင်းလဲစေရေး လှုပ်ရှားမှုများကို ဆက်တိုက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် ရန်ကုန်တိုင်းဒေသကြီး ကျောင်းကျန်းမာရေး လုပ်ငန်းများကိုလည်း ရာနှုန်းပြည့်ဆောင်ရွက်လျက်ရှိပြီး ကျောင်းများအားလုံးကိုပင် ကျောင်းဖွင့်ရာသီမတိုင်မီကတည်းက ကြိုတင်အကြောင်းကြားကာ ပတ်ဝန်းကျင်သန့်ရှင်းစေခြင်း၊ ယင်လုံအိမ်သာများကို စနစ်တကျ သုံးစွဲစေခြင်း၊ ကလေးငယ်များအတွက် လက်ဆေးရန် ရေလုံလောက်စွာရရှိစေခြင်း၊ မုန့်ဈေးတန်းများရှိ ဈေးရောင်းချသူများအား သွေး၊ သလိပ်၊ ဆီးများ စစ်ဆေးကာ ကျန်းမာရေး စစ်ဆေးမှုအောင်မြင်မှသာ ရောင်းချစေခြင်း၊ ဆိုးဆေး၊ နို့နှင့် နို့ထွက်ပစ္စည်းများနှင့် အက်ဖ်ဒီအေမှ ခွင့်ပြုချက်မရှိသည့် အစားအသောက်များကို မရောင်းချရန်တားမြစ်ခြင်း၊ ကလေးငယ်များအား မယ်လမင်း၊ဖော့နှင့်ပလတ်စတစ်များဖြင့် အပူအစားအသောက်များ ရောင်းချခွင့်မပြုခြင်းအပြင် မုန့်ဈေးတန်း သန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိနေကြောင်း ဒေါက်တာ ဒေါ်ခင်စောရီက ပြောကြားသည်။ **(မြန်မာ့အလင်း)**

အကောက်ခွန်မဲ့ပစ္စည်းများတွေ့ရှိ

ရန်ကုန် ဇူလိုင် ၁၅

ညောင်ခါးရှည် Mobile Team အဖွဲ့က စားသုံးသူကာကွယ်ရေးနှင့် တရားမဝင် ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးလုပ်ငန်းများကို ဇူလိုင် ၉ ရက် နံနက် ၁၁ နာရီခွဲတွင် ဆောင်ရွက်နေစဉ် ယာဉ်အမှတ် ၆ဂ/. . . နောက်တွဲအမှတ် နတ/ . . . သည့် ယာဉ်များ ရှုပ်ထွေးနေသည်ကို အခွင့်ကောင်းယူ၍ ရပ်တန့်စစ်ဆေးခံခြင်းမပြုဘဲ ဖြတ်သန်းမောင်းနှင်သွားခဲ့သည်။

အဆိုပါယာဉ်ကို လမ်းကြောင်းတစ်လျှောက် လိုက်လံစစ်ဆေးရာ ဝေါမြို့ ကျိုက်လတ်ကျေးရွာအနီးရှိ ဓာတ်ဆီဆိုင်အတွင်း ရပ်နားထားသည်ကို တွေ့ရှိရပြီး စစ်ဆေးရာ ယာဉ်ပေါ်တွင် လိုင်စင်၊ ဂျူတီ ပြသနိုင်ခြင်းမရှိသော အကောက်ခွန်မဲ့ပစ္စည်းများတွေ့ရှိရသဖြင့် အကောက်ခွန်(ရုံးချုပ်)၌ အဖွဲ့ဖြင့်စနစ်တကျ စစ်ဆေးဆောင်ရွက်သွားမည် ဖြစ်ကြောင်းသိရသည်။

ဇူလိုင် ၁၂ ရက် ညနေ ၅ နာရီကလည်း Mobile Team အဖွဲ့က နောင်ချိုမြို့နယ် အေးရှားဝေါလ်တိုးဂိတ်အနီး မူဆယ်-မန္တလေး ကုန်သွယ်မှု လမ်းကြောင်းတစ်လျှောက် စားသုံးသူအကာအကွယ်ပေးရေးနှင့် တရားမဝင်ကုန်သွယ်မှုတားဆီးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိစဉ် မန္တလေးမှ လားရှိုးသို့ ထွက်ခွာမည့် ယာဉ်မောင်းဦးသိန်းဇော်မောင်းနှင်လာသည့် ခရီးသည်တင်မှန်လုံယာဉ်ကို ရပ်တန့်စစ်ဆေးရာ ကုန်စိမ်းများ ဖုံးအုပ်လျက် တရားမဝင်တင်ဆောင်လာသည့် တမလန်းခားရွေတုံး၊ ပိတောက် ခားရွေတုံး စုစုပေါင်း ၁၉ တုံး ၁ ဒသမ ၁၄၇၈ တန် ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၇၂၁၇၀၀ ကိုလည်းကောင်း၊ ယင်းနေ့ ညနေ ၅ နာရီခွဲတွင် မန္တလေးမှ မူဆယ်သို့ ယာဉ်မောင်း ဦးလှော့သာမောင်းနှင်လာသည့် ခြောက်ဘီးယာဉ်ကို ရပ်တန့်စစ်ဆေးရာ ပြောင်းဖူးစေ့အိတ်များဖုံးအုပ်လျက် တရားမဝင်တင်ဆောင်လာသည့် တမလန်းခားရွေတုံး ကိုးတုံး ၁ ဒသမ ၀၂၆၈ တန် ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅၄၀၂၀၀ ကိုလည်းကောင်း စစ်ဆေးတွေ့ရှိခဲ့ပြီး အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

✻ *ကျောဖုံးမှ*

ပြီးစီးနေပြီဖြစ်ကြောင်း ရန်ကုန်ဘူတာကြီးမှတစ်ဆင့် သိရသည်။

ယခုအခါ ရန်ကုန်ဘူတာကြီးနှင့် ဘူတာယာဒ်ဝင်းကို ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် တင်ဒါစနစ်ဖြင့် ဆောင်ရွက်လျက်ရှိနေသည်။ ရန်ကုန်ဘူတာကြီးကို ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြည်တွင်းပြည်ပမှကုမ္ပဏီများကို တင်ဒါခေါ်ယူခဲ့ရာ သတ်မှတ်အချိန်၊ သတ်မှတ်စည်းကမ်းနှင့်အညီ ကုမ္ပဏီပေါင်း ၃၅ ခု လျှောက်လွှာတင်ခဲ့ပြီး ထိုကုမ္ပဏီများကို ဂျပန်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့နှင့် မြန်မာ့မီးရထားတင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့တို့မှ သတ်မှတ်စံချိန်စံနှုန်းများနှင့်ကိုက်ညီသော တင်ဒါတင်ကုမ္ပဏီ ၁၅ ခုကို ရွေးချယ်ပြီးဖြစ်သည်။

မြန်မာ့မီးရထားမှ ခရီးသွားပြည်သူများအတွက် ဂျပန်နိုင်ငံမှ အာရ်ဘီအီး မီးရထားအတွဲ ၂၀ ကို ဝယ်ယူထားပြီဖြစ်သည်။ ထိုအထဲမှ ငါးတွဲမှာ ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းတွင် အသုံးပြုနိုင်သည့်အပြင် အဲကွန်းပါ ပါရှိကြောင်း မြန်မာ့မီးရထားအာရ်ဘီအီး အကြီးတန်းစက်ပြင်ရုံမှ သိရသည်။

ယခုအခါ မြန်မာ့မီးရထားအနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အာရ်ဘီအီး ရထားတွဲ ၁၈၆ စင်းဖြင့် ပြေးဆွဲနေကြောင်း သိရသည်။

မြို့ပတ်ရထား ပြေးဆွဲနေမှုနှင့် ပတ်သက်၍ ရထားလမ်းများကို အဆင့်မြှင့်တင်နိုင်ရန်အတွက် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအေဂျင်စီ(JICA)နှင့် ပူးပေါင်း၍မြေပုံသစ်ထုတ်နိုင်ရန် လေကြောင်းဓာတ်ပုံလုပ်ငန်းများကို လေယာဉ်ဖြင့် ဇွန် ၁၄ ရက်၊ ၁၅ ရက်များက လေ့လာမှုပြုခဲ့ကြောင်း သိရသည်။ **တင်ဝင်းလေး(ကြည့်မြင်တိုင်)**

မိုးလေဝသအခြေအနေ

၁၅-၇-၂၀၁၄

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများတွင် မိုးပိုလာမည်။

မူလတန်းကြိုကလေးများကို အာဟာရကျွေးမွေး

ပျဉ်းမနား ဇူလိုင် ၁၅

နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ရွှေချီရပ်ကွက်ရှိ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းပိုင် မူလတန်းကြိုကျောင်းတွင် ယနေ့မွန်းလွဲ ၂ နာရီတွင် ကျောင်းသားမိဘများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးပြီး မူလတန်းကြိုကလေး ၆၀ အား အာဟာရဖြည့်စွက်စာများကို အသင်းဥက္ကဋ္ဌ ဒေါ်ငြိမ်းငြိမ်းအေးနှင့် အဖွဲ့ဝင်များက ကျွေးမွေးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

ကိုမျိုး(ရွှေပေါက်ကံ)

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ရော်ဘာနှင့်ဆီအုန်း စိုက်ပျိုးရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် ဇူလိုင် ၁၅

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်အား မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံသံအမတ်ကြီး ဒေါက်တာ အာမတ်ဖိုင်ဆဲလ်ဘင်မိုဟာမက်သည် ဇူလိုင် ၁၄ ရက် နံနက် ၁၀ နာရီက ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမဆောင်၌ လာရောက် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အခွင့်အလမ်းများ၊ စက်မှုကဏ္ဍနှင့်ပတ်သက်၍ တန်ချောင် Nissan Co ၏ Automobile နှင့် ကြံခင်းဘိလပ်မြေစက်ရုံ အကျိုးတူပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရေးကိစ္စရပ်များ၊ ရော်ဘာနှင့် ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းများတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရှားပါးသယံဇာတ စပီရူလိုင်းနား စိမ်းပြာရေညှိထိန်းသိမ်းနိုင်ရေးအတွက် ဆွေးနွေး

နေပြည်တော် ဇူလိုင် ၁၅

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းအောင်သည် ဇူလိုင် ၁၃ ရက် မွန်းလွဲပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်ရှိ တွင်းတောင်အင်းသို့ ရောက်ရှိပြီး တွင်းတောင်အင်းအခြေအနေ၊ ရေချိုဝင်ရောက်မှုကြောင့် PH ကျဆင်းနေမှု၊ တွင်းတောင်အင်းအတွင်း PH ကျဆင်းမှုကြောင့် ငါးများဝင်ရောက်ပေါက်ဖွားမှု၊ စိမ်းပြာရေညှိထွက်ရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တွင်းတောင်အင်း အစည်းအဝေးခန်းမ၌ ဘာသာရပ်ဆိုင်ရာပညာရှင်များနှင့် တွေ့ဆုံပြီး တွင်းတောင်အင်းအတွင်း ရေချိုဝင်ရောက်နိုင်မည့် နေရာများကို ကျောက်စီနံရံများ ပြုလုပ်ကာရံခြင်း၊ ကန်အတွင်း ပေါက်ပွားနေသည့် တီလားပီးယားငါးများကို ငါးလုပ်ငန်းဦးစီးဌာနမှ အကြံပြုချက်အတိုင်း ဖမ်းဆီးရှင်းလင်းခြင်း၊ Spirulina များကန်အတွင်း မျိုးထည့်မွေးမြူခြင်း၊ PH Level မြင့်တက်စေပြီး သဘာဝ Spirulina များ မျိုးသုဉ်းပျောက်ကွယ်ခြင်းမရှိစေရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြပါရန်နှင့် ထိုကဲ့သို့ ဆောင်ရွက်ခြင်းကြောင့် သုံးစွဲကုန်ကျရမည့် ကုန်ကျစရိတ်များကိုလည်း လေ့လာတွက်ချက်တင်ပြကြပါရန် ဆွေးနွေးညှိနှိုင်းသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးသိန်းအောင်နှင့်အဖွဲ့သည် ရေဘုတလင် မြစ်ရေတင်စီမံကိန်းအတွင်းရှိ ပေ ၆၅၀၀ မှ ၇၅၀၀ အထိ ကွန်ကရစ်ရေမြောင်းကို ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကွန်ကရစ် ရေမြောင်းပေ ၁၀၀၀ ထပ်မံဆောင်ရွက်မည့်နေရာကို ကြည့်ရှုလေ့လာကာ ရေမြောင်း ပြုလုပ်မည့်နေရာကို ဆွေးနွေးညှိနှိုင်းကြသည်။

ဇူလိုင် ၁၄ ရက် နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၃) ဆေးဝါးစက်ရုံ(စစ်ကိုင်း)သို့ ရောက်ရှိပြီး ဆပ်ပြာကန်များမှ Spirulina များထုတ်လုပ်နေမှု၊ အင်းအတွင်း ရေချိုဝင်ရောက်မှု၊ အင်းအတွင်းရှိ တီလားပီးယားငါးများကို ဖမ်းဆီးရှင်းလင်းမှု၊ PH Level မြင့်တက်စေရေးဆောင်ရွက်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စက်ရုံအစည်းအဝေးခန်းမတွင် ဝန်ထမ်းများအားတွေ့ဆုံ၍ နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုများကို တတိယအဆင့် အရှိန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်သင်တန်း နေပြည်တော်တွင်ဖွင့်

နေပြည်တော် ဇူလိုင် ၁၅

ဓမ္မဗျူဟာ ဒေါ်ခင်လှတင်(မဟာသဒ္ဓမ္မဇောတိကဓဇ)၏ လှူပုဂ္ဂိုလ်များဆိုင်ရာ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်သင်တန်းကို အထက(၅)နေပြည်တော်တွင် သင်ကြားလျက်ရှိကြောင်း သိရသည်။

သင်ကြားပို့ချ

ဓမ္မဗျူဟာ သာသနမာမကအဖွဲ့(နေပြည်တော်)သည် အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ် သင်တန်းများအား ၂၀၀၇ ခုနှစ်မှစ၍ နှစ်စဉ် နေပြည်တော်တွင် ဓမ္မဒါန သင်ကြားပို့ချလျက်ရှိကြောင်းနှင့် နှစ်စဉ် မေလပထမပတ်မှစ၍ တနင်္ဂနွေနေ့တိုင်း နံနက် ၈ နာရီခွဲမှ ညနေ ၄ နာရီထိ သင်ကြားပို့ချလျက်ရှိကြောင်း သိရသည်။

အဆိုပါဓမ္မ စာပေသင်တန်း၊ ဓမ္မဗျူဟာသာသန မာမကအဖွဲ့(နေပြည်တော်)သို့ ကြည်း၊ ရေ၊ လေ မိသားစုမှ အလှူငွေ ၆၅ သိန်း၊ ရတနာပုံတယ်လီပို့ အများပိုင်ကုမ္ပဏီမှ အလှူငွေ ၁၀ သိန်း၊ Red-Link Communications Co.,Ltd.မှ ၁၀သိန်း စုစုပေါင်းအလှူ ငွေ ၈၅ သိန်း လှူဒါန်းခြင်းကို သင်တန်းတည်ရာ အထက(၅)နေပြည်တော်တွင် ဇူလိုင် ၁၃ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်းနှင့် အဘိဓမ္မာတရားတော်ကို စိတ်ဝင်စားသူ ဗုဒ္ဓဘာသာဝင်တိုင်း တက်ရောက်နိုင်ကြောင်းနှင့် တက်ရောက်လိုသူများအနေဖြင့် ဒေါက်တာဝင်းသန်း ဖုန်း- ၀၉-၄၉၂၂၁၆၇၀သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

အငှားယာဉ်က ဆိုင်ကယ်ကိုတိုက် ဆိုင်ကယ်က အဓိပတိယာဉ်ကိုတိုက်မှုဖြစ်ပွား

ရန်ကုန် ဇူလိုင် ၁၅

ဇူလိုင် ၁၅ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၄၀ ခန့်တွင် အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက် လမ်းသစ်လမ်း အုတ်ကျင်းဝမှတ်တိုင်အနီးတွင် စော်ဘွားကြီးကုန်းဘက်မှ အင်းစိန်ဘက်သို့ အငှားယာဉ်အမှတ် 9A/ -----တိုယိုတာခဲရောင် ယာဉ်မောင်းကိုကိုဇော် (၃၁ နှစ်) ရွှေပြည်သာမြို့နေသူ မောင်းနှင်လာသောယာဉ်က လားရာတူ အရှေ့ဘက်တွင် ဇော်ထွန်းဦး (၄၅ နှစ်) ကျွမ်းကျင်-၄ အင်ဂျင်နီယာဌာန(လမ်းတံတား) စည်ပင်သာယာဝန်ထမ်း မောင်းနှင်လာသော ကင်ဘိုအမျိုးအစား နက်ပြာရောင်ဆိုင်ကယ်ကို အနောက်မှ ဝင်တိုက်မိပြီး အငှားယာဉ်နှင့်ဆိုင်ကယ်မှာ လမ်းတစ်ဖက်ခြမ်းသို့ ရောက်ရှိသွားကာ မျက်နှာမူရာဘက်မှ ယာဉ်မောင်း သန်းဝင်းအောင် မောင်းနှင်လာသော ယာဉ်အမှတ် ၅ဂ/---- အဓိပတိ(အပြာရောင်)နှင့် ထပ်မံတိုက်မိခဲ့ရာ **(အောက်ပုံ)**ဆိုင်ကယ်မောင်းနှင်သူ ဇော်ထွန်းဦးမှာ နေရာတွင်ပင် သေဆုံးသွားခဲ့သည်။

ဆိုင်ကယ်နောက်တွင် လိုက်ပါစီးနင်းလာသူ ကျော်သူအောင်(၃၀ နှစ်)၊ အငှားယာဉ်မောင်း ကိုကိုဇော်နှင့် အငှားယာဉ်ပေါ်ပါ အမျိုးသားနှစ်ဦး ပေါင်းလေးဦးတို့မှာ သတိလစ်မေ့မြောနေ၍ အင်းစိန်ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။ **မြင့်ဦး(အင်းစိန်)**

ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပျိုး

မန္တလေး ဇူလိုင် ၁၅

မန္တလေးမဟာအောင်မြေမြို့နယ် အထကခွဲ(၂)တွင် ဇူလိုင် ၁၃ ရက် နံနက် ၇ နာရီက ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပသည်။

ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနေ့ အထိမ်းအမှတ်သစ်ပင်စိုက်ပျိုးပွဲသို့ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုင်းမောင်မောင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဌေးမြင့်၊ မြို့နယ်ပညာရေးမှူး ဒေါက်တာသက်လှစု၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးမင်းထိုက်၊ လက်ထောက်မြို့နယ်ပညာရေးမှူးဦးကြည်လင်း၊ မဟာအောင်မြေမြို့နယ်ထ-ခွဲ(၂)မှ ကျောင်းအုပ်ဆရာကြီး ဦးသန်းစိုးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်စိုက်ပျိုးကြသည်။ အဆိုပါကျောင်းတွင် ပန်းအလှပင် ၇၅ ပင်၊ လေကာပင် ၁၅ပင်၊ အရိပ်ရပင် ၁၀ ပင်၊ ဆေးဖက်ဝင်အပင် ၁၅ ပင်၊ ရတနာတန်းဝင်အပင် ငါးပင်ကို စုပေါင်းစိုက်ပျိုးကြသည်။ **ခင်ခင်ဝင်း(ပညာရေး)**

ကျန်းမာရေးဝန်ကြီးဌာန
ဆေးသိပ္ပံပညာဦးစီးဌာန
သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်
မန္တလေးမြို့

(၁) ဆေးသိပ္ပံပညာဦးစီးဌာန၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ မန္တလေးတွင် သင်ကြား/ကုသရေး၌ လိုအပ်သော ဆေးဘက်ဆိုင်ရာ သင်တန်းသုံးပစ္စည်းများ၊ လျှပ်စစ်သုံးစက်ပစ္စည်းများ၊ အရပ်ရပ်သုံးပစ္စည်းများနှင့် ပရိဘောဂများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

(၂) ဈေးနှုန်းတင်သွင်းလွှာပုံစံများ
စတင်ရောင်းချမည့်ရက် - ၁၀-၇-၂၀၁၄ရက်
တင်ဒါပိတ်မည့်အချိန် - ၃၁-၇-၂၀၁၄ရက် ညနေ ၄နာရီ

(၃) တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ပစ္စည်းများစာရင်းကို အသေးစိတ်သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ မန္တလေး (ဖုန်း-၀၂-၈၀၇၇၀၊ ၀၂-၈၁၂၄၁)တို့သို့ လာရောက်ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

သင့်သွေးဖြင့်
အသက်ကယ်ပါ

အမည်ပြောင်း

ဦးမိုးမြစ်၏သမီး ဘားအံမြို့၊ အထက (၁) အဌမတန်း(D)မှ နန်းရွှေစင်အား မကြယ်စင်လင်းဟု ယနေ့မှစ၍ ပြောင်းလဲခေါ်ဆိုပါရန်။

မကြယ်စင်လင်း

လူကုန်ကူးမှုတွန်းလှန်မှ
လူသားဘဝလုံခြုံရ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး၊
စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ
ကျောက်စိမ်းလုပ်ကွက်များ ရပ်နားထားသည့်သက်တမ်းကာလအတွက်
ထပ်မံသက်တမ်းတိုးပေးမည်ဖြစ်ကြောင်း

အသိပေးကြေညာခြင်း

ကြေညာချက်(၅/၂၀၁၄)
၁၃၇၆ ခုနှစ် ဝါဆိုလပြည့်ကျော် ၄ ရက်
(၂၀၁၄ ခုနှစ် ဇူလိုင် ၁၅ ရက်)

၁။ ကချင်ပြည်နယ်အတွင်း ဖြစ်ပေါ်နေသော အခြေအနေများအရ လုံးခင်း၊ ဖားကန့် ရတနာနယ်မြေ၊ မော်လူး၊ မော်ဟန်ရတနာနယ်မြေနှင့် ခန္တီးရတနာနယ်မြေတို့တွင် ကျောက်စိမ်း တူးဖော်မှုလုပ်ငန်းများကို ၃၁-၅-၂၀၁၂ ရက်မှစတင်၍ ယာယီရပ်နားခဲ့ပါသည်။

၂။ ကျောက်စိမ်းတူးဖော်မှုလုပ်ငန်းများကို ၁-၉-၂၀၁၄ ရက်မှစတင်၍ ပြန်လည်တူးဖော်ခွင့်ပြု မည်ဖြစ်ကြောင်း ၇-၇-၂၀၁၄ ရက်စွဲပါ ကြေညာချက်အမှတ် ၄/၂၀၁၄ ဖြင့် မြန်မာ့အလင်း၊ ကြေးမုံနှင့် မြဝတီသတင်းစာများတွင် ထည့်သွင်း၍ အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။

၃။ အထက်ပါရတနာနယ်မြေများအတွင်း ကျောက်စိမ်းတူးဖော်ခွင့်ပြုမိန့်ရရှိထားသည့် လုပ်ကွက်များအတွက် ရပ်နားထားသည့် သက်တမ်းကာလများအလိုက် သက်တမ်းတိုးပေးမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ တူးဖော်ခွင့်ပြုမိန့်ရရှိထားသော လုပ်ကွက်များကို သက်တမ်းတိုးပေးနိုင်ရေးအတွက် ကျောက်စိမ်းတူးဖော် လုပ်ကိုင်ခွင့်ရရှိသောကုမ္ပဏီများသည် ခွင့်ပြုမိန့်ကတ်များနှင့်အတူ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)သို့ ၂၁-၇-၂၀၁၄ ရက်မှ စတင်၍ လာရောက်ဆက်သွယ်သက်တမ်းတိုးနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး
စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ

မိုင်းကိုင်မြို့နယ် သမိုင်းဝင်စော်ဘွားကန် ပြန်လည်ပြုပြင်မွမ်းမံ

မိုင်းကိုင် ဇူလိုင် ၁၅

ရှမ်းပြည်နယ် လွိုင်လင်ခရိုင် မိုင်းကိုင်မြို့နယ်၏ ရှေးဟောင်းသမိုင်းဝင် အမွေအနှစ်ဖြစ်သော စော်ဘွားကန်သည် ဧရိယာအကျယ်အဝန်းအားဖြင့် ၂၈ ဒသမ ၂၀၃ ဧကရှိပြီး မိုင်းကိုင်မြို့ အမှတ်(၁)ရပ်ကွက်၊ အမှတ်(၃)ရပ်ကွက်၊ အမှတ်(၄)ရပ်ကွက်ရှိ ပြည်သူများ သောက်သုံးရေရရှိရေး၊ စိုက်ပျိုးရေးလုပ်ငန်းအတွက် စိုက်ပျိုးရေရရှိရေး၊ မီးဘေးကြိုတင်ကာကွယ်ရေး စသည်တို့အတွက် များစွာအထောက်အကူပြုသည့်အပြင် မြို့၏ကျက်သရေဆောင် ရေကန်ကြီးတစ်ကန်လည်းဖြစ်သည်။

အဆိုပါ စော်ဘွားကန်ကို ပြန်လည်ပြုပြင်မွမ်းမံရန်အတွက် ရှမ်းပြည်နယ်အစိုးရ၏ ဒေသဖွံ့ဖြိုးရေးထောက်ပံ့ရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် ကန်ပေါင်မြှင့်တင်ရေးလုပ်ငန်းကို ဖေဖော်ဝါရီ ၂၇ ရက်မှ စတင်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီလွင်စိုး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီတို့ ကြီးကြပ်ဦးဆောင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

စော်ဘွားကန် ပြန်လည်ပြုပြင်မွမ်းမံရေးအတွက် ဒေသခံပြည်သူများကလည်း လိုလိုလားလား ပါဝင်ပူးပေါင်းသဖြင့် ရပ်ဝေးရပ်နီးမှ စေတနာရှင် အလှူရှင် ဦးအိုက်ထွန်း (ရွှေတောင်ကုမ္ပဏီ)မှ ငွေကျပ်သိန်း ၃၀၀၊ ဦးပီချံ(လွယ်ဝိုးလမ်းအချိုးခြောက်လုပ်ငန်း)မှ ငွေကျပ် သိန်း ၂၀၀၊ ဌာနဆိုင်ရာများနှင့် ဒေသခံများမှ ထည့်ဝင်လှူဒါန်းကြရာ ကန်ပေါင်မြှင့်တင်ရေးအပြင် နုန်းစစ်ကန်တည်ဆောက်ခြင်း၊ ကန်ပတ်ကားလမ်းဖောက်လုပ်ခြင်း၊ ရေချိုးဆိပ်တည်ဆောက်ခြင်း၊ မီးဘေးကြိုတင်ကာကွယ်ရေး မီးသတ်ရေငုပ်စိုက်ထူခြင်း စသည့်လုပ်ငန်းများအတွက် စုစုပေါင်း ငွေကျပ် သိန်း ၈၀၀ ကျော်ဖြင့် ဇွန်လကုန်တွင် တည်ဆောက်ပြီးစီးခဲ့သည်။ ယခုအခါတွင် စော်ဘွားကန်ကြီးကို ရေများပြန်လည်ဖြည့်သွင်းနေပြီဖြစ်သဖြင့် ကန်ပေါင်သို့ အလည်ရောက်သူများ၊ ကျန်းမာရေးလေ့ကျင့်ခန်းပြုလုပ်သူများ၊ ရေချိုးဆိပ်၌ ရေချိုးသူများဖြင့် စည်ကားလျက်ရှိသည့်အပြင် မြို့တွင်းသောက်သုံးရေရရှိရေး၊ စိုက်ပျိုးရေလုံလောက်စွာရရှိရေး၊ မီးဘေးကြိုတင်ကာကွယ်ရေးတို့အတွက် လုံခြုံစိတ်ချရပြီဖြစ်သောကြောင့် မြို့နေပြည်သူများ လွန်စွာဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။ **နန်းလှိုင်လှိုင်ဦး(မိုင်းကိုင်)**

မိုးရွာသွန်းမှုနည်းပါးသောကြောင့် မိုးခေါ်လွန်ဆွဲ

ကျွန်းလှ ဇူလိုင် ၁၅

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် အင်းကောင်းကျေးရွာ၌ မိုးရွာသွန်းမှုနည်းပါးပြီး သီးနှံဖြစ်ထွန်းအောင်မြင်ရန် ရည်ရွယ်၍ မိုးခေါ်လွန်ဆွဲပွဲကျင်းပကြောင်း သိရသည်။ မိမိတို့ကျေးရွာတွင် ယခုလို မိုးခေါ်လွန်ဆွဲပွဲ ကျင်းပလေ့မရှိကြောင်း၊ သီးနှံတွေ မိုးမျှော်နေသည့်အတွက် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖတို့က ပြုလုပ်ပေးကြောင်း၊ ကျေးလက်နေပြည်သူများကလည်း တစ်ရွာလုံးလာရောက်၍ လွန်ဆွဲကြကြောင်း ရွာသားတစ်ဦးက ပြောပြသည်။

မျိုးဝင်းညို(ကျွန်းလှ)

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

တမူးမြို့တွင် လျှပ်စစ်ဓာတ်အားရရှိရေး အဓိကလိုအပ်

တမူး ဇူလိုင် ၁၅

"လျှပ်စစ်ဓာတ်အားရရှိရေးအတွက် အိန္ဒိယကနေစီးဆင်းလာတဲ့ မဟူရာချောင်းအတွင်းနှစ်နေရာ လျာထားဆောင်ရွက်နေပါတယ်။ နှစ်နေရာလုပ်မယ်ဆိုရင် ၃ မဂ္ဂါဝပ်လောက်ထွက်မယ်လို့ ခန့်မှန်းထားပါတယ်။ အိန္ဒိယကုမ္ပဏီနဲ့လုပ်မှာပါ၊ MoU ထိုးပြီးပြီလို့ သိရပါတယ်။ နောက်တစ်ခုက တမူးကနေ ၁၃ မိုင်လောက်ဝေးတဲ့ ပွတ်သာကျေးရွာအနီး ယူးချောင်းမှာလည်း လုပ်ဖို့ရှိတယ်။ တမူးမြို့မှာရှိတဲ့ ချောင်းပိတ်မြောင်းပိတ်တွေ လုပ်မယ်ဆိုရင်တောင် ၂၅ မဂ္ဂါဝပ်လောက် ထွက်မယ်လို့ခန့်မှန်းတယ်။ တမူးမြို့ရဲ့ လျှပ်စစ်မီးလိုအပ်ချက်က ၅ မဂ္ဂါဝပ်ဆိုရင် ပိုနေပြီး တမူးမြို့ လျှပ်စစ်မီး သာရမယ်ဆိုရင် ဒီထက်ပိုတိုးတက်လာမှာပါ။ ဒါကြောင့် တမူးမြို့တွင် ၂၄ နာရီ လျှပ်စစ်ဓာတ်အားရရှိရေး အဓိကလိုအပ်နေပါတယ်"ဟု တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင်က ပြောသည်။

"ယခုအခါ တမူးမြို့တွင် လျှပ်စစ်မီးကို ညပိုင်းတွင်သာရရှိပြီး ဒီဇယ်အင်ဂျင်ဖြင့် မီးပေးနေပါတယ်။ ည ၇ နာရီကနေ ၁၀ နာရီအထိ ၃ နာရီရပါတယ်။ လျှပ်စစ်မီးရတဲ့အချိန်လေးမှာ လျှပ်စစ်နှင့်လုပ်ရတဲ့ လုပ်ငန်းဟူသမျှပြီးအောင် လုပ်ထားရပါတယ်"ဟု တမူးဒေသခံ ဦးကျော်သူရက ပြောသည်။

"တမူးဆိုတာက အိန္ဒိယနယ်စပ်မြို့ကလေးပါ၊ ဟိုဖက်မိုရေးနှင့်ဆို ဘယ်လောက်မှမဝေးပါဘူး။ မိုရေးမှာက ၂၄ နာရီ လျှပ်စစ်မီးရပါတယ်။ အရာရာတိုင်းကို လျှပ်စစ်မီးဖြင့်လုပ်ပါတယ်။ ညဆိုရင် လျှပ်စစ်မီးရတာချင်းက သိသာပါတယ်။ မိုရေးမှာဆို ညအလင်းပေါက်လျှပ်စစ်မီးတွေနှင့် ထိန်ထိန်ညီးနေတာပါ။ တမူးဘက်မှာကတော့ ညအမှောင်အတိုင်းပါပဲ"ဟု တမူးဒေသခံတစ်ဦးက ပြောသည်။ **သျှင်နေမင်း**

စံတော်သာဘိုးဘွားရိပ်သာသို့ အလှူငွေလှူဒါန်း

ကောလင်း ဇူလိုင် ၁၅

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် နန္ဒင်းတောအုပ်စု စံတော်သာဘိုးဘွားရိပ်သာတွင် ဇူလိုင် ၁၃ ရက်က ထာဝရငွေပဒေသာပင် အလှူငွေပေးအပ်ပွဲကျင်းပရာ စံတော်သာဘိုးဘွားရိပ်သာ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးမှူးဦးရဲမြင့်နှင့် စေတနာအလှူရှင် ကောလင်းမြို့ မြို့ကုန်းရပ်နေ ဦးအုန်းခိုင်နှင့် ဒေါ်မြမေ မိသားစုများ တက်ရောက်ကြသည်။

အလှူငွေပေးအပ်ပွဲတွင် ဘိုးဘွားရိပ်သာ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ အုပ်ချုပ်ရေးမှူးက ပေးအပ်လှူဒါန်းရခြင်းနှင့် ထာဝရငွေပဒေသာပင်စိုက်ထူရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကောလင်းမြို့ မြို့ကုန်းရပ်နေ ဦးအုန်းခိုင်-ဒေါ်မြမေ မိသားစုက တစ်နှစ်တာအာဟာရငွေပဒေသာပင်အတွက် ငွေကျပ်သိန်း ၂၀ ကို ဘိုးဘွားရိပ်သာ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဝင် ဦးချစ်တင်သို့ ပေးအပ်လှူဒါန်းသွားကြောင်း သိရသည်။ **အောင်ကျော်စိုး(iprd)**

ဆေးတက္ကသိုလ်-မကွေး
နဝမအကြိမ် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

ဆေးတက္ကသိုလ်-မကွေး၏ နဝမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကို ၃၀-၈-၂၀၁၄ရက်(စနေနေ့)နံနက်ပိုင်းတွင်လည်းကောင်း၊ အစမ်းလေ့ကျင့်ခြင်းကို ၂၉-၈-၂၀၁၄ရက်(သောကြာနေ့)နံနက်ပိုင်းတွင်လည်းကောင်း ဆေးတက္ကသိုလ်၊ မကွေး၊ ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ၂၀၁၄ခုနှစ် မတ်လမှစ၍ ဆေးပညာမဟာသိပ္ပံဘွဲ့စာမေးပွဲအောင်မြင်ပြီးသူများနှင့် ၂၀၁၃ခုနှစ် ဇွန်လအတွင်း နောက်ဆုံးအမ်ဘီဘီအက်စ်အပိုင်း(ခ)သင်တန်းစာမေးပွဲဖြေဆိုအောင်မြင်ပြီး အလုပ်သင်ဆရာဝန်(၁)နှစ်တာဝန်ထမ်းဆောင်ပြီးသူများသည် ဘွဲ့နှင်းသဘင်တက်ရောက်ရန် လျှောက်ထားကြရမည်။

ထိုကာလမတိုင်မီ အောင်မြင်သူများသည် အဝေးရောက်ဘွဲ့ကိုသာ လျှောက်ထားခွင့်ရှိသည်။

ဘွဲ့နှင်းသဘင်ကြေး - ကျပ် ၁၅၀၀
အဝေးရောက်ကြေး - ကျပ် ၁၀၀၀
လျှောက်လွှာပိတ်ရက် - ၁၅-၈-၂၀၁၄

သတ်မှတ်ထားသောလျှောက်လွှာတွင် ပြည့်စုံစွာဖြည့်စွက်လျက် နောက်ဆုံးရိုက်ကူးထားသော ၁½"×၂"ရောင်စုံဓာတ်ပုံသုံးပုံနှင့်အတူ လျှောက်ထားကြရမည်။

အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ဤတက္ကသိုလ်စာမေးပွဲနှင့်ဘွဲ့နှင်းသဘင်ဌာနစု ဖုန်း-၀၆၃-၂၃၇၀၁/၀၂၊ လိုင်းခွဲ-၂၀၇သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

နုနုရီ
မော်ကွန်းထိန်း
ဆေးတက္ကသိုလ်-မကွေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
မကွေးတိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မကွေးတိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ ခရိုင်/မြို့နယ် ပြည်သူ့ဆေးရုံများ၊ တိုက်နယ်ဆေးရုံများ၊ ကျေးလက်ကျန်းမာရေးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲများတွင် လူနာများကိုဆေးကုသပေးနိုင်ရေးအတွက် လိုအပ်သော ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့်ဝယ်ယူမည်ဖြစ်ပါ၍ ရောင်းချသူက အဆိုပါ နေရာများ၏ ခရိုင်/မြို့နယ်ဆေးရုံများရှိ ဆေးသိုလှောင်ခန်းအရောက် တင်သွင်းပေးပို့ရန်အတွက် လိုင်စင်ရဆေးကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၈-၇-၂၀၁၄ရက်(သောကြာနေ့)
တင်ဒါပိတ်မည့်ရက် - ၁၈-၈-၂၀၁၄ရက်(တနင်္လာနေ့)
တင်ဒါပိတ်မည့်အချိန် - ၁၆း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ဆေးဝါးစာရင်းအသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှူးရုံး
မကွေးတိုင်းဒေသကြီး
ပြည်တော်သာလမ်း၊ မကွေးမြို့၊
ဖုန်း-၀၆၃-၂၃၆၈၅၊ ၀၆၃-၂၅၉၃၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်း စာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် အောက်ဖော်ပြပါ ယာဉ်အပိုပစ္စည်းနှင့် လက်သုံးကိရိယာများဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်-

(က) ယာဉ်အပိုပစ္စည်း ၇၅ မျိုး
(ခ) တာယာ ၆ မျိုး
(ဂ) ဘက်ထရီ ၈ မျိုး
(ဃ) အင်ဂျင်ဝိုင်နှင့်လက်သုံးကိရိယာ ၃ မျိုး

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၈-၇-၂၀၁၄ရက်မှ ၄-၈-၂၀၁၄ရက်အထိ နေ့စဉ်နံနက် ၉း၃၀နာရီမှ ညနေ ၁၆း၀၀နာရီအတွင်း ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ် ၃၂၊ နေပြည်တော်နှင့် စက်ပြင်နှင့်ပစ္စည်းထိန်းဌာနခွဲ သဇင်ရုံလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တို့တွင် ပုံစံတစ်စောင်လျှင် ၅၀၀၀/-(ကျပ်ငါးထောင်တိတိ)ဖြင့် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၅-၈-၂၀၁၄ရက် (အင်္ဂါနေ့)မွန်းလွဲ ၁၃း၀၀နာရီတွင် နေပြည်တော်၊ ရုံးအမှတ်(၃၂)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းကြရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာတွင် စုံစမ်းမေးမြန်းနိုင်ပါသည်-

အိတ်ဖွင့်တင်ဒါကြီးကြပ်ရေးအဖွဲ့
ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန
ရုံးအမှတ် ၃၂၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၆၀၈၈၊ ၀၆၇-၄၀၆၁၆၇၊ ၀၆၇-၄၀၆၁၉၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဗဟိုစက်ပစ္စည်း စာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် အောက်ဖော်ပြပါလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါများတင်သွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်။

သိုလှောင်ရုံ ၁၀ လုံး၏ Fire Fighting & Fire Protection System ဆောက်လုပ်ခြင်းလုပ်ငန်း

(က) Fire Hydrant and Fire Hose Reel System Installation
(ခ) Fire Sprineler System Installation
(ဂ) Ground Tank and Pump House Construction

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၈-၇-၂၀၁၄ရက်မှ ၁၂-၈-၂၀၁၄ရက်အထိ နေ့စဉ်နံနက် ၉း၃၀နာရီမှ ညနေ ၁၆း၀၀နာရီအတွင်း ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ်(၃၂)၊ နေပြည်တော်နှင့် စက်ပြင်နှင့်ပစ္စည်းထိန်းဌာနခွဲ၊ သဇင်ရုံလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တို့တွင် ပုံစံတစ်စောင်လျှင် ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ) ဖြင့် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၃-၈-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)နံနက်၁၃း၀၀နာရီတွင် နေပြည်တော်၊ ရုံးအမှတ်(၃၂)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းကြရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ထက်ကျော်လွန်သော တင်ဒါများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ပါလိပ်စာတွင် စုံစမ်းမေးမြန်းနိုင်ပါသည်-

အိတ်ဖွင့်တင်ဒါကြီးကြပ်ရေးအဖွဲ့
ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန
ရုံးအမှတ်(၃၂)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၆၀၈၈၊ ၀၆၇-၄၀၆၃၂၂

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ရွှေဗန်းမော်ဆိပ်ကမ်းရေယာဉ်များဆိုက်ကပ်၊ ပြည်သူများခရီးသွားလာမှု အဆင်ပြေ

ဇူလိုင် ၁၄ ရက်က ပြည်ကြီးတံခွန်ရေယာဉ် ရွှေဗန်းမော်ဆိပ်ကမ်းမှ မန္တလေးသို့ ထွက်ခွာနေစဉ်။

ဗန်းမော် ဇူလိုင် ၁၅

ကချင်ပြည်နယ် ဗန်းမော်မြို့တွင် ပြည်ကြီးတံခွန် ရေယာဉ်များသည် ရွှေဗန်းမော်ဆိပ်ကမ်းသို့ ဇွန် ၂၄ရက် ညနေပိုင်းမှစတင်၍ ဆိုက်ကပ်ရပ်နားပြီး မန္တလေးသို့ ထွက်ခွာပြေးဆွဲပေး၍ ကုန်တင်ကုန်ချနှင့် ပြည်သူများခရီးသွားလာမှုပိုမိုအဆင်ပြေကြောင်း သိရသည်။ "ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် ရေယာဉ်များ ရွှေဗန်းမော်ဆိပ်ကမ်းသို့ ဆိုက်ကပ်နိုင်တယ်၊ မန္တလေး-ဗန်းမော်ပြည်ကြီးတံခွန် ရေယာဉ်စီးခမှာ လူတစ်ဦးလျှင် ရိုးရိုးတန်းငွေကျပ် ၄၆၅၀၊ အထက်တန်းငွေကျပ် ၁၄၈၅၀ ဖြစ်တယ်။ ကုန်တင်နှစ်ထပ်ရေယာဉ်ကြီးများလည်း ရွှေဗန်းမော်ဆိပ်ကမ်းသို့ ရပ်နားဆိုက်ကပ်ပါတယ်" ဟု ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးရုံးမှ ဝန်ထမ်းတစ်ဦးက ပြောသည်။

ပြည်ကြီးတံခွန်ရေယာဉ်များသည် တနင်္လာ၊ ကြာသပတေး၊ စနေနေ့များတွင် မန္တလေးမှ နံနက် ၆ နာရီတွင် ထွက်ခွာ၍ တနင်္လာ၊ ဗုဒ္ဓဟူး၊သောကြာနေ့များတွင် ဗန်းမော်မှ နံနက် ၇ နာရီတွင် ထွက်ခွာမည်ဖြစ်သည်။ ရေယာဉ်စီးခရီးသည်များ သက်သောင့်သက်သာဖြင့် စီးနင်းလိုက်ပါနိုင်ခြင်းတို့ကြောင့် ပြည်သူများခရီးသွားလာမှု ပိုမိုအဆင်ပြေကြောင်း သိရသည်။

ဆီမီးခုံ -နန်းရီ

ရွှေ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၅-၇-၂၀၁၄

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၈၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၃၈၁၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၇၃၀၀

စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၈၇
ဒီဇယ်	တစ်လီတာ	ကျပ် ၉၆၀
အောက်တိန်း ၉၂	တစ်လီတာ	ကျပ် ၉၄၀
အောက်တိန်း ၉၅	တစ်လီတာ	ကျပ် ၁၂၀၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၈၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၃၈၀၀-၄၅၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၂၈၀၀-၃၅၀၀
၃။	ငါးရံ့	တစ်ပိဿာ	၇၀၀၀-၉၅၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၇၀၀၀-၁၂၀၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၈၀၀၀-၁၃၅၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၉၅၀၀-၂၇၀၀၀
၇။	ငါးသားလောက်	တစ်ပိဿာ	၆၃၀၀-၉၇၀၀
၈။	ကြက်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀
၉။	ဝက်	တစ်ပိဿာ	၆၀၀၀-၈၀၀၀
၁၀။	အမဲ	တစ်ပိဿာ	၇၅၀၀-၈၅၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၆၀၀၀-၉၅၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၇၀-၉၇၅
ဥရောပ	တစ်ယူရို	၁၃၃၀-၁၃၃၇
စင်ကာပူ	တစ်ဒေါ်လာ	၇၈၀-၇၈၂
ထိုင်း	တစ်ဘတ်	၃၂-၃၂.၂
အိန္ဒိယ	တစ်ရူပီး	၁၅.၇-၁၆.၁
တရုတ်	တစ်ယွမ်	၁၆၀-၁၆၄
မလေးရှား	တစ်ရင်းဂစ်	၃၀၅-၃၀၆

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

မိုးဆန်(ဧည်မာအသစ်)	တစ်အိတ်	၁၇၈၀၀
ပေါ်ကျွဲ (အသစ်)	တစ်အိတ်	၂၂၀၀၀
ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၆၅၀၀-၃၀၀၀၀
မြေပဲဆီ	တစ်ပိဿာ	၃၂၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၅၁၀
ဆိပ်ဖြူကြက်သွန်ဖြူ	တစ်ပိဿာ	၃၄၀-၆၀၀
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၁၀၀-၁၆၅၀
ကြက်သွန်ဖြူ(ကြိုကုတ်)	တစ်ပိဿာ	၁၂၄၀-၁၂၅၀
အာလူး(ရှမ်း)	တစ်ပိဿာ	၄၅၀-၇၄၀
ရေတ်ရှည် (ညောင်ရမ်း)	တစ်ပိဿာ	၂၂၀၀
ရေတ်ပွ (စိမ်းစား)	တစ်ပိဿာ	၄၀၀၀-၄၅၀၀
သကြား	တစ်ပိဿာ	၉၁၀-၉၄၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-စေ့စပ်ပြင်ဆင်ပြသည်။

သနပ်ခါးစိုက်သူများ ပေါများလာ၍ ယာမြေဈေးနှုန်းများမြင့်တက်

မုံရွာ ဇူလိုင် ၁၅

မုံရွာခရိုင်အတွင်းရှိ အရာတော်မြို့နယ်သည် စပါး၊ ပဲမျိုးစုံ၊ နှမ်း၊ ဝါ၊ မြေပဲ၊ ပဲစင်းငုံတို့ကို ရေလျှံတွင်း၊ မြစ်ရေတင်စီမံကိန်းများဖြင့် စိုက်ပျိုးလျက်ရှိရာမှ ယခုအခါတွင် စိုက်ပျိုးရေ လိုအပ်ချက်နည်းပါးစွာဖြင့် စိုက်ပျိုးနိုင်သော သနပ်ခါးစိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်လာလျက်ရှိရာ သနပ်ခါးစိုက်ပျိုးမြေများ ဝယ်ယူစိုက်ပျိုးသူများပြားလာသဖြင့် **(ယာပုံ)** မြေဈေးနှုန်းများ မြင့်တက်လာလျက်ရှိကြောင်း သိရသည်။

စိုက်ပျိုးမြေဈေးနှုန်းများမြင့်တက်လာမှုနှင့်ပတ်သက်ပြီး "၂၀၀၀ ပြည့်နှစ်လောက်က သနပ်ခါးစိုက်တဲ့သူနည်းပါတယ်၊ စမ်းသပ်စိုက်ပျိုးတယ်လို့ပြောရမလားပဲ၊ အဲဒီတုန်းက မြေဈေးနှုန်းတွေက တစ်ဧကမှ ငွေကျပ်နှစ်သိန်း၊ မြေကောင်းရင် ငွေကျပ်သုံးသိန်းလောက်ပဲပေးရတယ်၊ ဒါတောင် မြေဝယ်မယ့်သူ သိပ်ပြီးမရှိဘူး၊ နောက်ပိုင်းကျတော့ သနပ်ခါးက အောင်မြင်လာတော့ လိုက်ပြီးစိုက်လာကြတယ်၊ အဲဒီမှာ မြေဈေးတွေက တက်တော့တာပဲ၊ အခုအချိန်မှာ တစ်ဧကကို ငွေကျပ်သိန်း ၂၀ မှ ငွေကျပ်သိန်း ၃၀ အထိပေးဝယ်ရတယ်၊ ရွာနားနီးရင် ငွေကျပ်သိန်း ၄၀ လောက်ပေးရတယ်၊ သနပ်ခါးက အရာတော်မြို့ရဲ့အဓိကထွက်ကုန်တစ်ခုလို ဖြစ်နေပြီ"ဟု အရာတော်မြို့နယ်မှ သနပ်ခါးစိုက်တောင်သူတစ်ဦးက ပြောသည်။ အရာတော်မြို့နယ်တွင် ယခင်ကစပါး၊ ပဲမျိုးစုံစိုက်ပျိုးသူများသည် သနပ်ခါးဈေးကွက်ကောင်းလာသဖြင့် သနပ်ခါးစိုက်ခင်းများကို ပိုမိုစိုက်ပျိုးလာသည်။ သနပ်ခါးပင်ငယ်စဉ်တွင် မြောင်းကြားများတွင် ပဲကြား၊ မြေပဲ၊ ပဲတီစိမ်းများကို ကြားညပ်သီးနှံအဖြစ် အောင်မြင်ဖြစ်ထွန်းစွာ စိုက်ပျိုးနိုင်ခဲ့ပြီး မိသားစုစားဝတ်နေရေး ပြေလည်စေသည့်အပြင် သနပ်ခါးပင်များ ဈေးကွက်သို့တင်ပို့ရောင်းချနိုင်သဖြင့် အဆင်ပြေလျက်ရှိသည်။

"သနပ်ခါးပင်တွေ စစိုက်တုန်းက ဝယ်မယ့်သူသိပ်မရှိဘူး၊ အခုတော့ စိုက်ခင်းထဲအရောက်လာပြီး ဝယ်ကြတယ်၊ အဲဒီလိုအလုပ်ဖြစ်လာတော့ စိုက်တဲ့သူတွေများလာတယ်၊ မြေဈေးတွေကလည်း တက်လာတော့တာပဲ၊ ဟိုတုန်းက အလကားပစ်ထားတဲ့ ကျစ်မြေကုန်းတွေပါ အခုအချိန်မှာ အဖိုးတန်နေပြီ၊ တစ်မြို့နယ်လုံးနီးပါးပဲ သနပ်ခါးစိုက်ကြတော့ မြေဈေးကလည်း လိုက်ပြီးတက်တယ်ထင်တယ်" ဟု ဝါးရောင်းကျေးရွာမှ သနပ်ခါးစိုက်တောင်သူတစ်ဦးက ပြောသည်။ ဈေးနှုန်းမြင့်တက်လျက်ရှိသော်လည်း ဝယ်ယူချင်သူများအနေဖြင့် အရာတော်မြို့နယ်အတွင်းသာမက နီးစပ်ရာမြို့နယ်များတွင် လိုက်လံဝယ်ယူစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။ **ဖိုးချမ်း-မုံရွာ**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

Open Tender ခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ အဏုမြူစွမ်းအင်ဦးစီးဌာန၊ ဒြပ်ပစ္စည်းသိပ္ပံနှင့် ဒြပ်ပစ္စည်းအင်ဂျင်နီယာသုတေသနဦးစီးဌာနနှင့် အမျိုးသားဓာတ်ခွဲခန်းတွင် အသုံးပြုမည့် အောက်ဖော်ပြပါ စက်ပစ္စည်းများအား နိုင်ငံခြားငွေဖြင့်လည်းကောင်း၊ အဏုမြူစွမ်းအင်ဦးစီးဌာနတွင် အသုံးပြုရန်အတွက် Emergency Container Including Cutting Pliers and Grabbing Tongs (1)Set အား မြန်မာကျပ်ငွေဖြင့်လည်းကောင်း ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်-

၁။ **အဏုမြူစွမ်းအင်ဦးစီးဌာန**

(၁) Portable HPGe-Based Radio Nuclide Identifier (Model Falcon 5000, Canberra)
(၂) Alpha/Beta Particulate in Air Monitor (iCAM™)
(၃) Nero MAX Victoreen, Model 8000
(၄) Survey Meter-Inspector +EXP with external probe Model:EXP+
(၅) Digital Muffle Furnace Model:DMF-12
(၆) Overhead Mixer Model:ROTAX 6.8
(၇) Digital kVp Meter and Exposure Timer Model: 815
(၈) Super Low Level Liquid Scintillation Anaiyzer Model: Tricarb 3170 TR/SL

၂။ **ဒြပ်ပစ္စည်းသိပ္ပံနှင့် ဒြပ်ပစ္စည်းအင်ဂျင်နီယာသုတေသနဦးစီးဌာန**

(၁) Oligonnucleotide Synthesizer

၃။ **အမျိုးသားဓာတ်ခွဲခန်း**

(၁) Ion Cromotography
(၂) Liquid Dye Penetrate Testing
(၃) Direct Solid Autosampler
(၄) FE.SEM Tube
(၅) Multi Gas For GIS System
(၆) Column Oven
(၇) APCI Source
(၈) Q-810 Laser Shecrography Inspection System
(၉) Solvent Extractor and Accessory
(၁၀) Soxhlet Extractor & Accessory
(၁၁) Shaker
(၁၂) NDT Instrument & Accessory

၂။ တင်ဒါစပေါ်ငွေကို တင်ဒါစည်းကမ်းချက်တွင်ပါရှိသည့်အတိုင်း ဆောင်ရွက်၍ Open Tender ပုံစံများကို ၁၆-၇-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ရုံးအမှတ်(၂၁)တွင် လာရောက်ထုတ်ယူနိုင်ပြီး ၁၆-၈-၂၀၁၄ ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ Open Tender ပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၀၄၀၀၇၊ ၀၆၇-၄၀၄၅၀၄သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန



(L.L.B), DIP. in Acct;

မွေးနေ့ဆုတောင်း

၁၅-၇-၂၀၁၄ ရက်တွင် ကျရောက်သော တစ်ဦးတည်းသော သားလေး မောင်ခန့်မင်းသော်(ခေတ္တဖိလစ်ပိုင်)၏ အသက်(၁၈)နှစ်ပြည့်မှ နောင်နှစ်ပေါင်း ၁၂၀ တိုင်အောင် ကြွယ်ဝသော ကောင်းချီးမင်္ဂလာအဖြာဖြာ သက်ရောက်ပါစေသော်။

ဖေဖေ ဦးကျော်လင်းထူး
တိမ်တံခွန်

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

Open Tender ခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ ဒြပ်ပစ္စည်းသိပ္ပံနှင့် ဒြပ်ပစ္စည်းအင်ဂျင်နီယာ သုတေသနဦးစီးဌာနနှင့် ဇီဝနည်းပညာသုတေသနဦးစီးဌာနတို့တွင် အသုံးပြုမည့် သင်ထောက်ကူပစ္စည်းများနှင့် သုတေသနလုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် အောက်ပါအတိုင်းဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။ အသေးစိတ်စာရင်းများအား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ်(၂၁)ရှိ ကြော်ငြာသင်ပုန်းတွင် ကပ်ထားမည်ဖြစ်ပါသည်-

စဉ်	ဦးစီးဌာန	အရေအတွက်
၁။	ဒြပ်ပစ္စည်းသိပ္ပံနှင့်ဒြပ်ပစ္စည်းအင်ဂျင်နီယာသုတေသနဦးစီးဌာန	(၄၀)မျိုး
၂။	ဇီဝနည်းပညာသုတေသနဦးစီးဌာန	(၄၄)မျိုး

၂။ တင်ဒါစပေါ်ငွေကို တင်ဒါစည်းကမ်းချက်တွင်ပါရှိသည့်အတိုင်း ဆောင်ရွက်၍ Open Tender ပုံစံများကို ၁၆-၇-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ်(၂၁)တွင် လာရောက်ထုတ်ယူနိုင်ပြီး ၁၃-၈-၂၀၁၄ ရက် ၁၆း၃၀ နာရီနောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ Open Tender ပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၀၄၀၀၇၊ ၀၆၇-၄၀၄၅၀၄တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

၂၀၁၄ ခုနှစ် ဇွန်လအတွင်း မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု

နေပြည်တော် ဇူလိုင် ၁၅

ဇွန်လအတွင်း တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာနတို့မှ ဘိန်း ၃၅ မှု (အလေးချိန် ၈၁ ဒသမ ၀၈၉၁ ကီလို)၊ ဘိန်းဖြူ ၂၂၆ မှု (အလေးချိန် ၄ ဒသမ ၇၁၃၅ ကီလို)၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၄ မှု၊ (၄၇၂၄၁၀ ပြား)၊ဆေးခြောက် ၁၆ မှု (အလေးချိန် ၁၃ ဒသမ ၉၆၂၃ကီလို)၊ ဆူဒိုအက်ဖီဒရင်း တစ်မှု၊ ၄၄၆ ပြား၊ ဘိန်းဆီခဲ ၁၂ မှု (အလေးချိန် ၀ ဒသမ ၅၅၆၃ ကီလို)၊ အဆင့်နိမ့်ဘိန်း ၂၅ မှု(အလေးချိန် ၁၃ ဒသမ ၅၉၃၆ ကီလို)၊ အယ်ပရာဇိုလမ် တစ်မှု(၁၂၀၀ပြား)၊ ဗျူပရီနော်ဖင်းတစ်မှု၊ (ပုလင်း ၁၀၀)၊ အိုက်စ် နှစ်မှု (အလေးချိန် ၃ ဒသမ ၇၅ ကီလို)၊ ဘိန်းစာမှုန့် ငါးမှု (အလေးချိန် ၈၉ ဒသမ ၆၈၆၃ ကီလို)၊ ဘိန်းရည်(အလေးချိန် ၀ ဒသမ ၅ လစ်တာ)၊ အီသိုင်း/အီသာ တစ်မှု(အလေးချိန် ၄၆၅ လစ်တာ)၊ စိတ်ကြွအကြေမှုန့်တစ်မှု (အလေးချိန် ၀ ဒသမ ၃၆၉၄ ကီလို)၊ ဘိန်းညိုမှုန့်နှစ်မှု (အလေးချိန် ၂၅ ဒသမ ၀၂ ကီလို)၊ ဘိန်းဆီရည် တစ်မှု (၅၅ လစ်တာ)၊ ထရာမဒေါလ်မှု (အလေးချိန် ၉၈ တောင့်)နှင့် အခြားသုံးမှု၊ မှတ်ပုံတင်ပျက်ခုနစ်မှုတို့အား ဖမ်းဆီးရမိခဲ့ပြီး အမှုပေါင်း ၅၆၃ မှု ဖမ်းဆီးခဲ့ရာတွင် ပြစ်မှုကျူးလွန်သူ အမျိုးသား ၆၇၄ ဦး၊ အမျိုးသမီး ၁၂၄ ဦး စုစုပေါင်း ၇၉၈ ဦးတို့အား ဥပဒေအရ အရေးယူခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇူလိုင် ၁၄ ရက်က မကွေးတိုင်းဒေသကြီး မကွေးမြို့ဧရာဝတီမြစ်ရေတိုးချိန်တွင် ဧရာဝတီမြစ်အတွင်း သင်္ဘောကြီးများဖြင့် ကုန်စည်များကို သယ်ယူပို့ဆောင်သွားလာနိုင်ခြင်း၊ သွားလာရေးလွယ်ကူခြင်း၊ သက်သောင့်သက်သာ သွားလာနိုင်ခြင်းတို့ကြောင့် စက်လှေများ၊ သင်္ဘောများ၊ မော်တော်များ ရေကြောင်းအသုံးပြုမှု များပြားလာသည်ကို တွေ့ရစဉ်။

ဇာဇာ(မကွေး)

ပင်လယ်ရေလှိုင်းဒဏ်ကြောင့် နေအိမ်ပျက်စီးမှုများဖြစ်ပွား

ဟိုင်းကြီးကျွန်း ဇူလိုင် ၁၅

ဟိုင်းကြီးကျွန်းမြို့ အမှတ်(၃) ရပ်ကွက် နယ်မြေ(၁၁)တွင် ပင်လယ်ရေလှိုင်းရိုက်ခတ်မှုကြောင့် လူနေအိမ်ပျက်စီးမှုများ ဆက်လက်ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

ဇူလိုင် ၁၄ ရက် မွန်းလွဲ ၁ နာရီက လူနေအိမ်ခုနစ်လုံး ထပ်မံပျက်စီးခဲ့ပြီး ပျက်စီးမှုစာရင်းအရ အိမ်ခြေ ၃၆လုံး ရှိသွားပြီဖြစ်ကြောင်းနှင့် ရေဘေးသင့်အိမ်ထောင်စုများကို ဘေးလွတ်ရာနေရာများသို့ ယာယီရွှေ့ပြောင်းနေထိုင်ကြရန် အသိပေး ကြေညာထားကြောင်း ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ထံမှ သိရသည်။

(မြို့နယ်ခွဲပြန်/ဆက်)

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်တွင် ဇူလိုင် ၁၃ ရက် ညနေပိုင်းက တိုးမြစ်ရေတိုးလာသဖြင့် မြို့ပေါ်ရပ်ကွက်များရှိ လမ်းများတစ်လျှောက် ရေများပြည့်လျှံမှုဖြစ်ပွားနေသည်ကို တွေ့ရစဉ်။ စိန်တိုး(ကွမ်းခြံကုန်း)

မော်တော်ဆိုင်ကယ်တိမ်းမှောက်၍ တစ်ဦးသေဆုံး

ဂန့်ဂေါ ဇူလိုင် ၁၅

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ်တွင် အရွယ်မရောက်သေးသူ မောင်းနှင်သော မော်တော်ဆိုင်ကယ်တစ်စီးတိမ်းမှောက်၍ တစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိသောဖြစ်ရပ်တစ်ခု ဇူလိုင် ၁၁ ရက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါနေ့ နံနက် ၁၁ နာရီခန့်က ဂန့်ဂေါမြို့နယ် မောက်လင်းကျေးရွာနေ မဇင်မာဝင်း(၁၄နှစ်) မောင်းနှင်ပြီး တစ်ရွာတည်းနေ မစန္ဒာဝင်း (၁၄နှစ်) နောက်ထိုင်ခုံမှ လိုက်ပါစီးနင်းသော ကန်ဘို ၁၂၅ အမျိုးအစား အနီအနက်ကြားမော်တော်ဆိုင်ကယ်သည် ဂန့်ဂေါ-ကလေးမော်တော်ကားလမ်းအတိုင်း ကျောက်ဂူဘုန်းတော်ကြီးကျောင်းမှ မောက်လင်းကျေးရွာသို့ မောင်းနှင်လာစဉ် မောက်ရွာဇရပ်၏ တောင်ဘက်ကားလမ်းရေကျော်တွင် လမ်းဝဲဘက်သို့ တိမ်းမှောက်ခဲ့သည်ဟုဆိုသည်။ သို့ဖြစ်၍ မဇင်မာဝင်းနှင့် မစန္ဒာဝင်းတို့တွင် ဒဏ်ရာများရရှိခဲ့သည်ဟုဆိုသည်။ ဒဏ်ရာရရှိသူများအား ဂန့်ဂေါခရိုင်ပြည်သူ့ဆေးရုံသို့တင်ပို့၍ ဆေးဝါးကုသခဲ့သည်။

ဆေးဝါးကုသစဉ် မစန္ဒာဝင်းမှာ သေဆုံးသွားသဖြင့် ဂန့်ဂေါမြို့ မြို့မရဲစခန်းက အမှုဖွင့်ကာ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကြီးမြင့်နိုင်(လှိုင်ကော်)**

ကျောက်ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်)
ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် သက်ကြီးပူဇော်ပွဲဖိတ်ကြားလွှာ

ကျောက်ပန်းတောင်းမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရန်ကုန်ရောက် ကျောက်ပန်းတောင်းမြို့နယ်သူ မြို့နယ်သားများအားလုံးတက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

လှူဖွယ်ပစ္စည်းများလှူဒါန်းရန်နှင့် အသက်(၇၅)နှစ်အထက် အသင်းဝင်အဘိုး အဘွားများ အမည်စာရင်းများကို ဗိုလ်မှူးကြီးနေဝင်း(ငြိမ်း) ဖုန်း-၅၅၄၉၇၂၊ ရဲမှူးကြီးတင်သိန်းဟန်(ငြိမ်း) ဖုန်း-၀၉-၅၃၂၁၉၁၉၊ ဦးရဲညွှန့် ဖုန်း-၅၄၈၈၃၈၊ ဒုတိယဗိုလ်မှူးကြီးမြင့်သိန်း(ငြိမ်း)ဖုန်း-၀၉-၅၁၄၇၉၀၄၊ ဦးမောင်မောင်လှ ဖုန်း-၂၄၀၀၄၇၊ ဦးမြင့်လွင် ဖုန်း-၅၁၀၄၅၂ တို့သို့ ဆက်သွယ်လှူဒါန်းစာရင်းပေးသွင်းနိုင်ပါသည်။

ကျင်းပမည့်ရက် - ၇-၉-၂၀၁၄ ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - မွန်းတည့် ၁၂း၀၀ နာရီ
ကျင်းပမည့်နေရာ - အကောက်ခွန်ဓမ္မာရုံ (ရွှေတိဂုံဘုရားတောင်ဘက်မုခ်အနီး)

ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ အထက(၁)၊ အထက်တန်းကျောင်းဆဋ္ဌမတန်း(B)မှ မောင်ဝေယံဖြိုး၏ ဖခင်အမည်မှန်မှာ ဦးတင်ထွန်း ၅/ဒပယ(နိုင်)၁၁၃၅၃၆ ဖြစ်ပါကြောင်း။ **ဦးတင်ထွန်း**

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၁၉ယ/၉၈၄၄၁ ယာဉ်လက်ဝယ်ရှိသူ ဒေါ်နော်လားစေးဖော ၂/ဒမဆ(နိုင်)၀၂၂၀၆၆မှ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက် ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ကယားပြည်နယ်ရုံး(လွိုင်ကော်)

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/မြို့မတောင်ရပ်၊ မင်္ဂလာဒီပရပ်ကွက်ရှိ မြေကွက်အမှတ်(ပ-၁၃၆၅)၊ ဧရိယာ ၀ ဒသမ ၁၄၆ ဧက ဒေါ်ခင်မမဆွေ အမည်ပေါက် နှစ် ၃၀ အငှားဂရန်မြေကွက်အား နေပြည်တော် စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၈၁၉/၂၀၁၂ ဖြင့် ဒေါ်ခင်မမဆွေ၏ အထွေထွေကိုယ်စားလှယ်ရရှိထားသူ ဒေါ်ဥမ္မာခိုင် ၈/မထန(နိုင်)၀၇၈၉၈၂(ဘ)ဦးစန်ရှင်းမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာ

ရွှေနန်းတော် စိန်ရွှေရတနာလုပ်ငန်းစု၏ ပထမဦးဆုံးခြေလှမ်းသစ်
68 RESIDENCE CONDOMINIUM
ကံစမ်းမဲအထူးအစီအစဉ်
၂၀၁၅ခုနှစ်၊ ဇန်နဝါရီလ(၃၁)ရက်နေ့ထိ ဝယ်ယူအားပေးကြမည့် ဧည့်သည်တော်ကြီးများအားလုံးအတွက်အထူးအစီအစဉ်
အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးနေပါသည်။
ကံစမ်းမဲ ဖွင့်လှစ်ပေးမည့်နေ့ - ၂၀၁၅ခုနှစ် ဖေဖော်ဝါရီလ (၁၂)ရက်နေ့
1st Prize
FIRST PRIZE
68 RESIDENCE
(၂၅)သိန်းရှိ အိပ်ခန်းနှစ်ခန်းပါ
CONDOMINIUM တစ်ခန်း
2nd Prize
SECOND PRIZE
BMW 528
BRAND NEW ကားတစ်စီး
3rd Prize
THIRD PRIZE
GIA CERTIFICATE
(3)ကာရက်ရှိ
စိန်လက်စွပ်တစ်ကွင်း
ROOM TYPES SQFT
2 BEDROOMS 1000 - 1100 Sqft
2 BEDROOMS + STUDY 1300 - 1300 Sqft
3 BEDROOMS + STUDY 1380 - 1580 Sqft
DUPLEX (3 BEDROOMS + 1) 2100 Sqft
DUAL KEY (2 BEDROOMS + 1 BEDROOM) 2100 Sqft
PENTHOUSE 4330 - 5400 Sqft
စိတ်ဝင်စားသည့် ဧည့်သည်တော်များအားလုံးကိုလာရောက်
လေ့လာကြည့်ရှုရန် ဖိတ်ခေါ်အပ်ပါသည်။
DAILY OPENING HOURS - 9:30AM - 7:00PM
SHOWROOM :
44/A, SAYAR SAN ROAD,BAHAN TOWNSHIP,
YANGON, MYANMAR.
09 4202 88025, 09 4253 10993,
09 730 40513, 09 4500 21758,
09 540 7541, 09 2501 41060

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

ကျေးလက်ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးရန် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေတွင် ထည့်သွင်းရေးဆွဲလျာထားပြီးဖြစ်

(ယမန်နေ့မှအဆက်)

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ဆောင်ရွက်ချက်

စစ်ကိုင်းတိုင်းဒေသကြီး

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ကြီးကြာကန်-ညောင်ပင်လှ-မုဆိုးကုန်း ကျေးရွာချင်းဆက်လမ်းတစ်မိုင်၊ ၆ ဒသမ ၅ ဖာလုံ၊ ခန့်မှန်းကုန်ကျငွေကျပ် ၅၃ သန်းနှင့် ကြီးကြာကန်-ဆုံကုန်းကျေးရွာချင်းဆက်လမ်း ခုနစ်ဖာလုံ၊ ခန့်မှန်းကုန်ကျ ငွေကျပ် ၂၂ ဒသမ ၅ သန်းတို့အား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရန်ပုံငွေဖြင့် ဆောင်ရွက်ပေးပါရန် ဦးတင်လှိုင်မြင့် တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး (စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်) မှ ခန့်မှန်းခြေ တွက်ချက်မှုစာရင်းများဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ဆပ်ကော်မတီသို့ အကူအညီတောင်းခံလာမှုအပေါ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေတွင် ထည့်သွင်းရေးဆွဲလျာထားပြီးဖြစ်ပါသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် တောင်ပေါ်(၅)အုပ်စုရှိ ကျေးရွာ ၆၅ ရွာ၏ ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးရန် တင်ပြချက်များအပေါ် ဆိုလာစနစ် (Solar Power)၊ ရေအားလျှပ်စစ် (Hydro Power) တို့ဖြင့် ကျေးလက်မီးလင်းရေးဆောင်ရွက်ရန် မိုင်းအင်းအုပ်စုရှိ နောင်ဖာ၊ ဝကျင်းဘို၊ နောင်တူ၊ နောင်နွယ် (၁)၊ နောင်နွယ်(၂) ကျေးရွာများတွင် ကုန်ကျငွေကျပ် ၁၉ သန်းဖြင့်လည်းကောင်း၊ နမ့်အင်းအုပ်စုရှိ အမောဒေ၊ ဘန်ဝူးထက်၊ နမ့်အင်း၊ နန့်ဖူး၊ ဘန်ဝူးအောက်ကျေးရွာများတွင် ကုန်ကျ ငွေကျပ် ၂၉ ဒသမ ၅ သန်းဖြင့်လည်းကောင်း၊ နားပေါ်အုပ်စုရှိ နားပေါ်၊ လွယ်ကျေး၊ လွယ်ကျေး(၂)၊ ဟာဖူးမား၊ နမ့်ရှားကျေးရွာများတွင် ကုန်ကျငွေကျပ် ၁၉ ဒသမ ၂ သန်းဖြင့်လည်းကောင်း၊ နောင်တောင်းအုပ်စုတွင် နောင်တောင်း၊ မာဖူတုံ၊ မီးကော်၊ နားကော်၊ နမ့်ဆည်နွဲ့ကျေးရွာများတွင် ကုန်ကျငွေကျပ် ၁၂ ဒသမ ၂ သန်းဖြင့်လည်းကောင်း၊ နမ့်ခတ်အုပ်စု၊ နမ့်ခတ် (ရွာသစ်)၊ နမ့်ခတ်(ရွာဟောင်း)၊ ကယ်ဝဲ့၊ တာဖယ်၊ တော်ကူးဒေကျေးရွာများတွင် ကုန်ကျငွေကျပ် ၁၆ သန်းဖြင့်လည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်ရန် စုစုပေါင်းကုန်ကျငွေကျပ် ၉၅ ဒသမ ၉သန်းအား ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် (ဖြည့်စွက်) ရန်ပုံငွေတွင် ထည့်သွင်းရေးဆွဲလျာထားပြီးဖြစ်ပါသည်။ ကျိုင်းတုံမြို့နယ် တောင်ပေါ် ၅ အုပ်စုမှ ကျေးရွာ ၂၅ ရွာရှိ အိမ်ခြေ ၁၀၁၁၊ လူဦးရေ ၅၇၈၈ ဦးအား ကျေးလက်မီးလင်းရေး အကျိုးပြုဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းများအပေါ် အကြံပြုလိုသည်များရှိပါက ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ဆပ်ကော်မတီ (Delivery Unit) သို့ ပေးပို့အကြောင်းကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ဆပ်ကော်မတီ

သတင်းတို

နတ်မောက်မြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုး

နတ်မောက် ဇူလိုင် ၁၅

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ကုလားရှင်ကျေးရွာအုပ်စု ကုလားရှင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ဝင်းအတွင်း၌ မြို့နယ်သစ်တောဦးစီးဌာနက ၂၀၁၄ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၃ ရက် နံနက် ၈ နာရီက ကျင်းပသည်။ သစ်ပင်စိုက်ပျိုးပွဲတွင် ပျိုးပင်များကို နတ်မောက်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးက မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဆွေမြင့်အားလည်းကောင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးနေဝင်းက ကျေးရွာအုပ်စု အရန်မီးသတ်တပ်ဖွဲ့ဝင်များကိုယ်စား ဦးစိုးနိုင်အားလည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးအောင်က ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ပြုံးရီနှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးညဏ်လှတို့ထံ ပေးအပ်ခဲ့သည်။ ထို့နောက် ပျိုးပင်ပေါင်း ၂၅၀၀ ကို ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နတ်မောက်မြို့နယ် သစ်တောဦးစီးဌာန ဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက စုပေါင်း၍ စိုက်ပျိုးခဲ့ကြောင်း သိရသည်။ (၁၂၇)

တွင်းကြီးလျှပ်စစ်မြစ်ရေတင်စီမံကိန်း သုံးသီးစားစိုက်ကွင်းမှ ပထမသီးနှံဖြစ်သည့် မိုးစပါးစိုက်ပျိုးနိုင်ရေး ကြိုတင်ပြင်ဆင်လျက်ရှိ

မြောင် ဇူလိုင် ၁၅

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် တွင်းကြီးလျှပ်စစ်မြစ်ရေတင်စီမံကိန်းမှ ပရိမ္မ၊ ကျားအို၊ ရွှေပန်း၊ ရွှေပန်းကျွန်းနှင့် တွင်းကြီးကျေးရွာများရှိ ယာမြေပေါ်တွင် သီးထပ်စွမ်းအားဖြင့် တစ်နှစ်သုံးသီးစား စိုက်ပျိုးနိုင်ရေးဆောင်ရွက်လျက်ရှိရာ ပထမသီးနှံဖြစ်သည့် မိုးစပါးအချိန်မီစိုက်ပျိုးနိုင်ရေး ဒေသခံတောင်သူများနှင့် မြို့နယ် စိုက်/ကြပ်မှ တာဝန်ရှိသူများ ကြိုတင်ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ တောင်သူတွေ မိုးစပါးစိုက်ပျိုးဖို့ ပျိုးထောင်ခြင်း၊ မြေပြင်ခြင်းများ ဆောင်ရွက်နေကြပြီဖြစ်လို့ မကြာမီမှာ မိုးစပါးစိုက်ပျိုးကြတော့မှာဖြစ်ပါတယ်။ စပါးပြီးရင် ဒုတိယသီးနှံ အစေ့ထုတ်ပြောင်းနှင့် ကုလားပဲကို စိုက်ပျိုးမှာပါ။ ပြီးရင်တော့ တတိယသီးနှံအဖြစ် ပဲတီစိမ်းကိုစိုက်သွားမှာပါ"ဟု တွင်းကြီးကျေးရွာမှ တောင်သူ ဦးဇော်ဝင်းက ပြောပြသည်။

မြောင်မြို့နယ် တွင်းကြီးလျှပ်စစ်မြစ်ရေတင်မှ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ပထမသီးနှံ မိုးစပါးစိုက်ဧက ၈၀၃ ဧက ဒုတိယသီးနှံ ကုလားပဲ ၁၁၅ ဧက၊ ဂျုံ ၁၃၅ ဧကနှင့် တတိယသီးနှံ အစေ့ထုတ်ပြောင်း ၂၃၂ ဧက၊ ပဲတီစိမ်း ဧက ၁၇၀ နှင့် နှမ်း ၁၀၇ ဧက စုစုပေါင်း ၁၅၆၂ ဧကအထိ သုံးသီးစား သီးထပ်နှမ်းများ စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ပထမသီးနှံ မိုးစပါး ဧက ၉၃၀၊ ဒုတိယသီးနှံ အစေ့ထုတ်ပြောင်း ဧက ၃၀၀၊ ကုလားပဲဧက ၁၅၀၊ ဂျုံဧက ၄၈၀ နှင့် တတိယသီးနှံ ပဲတီစိမ်း ဧက ၄၅၀၊ နှမ်းဧက ၄၈၀ စုစုပေါင်း ၂၇၉၀ ဧကကို စိုက်ပျိုးသွားရန်လျာထား ဆောင်ရွက်လျက်ရှိပြီး ယနေ့အထိ မြို့နယ်အတွင်း မိုးစပါးစိုက်ပြီး ၂၄ ဧကနှင့် ပျိုးထောင်ပြီးစီးမှု ဧက ၁၂၀(စာ) ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင့်နိုင်စိုး(ထီးလှိုင်မြေ)

မူလတန်းလွန်ကျောင်း အဆင့်တိုးမြှင့်ဖွင့်

ထန်ပါခွေ ဇူလိုင် ၁၅

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ် ထန်ပါခွေမြို့နယ်ခွဲရှိ မခွာလယ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း အဆင့်တိုးမြှင့်ခြင်းကို ဇူလိုင် ၈ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်း၌ ကျင်းပသည်။

အဆိုပါ မူလွန်ကျောင်း အဆင့်တိုးမြှင့်ခြင်းအခမ်းအနားကို ထန်ပါခွေမြို့နယ်ခွဲအုပ်ချုပ်ရေးမှူး ဦးအောင်ချမ်း၊ တာဝန်ခံကျောင်းအုပ်ဆရာမ ဒေါ်ဇာဇာဝင်း၊ ကျောင်းအကျိုးတော်ဆောင်ကော်မတီဥက္ကဋ္ဌ ဦးရီးပီးထောင်နှင့် ရပ်မိရပ်ဖတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ အခမ်းအနားသို့ မခွာလယ်ကျေးရွာအုပ်စုအတွင်းရှိ မခွာလယ်ကျေးရွာ၊ တီဘီးဇူးနားကျေးရွာ၊ ရွာသစ်ကျေးရွာနှင့် မကြောင်းဝါကျေးရွာတို့မှ ရပ်မိ ရပ်ဖများ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **စနေမောင်(ထန်ပါခွေ)**

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ်(၁)၊ ဦးပိုင်အမှတ် ၆၊ မင်းကြီးရန်နောင်×မင်းရဲကျော်စွာကြား၊ ၇၃×၇၄လမ်းကြားရှိ ဦးချစ်ကိုကိုအမည်ဖြင့် ချထားပေးသောမြေကွက်အား ဦးသန်းဝေ ၉/မနတ(နိုင်)၀၃၈၂၂၇မှ မြေချထားမိန့်မူရင်း ပျောက်ဆုံးကြောင်း၊ ရဲစခန်းနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ (အခွန်)ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(H-၂၁၈)၊ ဦးပိုင်အမှတ် ၆၈၊ ကနောင်မင်းသားကြီးလမ်း×ဇေရုတ်လမ်း၊ ၅၇×၅၈လမ်းကြားရှိ ဦးမြင့်သိန်းအမည်ဖြင့် ချထားပေးသောမြေကွက်အား ဒေါ်တိန်ရှိန်လင့် ၁၃/လရန(နိုင်)၀၈၁၅၆၂မှ မြို့ကွက်သစ်ဖော်ထုတ်ရေး ငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ မြေကွက်ဖိုးပေးသွင်းခြင်းငွေရပြေစာများတင်ပြ၍ (အခွန်)ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ လူနေရပ်ကွက်အမှတ်-ဝေဇယန္တာအိမ်ရာစီမံကိန်း၊ မြေတိုင်းရပ်ကွက်အမှတ်(၂၀+၂၁)၊ မြေကွက်အမှတ် ၁၈၅၊ ဧရိယာ ၀ဒသမ ၁၁၈ဧကအကျယ်အဝန်းရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သဃ်န်းကျွန်းမြို့နယ်၊ ဝေဇယန္တာအိမ်ရာစီမံကိန်း၊ ဥယျာဉ် ၁လမ်း၊ အမှတ် ၁၈၅ဟုခေါ်တွင်သော နှစ်ထပ်တိုက်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အမွေဆက်ခံပိုင်ဆိုင်သူများဖြစ်သော (၁) ဒေါ်ခင်လှမြင့် ၉/ကပတ(နိုင်)၀၂၇၄၄၉၊ (၂) ဒေါ်ခင်စန်းတင့် ၃/ဘအန(နိုင်)၀၁၆၉၆၄၊ (၃)ဒေါ်ခင်သန်းတင့် ၉/ကပတ(နိုင်)၀၂၇၄၄၇၊ (၄) ဒေါ်မြမြဌေး ၁၂/ဗဟန(နိုင်)၀၄၆၂၇၆၊ (၅) ဦးသန်းထွန်းအောင် ၁၂/ဗဟန(နိုင်)၀၄၇၆၄၀၊ (၆) ဒေါ်ခင်မြမြ ၉/ကပတ(နိုင်)၀၅၂၈၀၀၊ (၇) ဒေါ်မြင့်မြင့်သန်း ၁၂/ဗဟန(နိုင်)၀၀၀၈၇၂၊ (၈) ဒေါ်အေးအေးမာ ၁၂/ဗဟန(နိုင်)၀၄၇၆၄၉တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြေညာချက်ပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်လှလှလွင် (စဥ်-၅၇၇၃) **ဦးအောင်ကျော်ကျော်မြတ် (စဥ်-၂၇၀၀၉)** **ဒေါ်လဲ့လဲ့ဝင်း (စဥ်-၃၉၈၈၀)**
ဒေါ်လွင်မာ (စဥ်-၈၉၀၉) **ဦးထွန်းထွန်းနိုင် (စဥ်-၃၅၅၃၄)** **ဒေါ်သဇင်အေး (စဥ်-၄၁၄၅၉)**
တရားလွှတ်တော်ရှေ့နေများ **ဒေါ်သန္တာမော် (စဥ်-၃၉၂၄၂)** **ဒေါ်ဆုမွန်ထက် (စဥ်-၄၁၆၀၁)**
အမှတ် ၅၅(ဒုတိယထပ်)၊ အခန်း ၇၊ **အထက်တန်းရှေ့နေများ**
မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၅၃၃၈၂၊ ၀၉-၅၁၂၇၁၄၄၊ ၀၉-၇၃၀၀၁၅၂၈

ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် ၃၊ ဦးပိုင်အမှတ် ၅၅၊ ၃၈×၃၉ကြား၊ ၅၇×၅၈လမ်းကြားရှိ ဦးဖိုးရီအမည်ဖြင့်ချထားပေးသော မြေကွက်အား ဦးမြင့်စိုး ၅/ဒပယ(နိုင်)၀၇၂၈၀၉မှ မြေနေရာချထားမိန့်၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ (အခွန်)ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၅)ရပ်ကွက်၊ အကွက်အမှတ် က-၅၊ ဦးပိုင်အမှတ် ၄၅၊ ၆၉×၇၀ကြား၊ အောင်မင်္ဂလာနှင့် စိန်ပန်းလမ်းကြားရှိ ဒေါ်ထိုက်အမည်ဖြင့်ချထားပေးသော မြေကွက်အား ဦးကျော်ဝဏ္ဏ ၅/မမန(နိုင်)၀၅၆၀၀၁နှင့် ဒေါ်သီတာအောင် ၉/မရတ(နိုင်)၁၁၂၂၇၀ တို့မှ ဦးပိုင် ၄၅(ခဲစင်း)မြေကွက်၏တောင်ဘက်ခြမ်းအား မြို့ကွက်သစ်ဖော်ထုတ်ရေး ငွေရပြေစာ၊တရားရုံးကျမ်းကျိန်ချက်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍(အခွန်)ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၁)၊ ဦးပိုင်အမှတ် ၈၃၊ ၇၃×၇၄လမ်း၊ ကျန်စစ်သားနှင့် ပျူစောထီးလမ်းကြားရှိ ဦးတင်မြင့်အမည်ဖြင့် ချထားပေးသော မြေကွက်အား ဦးဇင်မင်းဦး ၈/ရစက(နိုင်)၁၄၁၈၀၄မှ မြို့ကွက်သစ်နေရာချထားရေး၊ ငွေရပြေစာ ပျောက်ဆုံးကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ (အခွန်)ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ်(၂)၊ ဦးပိုင်အမှတ်(၂)၊ ၇၃×၇၄ လမ်းကြား၊ မင်းရဲကျော်စွာနှင့် ဗထူးလမ်းကြားရှိ ဦးဝင်းဖေ အမည်ဖြင့် ချထားပေးသော မြေကွက်အား ဦးပြည့်ဖြိုး ၁၂/မရတ(နိုင်)၁၀၅၀၅၃မှ မြေချထားမိန့်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ (အခွန်)ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ

ယာဉ်မှတ်ပုံတင်လျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ယ/၉၀၀၈၇ ယာဉ်လက်ဝယ်ရှိသူ ဦးအေးလွင်ဦး ၁၀/ပမန(နိုင်)၀၀၀၅၄၁မှ(ကမ-၃)ပျောက် မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(သထုံ)

ကျေးလက်ကဏ္ဍနှင့် ကြော်ငြာ

ဒေသတွင်းစားသုံးဆီလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနေသည့် ပန်းနှမ်းများပျောက်ကွယ်စပြုလာ

ပြင်ဦးလွင် ဇူလိုင် ၁၅

ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသနှင့်ပြင်ဦးလွင်ဒေသတို့တွင် ယခင်က ပန်းနှမ်းစိုက်ခင်းများကို မြေကွက်လပ်ကျယ်ကြီးများ၌ တစ်မျှော်တစ်ခေါ် တွေ့ရှိခဲ့ရသည်။ ဒေသတွင်း၌လည်း စားသုံးဆီလိုအပ်ချက်ကို ပန်းနှမ်းများမှ ဖြည့်ဆည်းပေးနိုင်ခဲ့သည်။ ပန်းနှမ်းစိုက်ခင်းများသည် စားသုံးဆီကို ထုတ်လုပ်ရရှိသည်သာမက ပျားမွေးမြူရေးလုပ်ငန်းအတွက်လည်း များစွာ အထောက်အကူဖြစ်စေခဲ့သည်။

ပန်းနှမ်းမျိုးတစ်ပြည်လျှင် ငွေကျပ် ၃၀၀၀ သာရှိသော်လည်း မြေငါးဧကမျှစိုက်ပျိုးနိုင်သည်။ ထို့အပြင် ပန်းနှမ်းခင်းများကို ပေါင်းမြက်ရှင်းလင်းပေးရခြင်းနှင့် ပိုးသတ်ဆေးဓာတ်မြေဩဇာ စသည်တို့ ပက်ဖျန်းပေးရခြင်းတို့ကင်းဝေးစေသည်။ ပန်းနှမ်းများစိုက်ပျိုးထားပါက စိုက်ပျိုးမြေများတွင် အခြားသောပေါင်းပင်မြက်ပင်များ ပေါက်ရောက်နိုင်ခြင်းမရှိတော့ပေ။ ထို့ကြောင့်လည်း တောင်သူများသည် စားသုံးဆီ လိုအပ်ချက်အတွက်သာမက မြေယာပြုပြင်သည့်အနေဖြင့်လည်းပန်းနှမ်းများကို စိုက်ပျိုးထုတ်လုပ်ကြသည်။

ပန်းနှမ်းကို ရာသီမရွေးစိုက်ပျိုးနိုင်သော်လည်း ဒေသတွင်းတောင်သူများအနေဖြင့် မိုးနှောင်းကာလတွင် အများဆုံးစိုက်ပျိုးကြသည်။ ဆောင်းဝင်စအချိန်တွင် ပန်းနှမ်းများသည် တစ်ခင်းလုံး လှလှပပ ဝေဝေဆာဆာဖြင့် ပွင့်ဖူးလာကြသည်။ ထိုအချိန်၌ ပန်းရိုင်းနေကြာများသည်လည်း တစ်ပြိုင်နက်ပွင့်လာကြရာ ပန်းနှမ်းစိုက်ခင်း၊ နေကြာရိုင်းပွင့်များနှင့် နောက်ခံ တောင်တန်းပြာပြာတို့မှာ မြင်ရသူအပေါင်း ငေးကြည့်ရလောက်အောင်လှပခဲ့ရသည်။

သို့သော်လည်း ယခုအခါတွင် ပန်းနှမ်းမျိုးများ၌ အခြားအရောအနှောများပါလာသဖြင့် မျိုးမသန့်တော့သည့်အတွက် တောင်သူများမှာ ပန်းနှမ်းစိုက်ပျိုးခြင်း နည်းပါးလာကြသည်။ ထိုအခါ ဒေသတွင်းစားသုံးဆီ ဖြည့်ဆည်းပေးနိုင်ခြင်း၊ ပေါင်းမြက်များရှင်းလင်း၍ မြေယာပြုပြင်ပေးခြင်း၊ ပျားမွေးမြူရေးလုပ်ငန်းကို အထောက်အကူပြုခြင်း၊ ဒေသတွင်း၌ သဘာဝအလျောက် လှပသောရှုခင်းများဖြစ်ပေါ်လာခြင်း၊ တောင်သူတို့အတွက် အပိုဝင်ငွေရရှိခြင်း စသည့် အခွင့်အရေးများ ဆုံးရှုံးလာရသည်။

ထို့ကြောင့် ဒေသတွင်းနေ တောင်သူလယ်သမားများနှင့် ဒေသတွင်းဖွံ့ဖြိုးသာယာလှပနိုင်ရန်အတွက် ပန်းနှမ်းမျိုးကောင်းမျိုးသန့်များ အမှန်တကယ်လိုအပ်လာပြီ ဖြစ်ပေသည်။ သက်ဆိုင်ရာ တာဝန်ရှိသူတို့ကလည်း ဒေသတွင်း လိုအပ်ချက်တစ်ခုဖြစ်သည့် ပန်းနှမ်းမျိုးကောင်းများ ရရှိနိုင်ရေးအတွက် ကူညီပံ့ပိုးဆောင်ရွက်ပေးနိုင်မည်ဆိုပါက ဒေသခံတို့ အထူးဝမ်းသာ ကျေးဇူးတင်ရှိမည်ဖြစ်သည်။

သက်နိုင်(ပြင်ဦးလွင်)

ကော့ကရိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ဓာတ်မြေဩဇာနှင့် 3G ပိုးသတ်ဆေးများပေးအပ်

ကော့ကရိတ် ဇူလိုင် ၁၅

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကော့ကရိတ်မြို့နယ် ၂၀၁၄-၂၀၁၅ ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးပေးအပ်ပွဲကို ကော့ကရိတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ ဇူလိုင် ၁၃ ရက် မွန်းလွဲ ၂ နာရီက ကျင်းပသည်။

ပေးအပ်ပွဲသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ခိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်နော်သူလေးထီး၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးသိန်းဌေး၊ ကျေးရွာအုပ်စု ငါးအုပ်စုမှ တောင်သူ ၅၈ ဦး တက်ရောက်ကြသည်။ ကော့ကရိတ်မြို့နယ် ၂၀၁၃-၂၀၁၄ ခုနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေမှ ယူရီးယား အိတ် ၂၀၀၊ တီစူပါအိတ် ၁၀၀၊ ပိုတက်အိတ် ၅၀၊ ဖျူရာဒါန် 3G ပိုးသတ်ဆေးမှုန့်အထုပ် ၄၀၀ တို့ကို ကျေးရွာအုပ်စု ငါးအုပ်စုမှ တောင်သူများအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ငပုတောမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး လူမှုစီးပွားဘဝမြှင့်တင်ရေး ဆွေးနွေးဟောပြော

နေပြည်တော် ဇူလိုင် ၁၅

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဇူလိုင် ၁၄ ရက် နံနက် ၁၀ နာရီက ကျေးလက်ဒေသဖွံ့ဖြိုးရေး လူမှုစီးပွားဘဝမြှင့်တင်ရေးဆွေးနွေးပွဲ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန(ရုံးချုပ်)ညွှန်ကြားရေးမှူး ဒေါက်တာ စိုးသိမ်းက "ဒီကနေ့ နိုင်ငံတော်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးကို မူဝါဒ ရှစ်ရပ် ချမှတ်ဆောင်ရွက်နေပြီး လူမှုရေးဘဝမြှင့်တင်ရေးကို အားသွန်ခွန်စိုက် ဆောင်ရွက်နေပါတယ်။ မိမိတို့မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝတိုးတက်ရန်နှင့် ဆင်းရဲမှုလျှော့ချရေးကို အဓိကဆောင်ရွက်နေသော ဝန်ကြီးဌာနတစ်ခုဖြစ်ပါတယ်။ Food Safty & Food Socuraty ကိုတာဝန်ယူဆောင်ရွက်နေပါတယ်။ ဦးစီးဌာနအနေဖြင့် နာဂစ်ဒေသ ကျွဲ၊ နွား လျော့နည်းသွားတာကိုလည်း ကျွဲတွေဖြည့်ဆည်းပေးမှာပါ။ မေထုန်မဲ့ သားစပ်နည်း၊ သင်တန်းတွေဖွင့်ပြီး အသားစား၊ နို့စား၊ ခိုင်းနွား မျိုးကောင်း မျိုးသန့် မွေးမြူနိုင်ရေးဖြင့် တောင်သူတွေ လူမှုစီးပွားဘဝမြင့်မားဖို့ ကူညီဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဦးစီးဌာနမှူး ဒေါက်တာ ခင်အောင်(ညွှန်ကြားရေးမှူး)က "မြို့နယ်အတွင်း Dyl အသားတိုး မျိုးကောင်းမျိုးသန့်ဝက်များကို အကြွေးစနစ်ဖြင့် ဖြန့်ဖြူးထားပါတယ်။ CP ကုမ္ပဏီဖြင့် ချိတ်ဆက်ထားသော မွေးမြူရေးစံပြကျေးရွာများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းကျေးရွာများ တည်ထောင်ပြီး ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးကို ဦးစီးဌာနကဆောင်ရွက်နေပါတယ်။ နို့စားနွားနှင့် မျိုးသန့်ဆိတ်များ တိုးချဲ့မွေးမြူဖို့ လျာထားပြီးဖြစ်ပါတယ်"ဟု ပြောကြားသည်။

ဆွေးနွေးပွဲသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ NGO များ၊ အထောက်အကူပြုကော်မတီများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ မွေးမြူရေးလုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးအတွက် ဝိုင်းဝန်းဆွေးနွေးကြကြောင်း သိရသည်။

ကိုမျိုး(ရွှေပေါက်ကံ)

ပေါက်မြို့၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးဆောင်ရွက်

ပေါက် ဇူလိုင် ၁၅

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပေါက်မြို့၌ အများပြည်သူ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် လျှပ်စစ်ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေးအတွက် မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းဌာနကဦးဆောင်၍ ရုံးပိတ်ရက်များတွင် လျှပ်စစ်ဓာတ်အားကြိုးသွယ်တန်းရာ ဝန်းကျင်၌ သစ်ပင်၊ သစ်ကိုင်းများ ရှင်းလင်းခုတ်ထွင်လျက်ရှိကြောင်း သိရသည်။

အဆိုပါ သစ်ပင်များရှင်းလင်းရာ၌ မြို့နယ်လျှပ်စစ်မန်နေဂျာနှင့် လျှပ်စစ်ဝန်ထမ်းများ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာဌာနဝန်ထမ်းများနှင့်မြို့ပေါ် လေးရပ်ကွက်မှ အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်ပြည်သူများ ပူးပေါင်းဆောင်ရွက်ကြရာ ဇူလိုင် ၁၂ ရက်မှ ၁၃ ရက် (နံနက် ၆ နာရီမှ မွန်းတည့် ၁၂ နာရီအထိ) ပေါက်မြို့ ဗိုလ်ချုပ်လမ်းရှိ ဆက်သွယ်ရေးရုံးမှ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ ဆင်ဇာတံတားအရှေ့ဘက်အထက်တန်းကျောင်းအထိ အရှည်ပေ ၄၀၀၀ ခန့်ရှိသော ၁၁ ကေဗွီ ဓာတ်အားလိုင်းကြိုးဝန်းကျင်ရှိ သစ်ပင်၊ သစ်ကိုင်းများ ရှင်းလင်း၍ ယာဉ်လမ်းကြောင်း ပိတ်ဆို့မှုမဖြစ်စေရေး မော်တော်ယာဉ်ဖြင့် ရှင်းလင်းသယ်ဆောင် စွန့်ပစ်ကြသည်။

ပေါက်မြို့တွင် ဇူလိုင် ပထမပတ်က တောင်ဦးကျောင်းလမ်းရှိ လျှပ်စစ်ရုံးဝင်းမှ ရိပ်သာဘုန်းတော်ကြီးကျောင်းအထိ အရှည်ပေ ၂၄၀၀ ခန့်ရှိ လျှပ်စစ်ဓာတ်အားကြိုးသွယ်တန်းရာ ဝန်းကျင်၌ သစ်ပင်များခုတ်ထွင်ခြင်း ဆောင်ရွက်ခဲ့ပြီး လာမည့် ရုံးပိတ်ရက်များ၌ မြို့ပေါ် ရပ်ကွက်ရှိ လိုအပ်သောနေရာများ၌ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ဖိုးသားလေး(ယောမြေ)

သက်ဆိုင်သူများနှင့်အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အမှုထမ်းရပ်ကွက်၊ လမ်းသွယ်(၂)၊ အမှတ် ၁၆ နေ ဒေါ်ဆိုင်းရမ် ၁၂/ကမရ(နိုင်)၀၃၀၄၁၃၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကချင်ပြည်နယ်၊ ပူတာအိုမြို့၊ ကောင်ကထောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆၊ မြေကွက်အမှတ် ၄၅၊ ဦးပိုင်အမှတ် ၉၁ ဟုခေါ်တွင်ပြီး ဖုန်ကန်လမ်း၊ ယခင်အမှတ် ၁၆၁၊ ယခုအမှတ် က/၂-၆၄၊ ဧရိယာအကျယ်အဝန်း ၀ဒသမ ၄၀၃ဧကရှိ မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့မှာ ကွယ်လွန်သူ ဦးခေါင်လန်ဖုန် ၁/ပတအ (နိုင်)၀၀၃၃၀၃၏ အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်ဖြစ်ပါသည်။ ယင်းမြေအမည်ပေါက်ပိုင်ရှင် ဦးခေါင်ဖုန်လန်တွင် ကျွန်ုပ်မိတ်ဆွေ၏ဖခင် ဦးခေါင်လန်ဖုန်ဆားရ်အပါအဝင် သားသမီးရှစ်ဦးထွန်းကားခဲ့ပါသည်။ ဖခင်ဖြစ်သူ ဦးခေါင်လန်ဖုန်ဆားရ်ကွယ်လွန်ပြီးနောက် ၎င်း၏အမွေဝေစုကို ကျွန်ုပ်၏မိတ်ဆွေနှင့် မောင်နှမများမှ အမွေဆက်ခံပိုင်ဆိုင်လာကြပါသည်။ သို့ဖြစ်ပါ၍ ယင်းအမွေဆိုင်မြေကွက်နှင့်တကွအကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်မိတ်ဆွေ၏ သဘောတူခွင့်ပြုချက်မရှိဘဲ စွန့်လွှတ်၊ ပေးကမ်း၊ ပေါင်နှံ၊ ရောင်းချ၊ လွှဲပြောင်း၊ လှူဒါန်းခြင်းတို့မပြုလုပ်ကြရန်နှင့် အကယ်၍ပြုလုပ်ပါက တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ဆိုင်းရမ်၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မာမာသိန်း LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၇၉၂)
အမှတ် ၄၉၊ ပထမထပ်၊ ၈၉ လမ်း၊ ကန်/နောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၆၄၉၅၉၊ ၀၉-၄၂၀၀၂၂၇၃၃

ကန့်ကွက်နိုင်ပါကြောင်း

ကျွန်ုပ်၏မိတ်ဆွေကုမ္ပဏီသည် ဦးအောင်စိုး(ခ)ဦးအောင်ဆန်း ၁၂/ရကန(နိုင်)၀၅၈၂၂၀ထံမှ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ကျောက်ကုန်း၊ (၁၄)ရပ်ကွက်၊ အောင်ဇေယျာလမ်း၊ အမှတ် ၂၀ ဟုခေါ်တွင်သော နှစ်ခန်းတွဲ ၈$\frac{2}{9}$ တိုက်၏ မြေညီထပ်(ယာ)ဘက်ခန်း၊ ခန့်မှန်းအကျယ်အဝန်းပေ(၂၄×၇၀)၊ အမြင့် ၁၈ပေရှိ (ထပ်ခိုး $\frac{2}{3}$ပါ ရေမီးအစုံပါဝင်သော) တိုက်ခန်းကို ဥပဒေနှင့်အညီဝယ်ယူရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ်ပြုလုပ်ပြီး လက်ရောက်ရယူသွားပါမည်ဟု အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဦးသန်းထွန်း H.G.P, LL.B, LL.M
(Diploma in Business Law)
တရားလွှတ်တော်ရှေ့နေ (စဉ်-၃၆၁၉)
ဖုန်း-၀၉-၅၁၈၃၁၅၃၊ ၀၉-၄၃၂၀၂၈၂၉

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၀ယ/၈၄၇၈၅ NewSumbo 125 MC ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းမြင့်အောင် ၉/ညဥန(နိုင်)၀၂၂၈၀၅က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

ကန့်ကွက်နိုင်ပါကြောင်း

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂ဘီ၊ မြေကွက်အမှတ် ၄၆၈အေ/၁၂အေ၊ ၄၆၈အေ/၁၃အေ၊ မြေကွက်တည်နေရာအမှတ် ၁၊ ဝင်္ကဘာလမ်းသွယ်၊ ဝင်္ကဘာလမ်း၊ ဗဟန်းမြို့နယ်၊ ဒေါ်ခင်လေးအမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် (အဘွား/မွေးစားမိခင်) ဒေါ်ခင်လေး၊ (အဘိုး) ဦးဘအေး၊ (ဖခင်) ဦးစိန်သန်းတို့ အသီးသီးကွယ်လွန်သဖြင့် ဦးမျိုးခင် ၁၂/ဗဟန(နိုင်)၀၄၆၈၃၁၊ ဒေါ်သင်းသင်းဝေ ၁၂/ဗဟန(နိုင်)၀၇၃၄၅၄တို့က တရားဝင်ကိတ္တိမ မွေးစားသားသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း၊ ကိတ္တိမသား/သမီး မွေးစားစာချုပ်အမှတ် ၉၃၉/၁၉၉၀ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးလက်ခံအမှန်တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)မှ ယာယီအိမ်ရှင်အဖြစ်ဆောင်ရွက်၍ ဆောက်လုပ်ခဲ့သောတိုက်ရှိ ကန်ထရိုက်တာ အကျိုးအမြတ်ရရှိသောတိုက်ခန်းအား ကန်ထရိုက်တာထံမှတစ်ဆင့် အဆင့်ဆင့်ဝယ်ယူပြီး အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲ၍ စာချုပ်ချုပ်ဆိုခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
	ဦးတင်မောင်ဝင်း ၁၂/လမတ(နိုင်)၀၁၅၉၅၄(မှ) ဦးခင်ဝင်း ၁၂/ပဘတ(နိုင်)၀၁၈၉၀၆ ဦးဇော်ဝင်း ၁၂/ပဘတ(နိုင်)၀၂၃၄၆၅(မှ)	ဦးမျိုးကျော်ကျော် ၁၂/ပဘတ(နိုင်)၀၃၁၆၀၆ ဒေါ်မေသူမင်း ၁၀/မလမ(နိုင်)၁၈၂၈၂၅	အမှတ်(၂၀၉)၊အခန်း ၁၅၊ (၈)လွှာဘီ၊ (၃၂)လမ်း၊ ပန်းဘဲတန်းမြို့နယ်။

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၃၊ မြေကွက်အမှတ် ၉၈၄/က၊ မြေကွက်တည်နေရာအမှတ် ၉၈၄/က၊ ၁၃လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်ရာပါရာသီ၊ ဦးစိန်လှိုင် အမည်ပေါက် နှစ်၆၀ဂရန် မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးစိန်လှိုင်ကွယ်လွန်သဖြင့် ဒေါ်နှင်းလှ ၁၂/ဥကတ(နိုင်)၀၆၁၄၀၈မှ တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်၊ စွန့်လွှတ်စာချုပ်ရန်နှင့် အပိုင်ပေးစာချုပ်ရန် ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်ရာပါရာသီ S/OKA-၀၀၂၆၄၆နှင့် ပူးတွဲ၍ မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်၇၊မြေကွက်အမှတ် ၅၄/ခ၊ မြေကွက်တည်နေရာအမှတ် ၅၄/ခ၊ သံသုမာလမ်း၊ (၇)ရပ်ကွက်၊တောင်ဥက္ကလာပ (ဦးထွန်းထွန်းအောင်) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးထွန်းထွန်းအောင်ထံမှ GP ရသူ ဦးကျော်စိုးစိုးသာ ၁၂/ဥကတ(နိုင်)၀၅၂၉၃၉ က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်း၊ ယနေ့ထက်တိုင်ပါဝါ ရုပ်သိမ်းခြင်းမရှိကြောင်း ကိုယ်စားလှယ်လွှဲစာ ၁၃၀၅၇/၁၄ (၁၅-၅-၁၄)၊ ကျမ်းကျိန်လွှာ ၃၃၃၅/၁၄(၂၈-၅-၁၄)တို့ကိုတင်ပြ၍ အရောင်းမြေပုံကူးလျှောက်ထားလာရာ ၁၉၉၅ ခုနှစ်က ကူးယူခဲ့သော အရောင်းမြေပုံမှာ စာချုပ်ချုပ်ဆိုခဲ့ခြင်းမရှိဘဲ ပျောက်ဆုံးသွားကြောင်းကျမ်းကျိန်လွှာ ၆၂၆၃/၁၄(၁၉-၆-၁၄)တင်ပြပြီး အရောင်းမြေပုံကူးထပ်မံလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ဈ/၃၃၊ မြေကွက်အမှတ် ၂၀၉(ခ)၊ မြေကွက်တည်နေရာအမှတ်၂၀၉/ခ၊ သာစည်လမ်း၊ ဈ/(၃၃)ရပ်ကွက် ဦးလှထွန်းအမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ဦးလှထွန်းထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့သူ ဦးစိုးငြိမ်း ၁၂/စခန(နိုင်)၀၄၇၃၃၉ကိုယ်တိုင်မှပါမစ်ပျောက်ဆုံးကြောင်းဝန်ခံချက်၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံစာ၊ တရားရုံးကျမ်းကျိန်လွှာတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မြင်းခြံမှ သစ်သီး၊ ပန်းနှင့် အရိပ်ရပျိုးပင်များ ရောင်းအားကောင်း

ညောင်ဦး ဇူလိုင် ၁၅

ညောင်ဦးမြို့ လူစည်ကားသည့် မဏိစည်သူဈေးသို့ မြင်းခြံမြို့နယ် ဆင်တဲကျေးရွာမှ သစ်သီး၊ ပန်းအလှနှင့် အရိပ်ရပျိုးပင်များ လာရောက်ရောင်းချလျက်ရှိရာ သစ်ပင်နှင့် ပန်းပင်များ ချစ်မြတ်နိုးသူ ဒေသခံပြည်သူများနှင့် ခရီးသွားဧည့်သည်များက ဝယ်ယူအားပေးကြ၍ ပျိုးပင်ရောင်းချသူများ လုပ်ငန်းတွင်ကျယ်လျက်ရှိကြောင်း သိရသည်။

ရောင်းချရန် ခင်းကျင်းထားသော ပျိုးပင်များ

သစ်သီး၊ ပန်းအလှနှင့် အရိပ်ရပျိုးပင်များကို မြင်းခြံမြို့နယ် ဆင်တဲကျေးရွာဘက်မှ တစ်ပိုင်တစ်နိုင်နှင့် စီးပွားဖြစ်စိုက်ပျိုးသူများက လာရောက်ရောင်းချခြင်းဖြစ်ပြီး နှင်းဆီ၊ ကံ့ကော်၊ သနပ်ခါး၊ ကျောက်ခက်၊ အုန်းပွား၊ စံပယ် ကြက်ရုန်း၊ ရွက်လှ၊ ဇော်ဂျီတောင်ဝှေး၊ ဖွန်ပန်း၊ ရှောက်၊ သံပုရာနှင့် မာလကာစသည့် ပျိုးပင်များကို အများဆုံးစိုက်ပျိုးရောင်းချသည်။

ထိုသို့ ရောင်းချရာတွင် ရောင်စုံနှင်းဆီတစ်ပင်လျှင် (အသေး၊ အကြီး) ပေါ်မူတည်ကာ ကျပ် ၇၀၀ မှ ၁၅၀၀ ခန့်၊ အုန်းပွားတစ်ပင် ကျပ် ၂၀၀၀ မှ ၃၅၀၀ ခန့်၊ ကျောက်ခက်ပင်တစ်ပင်လျှင် ကျပ် ၁၅၀၀၊ တောထန်းတစ်ပင် ကျပ် ၁၅၀၀၊ ကံ့ကော်တစ်ပင်လျှင် ကျပ်၁၅၀၀၊ ဖွန်ပန်းတစ်ပင်လျှင် ကျပ် ၅၀၀၊ ရွက်လှ တစ်ပင်လျှင် ကျပ် ၅၀၀ မှ ၁၀၀၀၊ သနပ်ခါးတစ်ပင် ကျပ် ၅၀၀၊ ရှောက်ပင်နှင့် သံပုရာတစ်ပင်လျှင် ကျပ် ၅၀၀ မှ ၈၀၀၊ မာလကာပင်တစ်ပင်လျှင် ငွေကျပ် ၃၀၀ တို့ဖြင့် ရောင်းချရကြောင်း၊ အရိပ်ရပင်များ၌ အရွယ်အမျိုးအစား အမျိုးမျိုးရှိကြရာ ကျပ်၁၅၀၀မှ၆၀၀၀ခန့်ထိ ရှိကြောင်း သိရသည်။

ရဲသူရအောင် (ညောင်ဦး)

သံဖြူဇရပ် အထက(၁)ကွန်ပျူတာခန်းမဖွင့်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပ

သံဖြူဇရပ် ဇူလိုင် ၁၅

မွန်ပြည်နယ် သံဖြူဇရပ်မြို့ အထက(၁)တွင် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ လှူဒါန်းပွဲ၊ ကွန်ပျူတာခန်းမဖွင့်ပွဲနှင့် တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသားကျောင်းသူများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဇူလိုင် ၁၂ ရက်က အထက(၁) ကျောင်းခန်းမဆောင်၌ကျင်းပသည်။

အခမ်းအနားတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးက ကွန်ပျူတာသင်ကြားရေးခန်းမကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကွန်ပျူတာခန်းမအတွင်း ဝင်ရောက်ကြည့်ရှုကာ ကျောင်းသား ကျောင်းသူများအား နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ကဏ္ဍတစ်ရပ်အနေနှင့် လိုအပ်သည့် ကွန်ပျူတာနည်းပညာရပ်များကို ကျွမ်းကျင်တတ်မြောက်အောင် စနစ်တကျ ကြိုးစားသင်ကြားကြရေး မှာကြားသည်။

ဒုတိယဝန်ကြီး ဦးအောင်သန်းဦးသည် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် သံဖြူဇရပ် အထက(၁)မှ တက္ကသိုလ် ဝင်တန်းအောင် ကျောင်းသားကျောင်းသူများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲသို့ တက်ရောက် အမှာစကားပြောကြားပြီး လုပ်ငန်းကုမ္ပဏီများမှ လှူဒါန်းသည့် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များနှင့် ကွန်ပျူတာ အစုံ ၆၀ ကိုဒုတိယဝန်ကြီးနှင့် Same Sky ကုမ္ပဏီ ဥက္ကဋ္ဌ ဦးမျိုးအောင်တို့က ပေးအပ်လှူဒါန်းရာ မြို့နယ်ပညာရေးမှူး ဦးတင်ဝင်းနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်လှမြင့်တို့က လက်ခံရယူခဲ့ကြောင်းသိရသည်။

ထို့နောက် ဒုတိယ ဝန်ကြီးသည် အထက(၁)မှ ဘက်စုံ ပညာ ထူးချွန်လူရည်ချွန်ဆုရရှိသူ မအသည်းပန်းနှင့် မနှင်းနုနုအောင်၊ ငါးဘာသာဂုဏ်ထူးရှင် မင်းကွန်ချမ်းတို့ကို ဆုချီးမြှင့်ပြီး ပြည်နယ် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးမျိုးညွန့်နှင့် ပြည်နယ် ပညာရေးညွှန်ကြားရေးမှူး ဦးမျိုးတင့်အောင်တို့က ငါးဘာသာနှင့် လေးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူများအား ဆုချီးမြှင့်ခဲ့သည်။ **(အောက်ပုံ)**

ဆက်လက်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးနှင့် တာဝန်ရှိသူများသည် သံဖြူဇရပ်မြို့နယ် ကရင်သောင်ကျေးရွာ အထက(ခွဲ)တွင် ကျေးရွာပြည်သူများနှင့်တွေ့ဆုံ၍ ကျေးရွာလျှပ်စစ်မီးရရှိရေးနှင့် ကျေးရွာအဝင်လမ်း ကတ္တရာခင်းရေးတို့ကို ညှိနှိုင်းဆောင်ရွက်ပေးပြီး ဒုတိယဝန်ကြီးနှင့် အလှူရှင်များက လှူဒါန်းသည့် ဗုဒ္ဓရုပ်ပွားတော်များ၊ ကွန်ပျူတာများနှင့် အလှူငွေများကို ကရင်သောင် အထက(ခွဲ)၊ ကျိုက္ခမီမြို့ အထက၊ ကျုံကဒတ်ကျေးရွာအထက ကျောင်းများသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အမျိုးသမီးရေးရာအဖွဲ့ ရွေ့လျားကျန်းမာရေးလုပ်ငန်းများ ကျေးရွာများသို့ ကွင်းဆင်း

သရက် ဇူလိုင် ၁၅

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ဘော်ကျေးရွာတွင် ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ရွေ့လျားကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို ကျေးရွာအရောက် ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို ဇူလိုင် ၁၄ ရက်က အထက ဘော် (ခွဲ) ကျောင်းရှိ ဖိုးလကြီးကျောင်းဆောင်၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အမျိုးသမီးရေးရာအကြောင်း သိကောင်းစရာ အသိပညာပေး ဆွေးနွေးပွဲကို ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်တင်အေးမြင့်က ဆွေးနွေးဟောပြောပြီး ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အေးမြမြကြိုင်က အမျိုးသမီးငယ်များ အကြမ်းဖက်မှုမှ ကာကွယ်ရေး သိကောင်းစရာများကို ပညာပေးဟောပြောကာ အမျိုးသမီးရေးရာ စကားဝိုင်းကို ဆက်လက်ကျင်းပခဲ့သည်။

ထို့နောက် ကျေးရွာအတွင်းရှိ အသက် (၈၀) နှင့်အထက် အဘိုးအဘွားများအား အိမ်တိုင်ရာရောက် ဆေးဝါးကုသပေးပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်ကာ ဘော်ကျေးရွာ ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်း၍ ကျေးရွာအတွင်း လူနေအိမ်များ၌ခြင်အန္တရာယ်ကာကွယ်ရေးနှင့်ခြင်များ ပေါက်ပွားမှုကာကွယ်ရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများကို စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဇော်ထက်(iprd)

ပုလဲသွယ် စပ်မျိုးစပါး မျိုးစေ့ချမှုသရုပ်ပြ

ကွမ်းလုံ ဇူလိုင် ၁၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ခုနှစ် မိုးရာသီ အထူးအထွက်တိုးပုလဲသွယ် စပ်မျိုးစပါး သိပ္ပံနည်းကျပေါင်စနစ်ဖြင့် မျိုးစေ့ချခြင်းနှင့် လေ့ကျင့်ပညာပေးခြင်း အခမ်းအနားကို ဇူလိုင် ၈ ရက်က နမ့်ဟူးကျေးရွာ ကွင်းအမှတ်(၁၂) ဦးပိုင်အမှတ်(၅၂) တောင်သူဦးလီဟွာချန်း၏ လယ်မြေ၌ ပြုလုပ်ခဲ့ရာ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးငွေးလွင်က မျိုးကောင်းမျိုးသန့်စပါးများကိုရွေးချယ်၍ စိုက်နည်းစနစ်မှန်ကန်စွာဖြင့် စိုက်ပျိုးလျှင် စပါးအထွက်နှုန်း(ပန်းတိုင်) ကောင်းနိုင်မည်ဖြစ်ပြီး သိပ္ပံနည်းကျ ပေါင်စနစ်ဖြင့် ပျိုးထောင်ပေးလျှင် အလေအလွင့်နည်းပါးကာ ပျိုးပင်ကြီးထွားမှုအားကောင်းပြီး အထွက်နှုန်းကောင်းစေမှာဖြစ်ကြောင်း၊ တစ်ဧကအထွက်နှုန်း တိုးတက်မြင့်မားရေးအတွက် ပုလဲသွယ်စပ်မျိုးစပါးကိုစိုက်ပျိုးကြရန်လိုကြောင်း တောင်သူများအားရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ပြည်ထောင်စုရှေ့နေချုပ်ရုံး
ရုံးအမှတ် ၂၅၊ နေပြည်တော်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထောင်စုရှေ့နေချုပ်ရုံးဝင်းအတွင်းတွင် ပေ(၇၀×၃၀) သုံးထပ်ဆောင် RC အဆောက်အအုံတစ်လုံး ဆောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များ၊ ဗိသုကာပုံစံနှင့် အခြားလိုအပ်သောအသေးစိတ်ပုံစံအချက်အလက်များကို အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ရုံးအမှတ် ၂၅၊ နေပြည်တော်တွင် ၁၆-၇-၂၀၁၄ ရက်မှစတင်၍ လျှောက်လွှာတစ်စောင်လျှင် ကျပ် ၁၀၀၀၀ (ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပြီး အိတ်ဖွင့်တင်ဒါ အဆိုပြုလွှာကို ၁၅-၈-၂၀၁၄ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ အထက်ပါလိပ်စာတွင် တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ပြည်ထောင်စုရှေ့နေချုပ်ရုံး နေပြည်တော် ဖုန်း-၀၆၇-၄၀၄၁၄၆၊ ၀၆၇-၄၀၄၂၈၂ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ကျေးဇူး ဆပ်ပါမည်

မိတ္ထီလာပြည်သူ့ဆေးရုံကြီးမှ အထက်တန်းသူနာပြု ဒေါ်ခင်မျိုးသက် ၉/ဝတန(နိုင်)၁၁၇၁၃၅ ကိုင်ဆောင်သော ဖုန်း-၀၉-၂၁၇၄၃၂၆ Huawei အမျိုးအစား Handset ပါ ဖုန်းအား ၁၆-၆-၂၀၁၄ရက်တွင်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။

ဖုန်း-၀၉-၄၀၂၇၆၈၉၃၆

ကျောက်ပန်းတောင်း စွန်းလွန်း ဝါဆိုသင်္ကန်းကပ်ပွဲ

၁၃၇၆ခုနှစ် ဝါဆိုလပြည့်ကျော် ၈ရက် (၁၉-၇-၂၀၁၄ရက်) စနေနေ့ မွန်းလွဲ ၁၂း၃၀နာရီတွင် ကမ္ဘာအေး စွန်းလွန်းဆရာတော် ဦးဝရအမှူးရှိသော ဝါဆိုသံဃာတော်တို့အား ယောဂီများစုပေါင်း၍ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပါမည်။

ကျောက်ပန်းတောင်းစွန်းလွန်းပဋိပတ္တိသာသနာနုဂ္ဂဟအဖွဲ့

အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ်၊ ထိန်ကန်အမှတ်(၄)ရပ်ကွက်၊ အိမ်အမှတ် ၉၄ နေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မြင့်မြင့်သန်း ၉/သစန(နိုင်)၀၀၇၈၀၀၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဒေါ်မြင့်မြင့်သန်းသည် ဦးမောင်မောင်စိန် ၉/သစန(နိုင်)၀၁၀၂၂၅ ကိုင်ဆောင်သူနှင့် ၅-၄-၁၉၇၄ရက်ကပင် တရားဝင်အိမ်ထောင်ပြုခဲ့ရာ သား မောင်ဇော်မင်းစိန်နှင့် သမီး မဖြူဖြူမြင့်တို့ ထွန်းကားခဲ့ပါသည်။

ဒေါ်မြင့်မြင့်သန်းနှင့် ဦးမောင်မောင်စိန်တို့သည် တရားဝင်အကြင်လင်မယားအဖြစ် ရပ်တည်နေပြီး လုံးဝကွာရှင်းပြတ်စဲခြင်းမရှိပါကြောင်းနှင့် ဒေါ်မြင့်မြင့်သန်းသည်သာ ဦးမောင်မောင်စိန်၏ တရားဝင်ဇနီးမယားဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမောင်ကောင်း B.A (Hist),H.G.P
အထက်တန်းရှေ့နေ (စဉ်-၂၁၆၇၄)
အိမ်အမှတ် ၁၂၂၃၊ အမှတ် ၁၃ နယ်မြေ၊
အောင်ဇေယျာရပ်ကွက်၊ မိတ္ထီလာမြို့
ဖုန်း-၀၆၄-၂၅၄၁၉၊ ၀၉-၃၃၄၄၉၃၂၅

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
ရန်ကုန်မြို့၊ မျက်စိရောဂါအထူးကုဆေးရုံကြီး

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ရန်ကုန်မြို့၊ မျက်စိရောဂါအထူးကုဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန်လိုအပ်သော FDA အသိအမှတ်ပြုဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်နေ့ရက်** - ၈-၇-၂၀၁၄ရက်(အင်္ဂါနေ့)
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၄-၈-၂၀၁၄ ရက်၊ ညနေ ၄း၀၀ နာရီ

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူ စုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီးရုံး
မျက်စိရောဂါအထူးကုဆေးရုံကြီး
အမှတ် ၃၀၊ နတ်မောက်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၅၄၉၁၇၇၊ ၀၁-၅၅၇၉၅၆

ခင်ပွန်းအဖြစ်မှမသက်ဆိုင်တော့ပါကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်မ မနွဲ့နွဲ့ယဉ် ၁၃/တကန(နိုင်)၁၂၃၀၅၂၏ခင်ပွန်း မောင်ကျော်ဝင်း ၉/မကန(နိုင်)၀၇၃၃၃၈သည် လင့်ဝတ္တရားနှင့် ဖခင်ဝတ္တရားများ ပျက်ကွက်သည့်အပြင် မိသားစုတာဝန်ပါ ပျက်ကွက်သောကြောင့် ကျွန်မနှင့် မည်သို့မျှ စိတ်သဘောထားချင်းမတိုက်ဆိုင်ပါသဖြင့် ယနေ့မှစ၍ ခင်ပွန်းအဖြစ်မှမသက်ဆိုင်တော့ပါကြောင်း ကြေညာအပ်ပါသည်။ နောက်နောင် မောင်ကျော်ဝင်းနှင့် ပတ်သက်သည့်ကိစ္စအဝဝကို တာဝန်မယူပါ။ **စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

မနွဲ့နွဲ့ယဉ်

တမူးနယ်စပ် သုံးလတာကာလအတွင်း ကုန်သွယ်မှုနှုန်း ဘဏ္ဍာရေးနှစ် လျာထားချက်ထက်ကျော်လွန်

တမူး ဇူလိုင် ၁၅

အိန္ဒိယ-မြန်မာနယ်စပ် တမူးနယ်စပ်ကုန်သွယ်ရေးစခန်းမှ ယခုဘဏ္ဍာရေးနှစ် ပထမသုံးလတာကာလအတွင်း အမေရိကန်ဒေါ်လာ ၇ ဒသမ ၈၀ သန်း လျာထားခဲ့ရာမှ အမေရိကန်ဒေါ်လာ ၉ ဒသမ ၄၈၄ သန်းရရှိလာခဲ့သဖြင့် လျာထားချက်တန်ဖိုးထက် ၂၁ ရာခိုင်နှုန်းကျော်လွန်ရရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် ပထမ သုံးလဖြစ်တဲ့ ဧပြီ၊ မေ၊ ဇွန် လထဲမှာကို လျာထားချက်ငွေထက် ၂၁ ရာခိုင်နှုန်းကျော်လွန်ခဲ့ပါတယ်။ ဒါဟာ တမူးနယ်စပ်ကုန်သွယ်ရေးရဲ့ ကောင်းတဲ့လက္ခဏာပဲ"ဟု တမူးနယ်စပ်ကုန်သွယ်ရေးစခန်းမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။ တမူးနယ်စပ်ကုန်သွယ်ရေးတွင် ယခုရက်ပိုင်း အဓိက ပို့ကုန်အဖြစ် ကွမ်းသီးစို၊ ကွမ်းသီးခြောက်၊ စီးကရက်၊ နန်းဖာလုံကုန်စုံ၊ ငရုတ်ကောင်း၊ သရက်သီး၊ အုန်းသီးနှင့် ဖိနပ်များဖြစ်ပြီး အဓိကသွင်းကုန်အဖြစ် ဂျုံမှုန့်၊ ဂျုံစေ့၊ ယားနာလိမ်းဆေး၊ ချည်ခင်၊ တောင်လုံးကျော်တိုင်းရင်းဆေး၊ ပဲနီလေးနှင့် ဖိနပ်မျိုးစုံတို့ကို အဓိကထား ကုန်သွယ်မှုပြုလုပ်လျက်ရှိကြောင်း သိရှိရသည်။

"ကျွန်တော်တို့ နယ်စပ်ကုန်သွယ်ရေးစခန်းမှာ လောလောဆယ် ITC (တစ်ပိုင်တစ်နိုင်ကုန်သွယ်ခွင့်)ကတ်နဲ့ ကုန်သွယ်မှုပြုလုပ်တဲ့သူက ၁၁၀ ပဲ ရှိသေးတယ်။ အများစုက မှောင်ခိုလမ်းကြောင်းကနေ လုပ်ဆောင်နေကြတုန်းပဲ။ မှောင်ခိုလမ်းကြောင်းကနေ တရားဝင်လမ်းကြောင်းဖြစ်မှ နိုင်ငံတော်ဘဏ္ဍာလည်း တိုးမယ်"ဟု တမူးမြို့ ကုန်သည်ကြီးတစ်ဦးက သုံးသပ်ပြောဆိုသည်။

သျှင်နေမင်း

ထိုင်းနိုင်ငံသို့ တရားမဝင်ဖြတ်သန်းရန် စီစဉ်နေသူများကို အချိန်မီတားဆီး

တာချီလိတ် ဇူလိုင် ၁၅

ထိုင်းနိုင်ငံသို့ တရားမဝင် သွားရောက် အလုပ်လုပ်ကိုင်မည့်သူများကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ စစ်ဆေးတွေ့ရှိသဖြင့် တားဆီးခဲ့ပြီး ပညာပေးအစီအစဉ်များ ပြုလုပ်ကာ နေရပ်သို့ ပြန်လွှတ်ခဲ့ကြောင်း သိရသည်။

လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု (တောင်ကြီး၊ ကျိုင်းတုံ) ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၁ ရက် နံနက် ၈ နာရီက ယာဉ်မောင်းရွှေတိုး မောင်းနှင်သော မိုးကုတ်မာန် ခရီးသည်တင်ယာဉ်ဖြင့် လိုက်ပါလာသော မောင်ခွန်ပျင်း (၂၆ နှစ်)၊ မောင်ခွန်ကျော်မြင့်(၃၀ နှစ်)၊ မောင်ခွန်ဘိုင်ဂျော့ (၁၉ နှစ်)၊ မနန်းဖစ်(၂၃ နှစ်)၊ မနန်းခမ်းဗွေ(၃၁ နှစ်)၊ မနန်းဒွိ (၂၇ နှစ်)၊ ဆီဆိုင်မြို့နယ် ပါလောပါကယ်အုပ်စု ကံကော်ရွာနေ အမျိုးသား သုံးဦးနှင့် အမျိုးသမီး သုံးဦးကို အမှတ်(၁) ချစ်ကြည်ရေးတံတားမှ တစ်ဖက်နိုင်ငံသို့ ဖြတ်သန်းရန် စီစဉ်နေသည်ကို တွေ့ရှိရသဖြင့် လည်းကောင်း၊ နံနက် ၁၁ နာရီခွဲတွင် မန်းရတနာပုံ(မန္တလေး-တာချီလိတ်) လေယာဉ်ခရီးစဉ်ဖြင့် လိုက်ပါလာသော မခင်ဝင်း(၃၀ နှစ်)၊ မခိုင်ခင်ဦး (၂၈ နှစ်)၊ မောင်ကျော်အောင်(၂၆ နှစ်)၊ မောင်အောင်ဘ (၂၇နှစ်)၊ မောင်အောင်ရွှေ(၂၅ နှစ်)၊ နောင်ချိုမြို့နယ် သံခေါ်ရွာနေသူ အမျိုးသားလေးဦးနှင့် အမျိုးသမီးနှစ်ဦးတို့အား လေဆိပ်တာဝန်ကျ ဒုတပ်ကြပ်အေးထွန်းဦးက စိစစ်နိုင်ရန် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စိတ်(၁)ရုံးသို့ ခေါ်ဆောင်စစ်ဆေးခဲ့ကြောင်း သိရသည်။

စစ်ဆေးမေးမြန်းချက်အရ ၎င်းတို့ ၁၂ ဦးသည် တာချီလိတ်နှင့် ထိုင်းနိုင်ငံတွင် ဆွေမျိုးသားချင်းများမရှိဘဲ ထိုင်းနိုင်ငံ၌ အလုပ်လုပ်ကိုင်လျက်ရှိသော ရွာနီးစပ်ရှိသူများ၏ အဆင်ပြေမှုကြောင့် ၎င်းတို့ကလည်း ထိုင်းနိုင်ငံ ချင်းမိုင်မြို့သို့ တရားမဝင် သွားရောက် အလုပ်လုပ်ကိုင်ရန် လာရောက်ခြင်းဖြစ်ကြောင်း စုံစမ်းသိရှိရသည်။

ထို့ကြောင့် ထိုင်းနိုင်ငံသို့ တရားမဝင်အလုပ်လုပ်ကိုင်ရန် သွားရောက်ကြမည့်အဖွဲ့အား လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့က တားဆီးခဲ့ပြီး တပ်ဖွဲ့စိတ်မှူး ဒုရဲမှူး ရင်ရင်အေးက တစ်ဖက်နိုင်ငံသို့ တရားမဝင် သွားရောက်ခြင်းသည် နှစ်နိုင်ငံဥပဒေကို ကျူးလွန်ရာ ရောက်ကြောင်း၊ တရားမဝင်သွားရောက်ပါက လူမှောင်ခိုမှု ကျူးလွန်ကြောင်း၊ ထိုမှတစ်ဆင့် လူကုန်ကူးမှုဖြစ်ပွားတတ်ပုံ၊ လူကုန်ကူးခံရပါက ရရှိနိုင်သည့် ဆိုးကျိုးများနှင့် လူကုန်ကူးမှုဆိုင်ရာ ပြစ်မှုများကို အသိပညာပေး ဟောပြောခဲ့ပြီး ယာဉ်မောင်းကိုစိုင်းမောင်းနှင်သော ရှမ်းရွှေလီယာဉ်ဖြင့် ၎င်းတို့ ၁၂ ဦးကို နေရပ်သို့ ပြန်လည်စေလွှတ်ခဲ့ကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

လူနာတင်ယာဉ်လှူဒါန်းပွဲ ကျင်းပ

မတ္တရာ ဇူလိုင် ၁၅

မတ္တရာမြို့နယ်လုံးဆိုင်ရာ ပြဟ္မစာရီလူမှုကူညီရေးအသင်းသို့ မြင့်ရင်းနီးမြှုပ်နှံမှုကုမ္ပဏီမှလှူဒါန်းသော လူနာတင်ယာဉ်နှင့် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၁၂ ရက်က မတ္တရာမြို့ နိုင်ဇရာစားသောက်ဆိုင်၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး၊ စည်ပင်သာယာရေးကော်မတီ၊ မြို့မိမြို့ဖများ၊ မြို့နယ်ဆရာဝန်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

လှူဒါန်းပွဲတွင် မြို့မိမြို့ဖတစ်ဦးက အမှာစကားပြောကြားပြီး အလှူရှင်က လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ကားသော့နှင့် အလှူငွေကျပ်ငါးသိန်းကို လွှဲပြောင်းပေးအပ်ရာ ပြဟ္မစာရီလူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဒေါက်တာသိန်းလွင်က လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ အလှူရှင်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။ ပြဟ္မစာရီလူမှုကူညီရေးအသင်းကို ၂၀၀၂ ခုနှစ်က စတင်ထူထောင်ခဲ့ကြောင်း သိရသည်။

(၄၃၂)

အင်းတော်မြို့နယ်အတွင်း ဘိန်းမည်းများ ဖမ်းဆီးရမိ

ကသာ ဇူလိုင် ၁၅

ကသာခရိုင် အင်းတော်မြို့နယ် အင်းတော်မြို့မရဲစခန်းအပိုင်အတွင်းရှိ နတ်မဟုတ်လေးကျေးရွာနေ ဆန်းဝင်း၏နေအိမ်မှ မူးယစ်ဆေးဝါးဘိန်းမဲများ ဇူလိုင် ၁၃ ရက်က ဖမ်းဆီးရမိခဲ့ကြောင်းသိရသည်။

ဇူလိုင် ၁၃ ရက်က အင်းတော်မြို့မရဲစခန်းမှ ရဲအုပ်သန်းထွန်းလှိုင်နှင့်အဖွဲ့သည် နတ်မဟုတ်လေးကျေးရွာနေ ဆန်းဝင်း၏ နေအိမ်ကို သတင်းအရ သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေရာ ၎င်းထံမှ ဘိန်းမည်းဟုယူဆရသည့် အမည်းရောင်အစေး ၁၇ ဂရမ်ခန့်ပါအထုပ်တစ်ထုပ်၊ တန်ဖိုးငွေကျပ် ၅၁၀၀၀ ခန့်နှင့် ပလပ်စတစ်အကြည်စဖြင့်ထုတ်လျက် ဘိန်းမည်းဟုယူဆရသော အမည်းရောင် အစေး ၄၀ ဂရမ်ခန့်ပါ တစ်ထုပ်၊ တန်ဖိုးငွေကျပ် ၁၂၀၀၀၀ခန့်အား သိမ်းဆည်းရမိသဖြင့် ဆန်းဝင်း (၄၅ နှစ်)ကို အရေးယူပေးရန် ရဲအုပ်သန်းထွန်းလှိုင်က တိုင်ကြားခဲ့ရာ အင်းတော်မြို့မရဲစခန်းမှ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဦးရဲ(ကသာ)

အောင်ချက်အကောင်းဆုံးကျောင်း ဂုဏ်ပြု

မော်လမြိုင်ကျွန်း ဇူလိုင် ၁၅

၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်အကောင်းဆုံး ကျောင်းများ၊ ထူးချွန်ဆရာ ဆရာမများ၊ ထူးချွန် ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ဇူလိုင် ၁၃ရက်က မော်လမြိုင်ကျွန်းမြို့ မော်ရွှေဝါခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် ၂၀၁၃-၂၀၁၄ ပညာသင်နှစ် မော်လမြိုင်ကျွန်း မြို့နယ်အဆင့် အောင်ချက်အကောင်းဆုံးကျောင်း ခြောက်ကျောင်း၊ ထူးချွန်ဆရာဆရာမ ၇၇ ဦး ၊ ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူ ၃၂၉ ဦးတို့အား တိုင်းဒေသကြီးအစိုးရအဖွဲ့ ဘဏ္ဍာရေးဝန်ကြီး ဦးဝင်းကိုကို၊ လျှပ်စစ်စွမ်းအားဝန်ကြီး ဦးစောမြသိန်း၊ လပွတ္တာခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဦး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင်နှင့် ဦးအောင်ဇော်လှိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်နှင့် တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် အလှူရှင်များက ဂုဏ်ပြုဆုငွေများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

မော်ကျွန်းမြင့်အောင်

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
နည်းပညာတက္ကသိုလ်(ကျိုင်းတုံ)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့် သက်မွေးပညာဦးစီးဌာန လက်အောက်ရှိ နည်းပညာတက္ကသိုလ်(ကျိုင်းတုံ)တွင်

(က) (၃)ခန်းတွဲအိမ်သာ (၁၂'×၆'×၆') (၁)လုံး၊

(ခ) ဝန်ထမ်းအိမ်ရာ (၁၃၂'×၄၅')(၆)ခန်းတွဲ (၁)လုံး RC ဆောက်လုပ်ခြင်းလုပ်ငန်း ဂါလန် ၁၂၀၀၀ ဆံ့ Ground Tank နှင့် ဂါလန်(၄၀၀)ဆံ့ Elevated Tank (၂)လုံး၊ Steel ရေစင်အမြင့် ၁၆ပေနှင့် ၄"Ø အဝီစိတွင်း (၁)တွင်းအပါအဝင် စသည့် ဆောက်လုပ်ရေးလုပ်ငန်းများဆောင်ရွက်ရန် တင်ဒါများပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၂-၇-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း နည်းပညာတက္ကသိုလ်(ကျိုင်းတုံ)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၁၁-၈-၂၀၁၄ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို နည်းပညာတက္ကသိုလ်(ကျိုင်းတုံ) ဖုန်း-၀၉-၅၂၅၁၅၅၁နှင့် ၀၉-၃၆၁၆၉၁၆၉တို့တွင် စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
နည်းပညာတက္ကသိုလ်(ကျိုင်းတုံ)

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁)၊ မြေကွက်အမှတ် ၃၄၈၊ မြေအကျယ်ပေ (၄၀×၆၀)အား အမည်ပေါက်တပ်သား ဇော်ဦး ၁၂/မဂဒ(နိုင်)၀၂၄၄၄၉ထံမှ အပြီးအပိုင်ဝယ်ယူထားပြီးဖြစ်ပါသဖြင့် မြေချပါမစ်ကိုယ်စား ထုတ်ယူခွင့်ပြုပါရန် ဒေါ်ဥမ္မာသင်း ၁၄/ပတန(နိုင်)၂၁၄၀၀၇မှ လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ် ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ နေပြည်တော်

ခိုင်လုံသောအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၆၊ သမိန်ဗရမ်းလမ်း၊ ၇၀၉ အကျယ်ဝန်းအလျား ၆၄ပေ× အနံပေ ၈၀ ဒေါ်ဖူဖိန်း ၁၃/လရန(နိုင်)၀၉၁၇၈၉ အမည်ပေါက်ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရောက်ရရှိဝယ်ယူပိုင်ဆိုင်ထားသူ ဦးညီညီမင်း ၁၂/ကတန(နိုင်)၀၈၅၁၀၇ မှ ရောင်းချလိုကြောင်း ကမ်းလှမ်းသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေ ဦးကျော်မင်းထွန်း ၁၃/တကန(နိုင်)၀၉၆၁၃၃ မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများကို တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးအောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဇော်ကျော်အောင် (စဉ်-၃၄၄၉၀) LL.B, C.B.L	**ဒေါ်ကြည်သာဝင်း** (စဉ်-၂၉၅၅၃) LL.B, LL.M	**ဒေါ်နန်းဆိုင်အုံ** (စဉ်-၃၄၅၃၀) LL.B
ဒေါ်ဇင်လင်းထွေး(စဉ်-၃၈၂၃၈) LL.B	**ဦးမိုးမင်းဟိန်း**(စဉ်-၃၈၂၉၂) LL.B	

အထက်တန်းရှေ့နေများ(ရွှေဟသ်ာအိမ်ခြံမြေဥပဒေအတိုင်ပင်ခံအကျိုးဆောင်)
အမှတ် ၈၆၄၊ ပင်လုံလမ်း၊ ၃၆ အဆင့်မြင့်ရပ်ကွက်၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၇၃၀၈၉၂၁၃၊ ၀၉-၃၁၅၅၇၀၆၈၊ ၀၉-၃၁၂၀၇၇၂၊
၀၉-၃၁၃၀၂၆၂၉၊ ၀၉- ၄၂၀၂၅၇၄၀၃

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ် ၁၃၆၄/ခ၊ မြေကွက်တည်နေရာအမှတ် ၁၃၆၄/ခ၊ သံသုမာလမ်း၊(၁၃)ရပ်ကွက်၊တ/ဥ (ဒေါ်ခင်ဌေးဝင်း) အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်ဌေးဝင်းနှင့် (တရားလို)ဒေါ်အေးအေးမြင့်တို့၏ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၁၃၅/၁၄၊ ဇာရီအမှုအမှတ် ၅၀/၁၄ တို့တင်ပြ၍ တရားရုံးကိုယ်စား ဘိလစ်ဒေါ်နှင်းဝင့်ဝင့်ဖြူ ၈/ဆဖန(နိုင်)၀၅၁၂၄၃က အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/အနော်မာ၊ မြေကွက်အမှတ်(၃၁၀/က)၊ မြေကွက်တည်နေရာအမှတ်(၃၁၀/က)၊ အနော်မာ(၇)လမ်း၊ အနောက်(၁)ရပ်ကွက်၊ သာကေတမြို့နယ် ဒေါ်အေးကြည် အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်အေးကြည် (မိခင်)နှင့် ဦးသောင်း(ဖခင်)တို့ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသားဖြစ်သူ ဦးလှကြည် ၁၂/သကတ(နိုင်)၀၃၆၆၈၇ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၇၆၅၈/၁၄) ရရှိသူ ဦးခင်အောင် ၁၂/အစန(နိုင်)၁၃၄၇၃၆ တို့မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၀/၁၁၊ မြေကွက်အမှတ် ၁၁၉၊ မြေအမျိုးအစားပါမစ်မြေအား အမည်ပေါက် ဒု-ဗိုလ်မှူးကြီးဦးလှတင့် ၁၀/မဒန(နိုင်)၀၀၆၆၁၁ ကိုယ်တိုင်မှ ပါမစ်ပျောက်ဆုံးကြောင်း ဝန်ခံချက်၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံစာ၊ တရားရုံးကျမ်းကျိန်လွှာတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်၆၀မြေငှားစာချုပ် (ဂရန်) လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၇၊မြေကွက်အမှတ်၁၀၇၆/ခ၊မြေကွက်တည်နေရာအမှတ် ၁၀၇၆/ခ၊ ပတ္တမြား ၄ လမ်း၊ ၇/အနောက်ရပ်ကွက်၊ သာကေတမြို့နယ် (ဦးထွန်းမြင့်) အမည်ပေါက် နှစ်၆၀ဂရန် မြေအား အမည်ပေါက် ဦးထွန်းမြင့်(ဖခင်)နှင့် ဒေါ်မြစီ (မိခင်)တို့ကွယ်လွန်သဖြင့်သမီးများဖြစ်သော (၁) ဒေါ်သန်းသန်းဦး ၁၂/သကတ(နိုင်) ၀၇၄၆၆၈၊ (၂) ဒေါ်မြင့်မြင့်ထွေး ၁၂/သကတ(နိုင်)၀၇၈၃၈၆၊ (၃) ဒေါ်စန်းစန်းလှိုင် ၁၂/သကတ(နိုင်) ၀၇၈၃၆၄တို့မှ သေစာရင်းနှင့် ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သတင်းတိုများ

Public Digital Library စနစ်ကို ပြင်ဦးလွင်တွင် စာဖတ်သူများကြိုက်နှစ်သက်

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြည်သူ့စာကြည့်တိုက်တွင် Public Digital Library Service ကို ဇွန် ၄ ရက်က စတင် အသုံးပြုခွင့်ပေးခဲ့ပြီးနောက် စာဖတ်လိုသည့် ပြည်သူများအနေဖြင့် ဖတ်ရှုလိုသော စာအုပ်များကို ဖုန်း၊ Tablet , Laptop စသည့်မိုဘိုင်း ပစ္စည်းများဖြင့် ဖတ်ရှုနိုင်ကြရာ စိတ်ဝင်စားသူများပြားလျက် ရှိကြောင်း သိရသည်။ ပြင်ဦးလွင် Public Digital Library Service စနစ်တွင် ကဗျာ၊ ဝတ္ထု၊ ဆောင်းပါးစသည့် စာအုပ်ပေါင်း ၆၀၀၀ ကျော်ရှိကာ ဝိုင်ဖိုင်မှတစ်ဆင့် မီတာ ၆၅၀ ပတ်လည်အတွင်း ဖတ်ရှုနိုင်သည့် အပြင် စာအုပ်များကို မိမိတို့ ဖုန်းများသို့ ကူးယူသိမ်းဆည်းသွားနိုင်သဖြင့် စိတ်ဝင်စားကြိုက်နှစ်သက်သူ များပြားကြောင်း သိရသည်။ (၄၃၂)

တောင်တွင်းကြီးမြို့တွင် အခြေခံပညာ အလယ်တန်းကျောင်းခွဲ အဆင့်တိုးမြှင့်ဖွင့်

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ပေပင်ယားကျေးရွာအုပ်စု ကျောင်းတော်ရွာကျေးရွာ တွဲဘက်အခြေခံပညာအလယ်တန်းကျောင်းကို အလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်ပွဲကို ဇူလိုင် ၁၂ ရက်က ကျင်းပခဲ့ရာ အခမ်းအနားတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးအာကာစိုးနှင့် ဒုတိယမြို့နယ်ပညာရေးမှူး ဦးဇော်ဝင်းတို့က တွဲဘက်အခြေခံပညာအလယ်တန်းကျောင်းဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပညာရေးရန်ပုံငွေ ကျပ်ငါးသိန်းကို ဒုတိယဝန်ကြီးက ကျောင်းအကျိုးတော်ဆောင် ဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းခဲ့သည်။ **နိုင်ဝင်း**

တီးတိန်မြို့ ပြည်သူ့ဆေးရုံအတွက် အောက်ဆီဂျင်စက်တစ်စုံလှူဒါန်း

မလေးရှားနိုင်ငံရောက် Christ Mission Fellowship မှ ဇိုမီး တိုင်းရင်းသားများ၏ စုပေါင်းပံ့ပိုးကူညီမှုဖြင့် အောက်ဆီဂျင်ပေးစက် (Oxygen Concentrator)တစ်စုံလှူဒါန်းပွဲကို ဇူလိုင် ၈ ရက်က တီးတိန်မြို့ ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်း အနားတွင် အလှူရှင်များကိုယ်စား တီးတိန်မြို့ပေါ် လူငယ်များ မိတ်သဟာရအဖွဲ့ ခေါင်းဆောင် ဦးနူးရှန်းတွောင်က လှူဒါန်းရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ငွေကျပ် ငါးသိန်း တန်ဖိုးရှိ အောက်ဆီဂျင်စက်တစ်စုံကို ပေးအပ်လှူဒါန်းရာ မြို့နယ်ပြည်သူ့ ဆေးရုံအုပ်ကြီးကိုယ်စား သားဖွားမီးယပ်အထူးကုဆရာဝန် ဒေါက်တာ ဝင်းသီတာလှိုင်က လက်ခံရယူကာ ကျေးဇူးတင်စကားပြန်လည်ပြောကြား ခဲ့ကြောင်း သိရသည်။ **နေစု(ချင်းရိုးမ)**

ချင်းတောင်ထွက်ပန်းသီးများ အရောင်းအဝယ်အေး

တီးတိန် ဇူလိုင် ၁၅

ချင်းတောင်တွင် ပန်းသီးခင်းကို တီးတိန်မြို့နယ်၌ အများဆုံး စိုက်ပျိုးကြရာ ယခုနှစ်တွင် ရာသီဥတုဒဏ်နှင့် စိုက်ပျိုးမှု နည်းစနစ်ပံ့ပိုးမှု အားနည်းသဖြင့် နှစ်စဉ်အထွက်နှုန်း ကောင်းမွန်သော ချင်းတောင်ထွက် ပန်းသီးများမှာ ယခင်နှစ်များနှင့် မတူဘဲ ထွက်ရှိမှုနည်းပါးပြီး အလုံး သေးကာအချဉ်ဓာတ်များသည့် အသီးများသာ ထွက်ရှိသဖြင့် ဈေးကွက်၌ အဆင့်မမီဘဲ ပန်းသီးကုန်သည်များနှင့် ပန်းသီးခင်းပိုင်ရှင်များ အခက်ကြုံနေရကြောင်းသိရသည်။

"ချင်းတောင်မှာ ဟိုတုန်းကတော့ စိမ်းသီးကိုအများဆုံး စိုက်ကြတယ်။ အခုတော့ အောသီး၊ ကိုယူကိုသီး၊ ဂျပန်သီး၊ ယောနသန်သီးစတဲ့ ပန်းသီးတွေ ၁၀ မျိုးဝန်းကျင်လောက် စိုက်ကြတာကို ဈေးကွက်ထဲမှာ တွေ့ရတယ်။ ချင်းတောင်ထွက်ပန်းသီးတွေထဲမှာ အဆင့်မီပန်းသီးတွေကတော့ အိုင်ဝါသီးနှင့် ရူဘီသီးကို လူကြိုက်များတယ်"ဟု တီးတိန်မြို့နယ် ဘွင်ကျေးရွာမှ ပန်းသီးခင်းပိုင်ရှင် ဦးဒိုဇနန်ကပြောပြသည်။

ချင်းတောင်ထွက် ပန်းသီးမျိုး အကောင်းဆုံးမှာ အိုင်ဝါသီးဖြစ်ပြီး ကြာကြာထား၍ရသည့် အသီးများကို ရူဘီဟုခေါ်ပြီး အခြားအသီးများထက် အရောင်ပိုတောက်ကြောင်း၊ ထိုအသီးမျိုးကို ရန်ကုန်ဘက်သို့တင်ပို့ကြောင်း၊ အိုင်ဝါသီးများမှာ ဇွန်လမှစတင်၍ ရောင်းချနိုင်ကြောင်း၊ အသီးအရသာမှာ ပုံမှန်ဖြစ်ပြီးအိန္ဒိယ-မြန်မာနယ်စပ် တမူးဘက်သို့ ပုံမှန်တင်ပို့နိုင်ပါက ဈေးကွက်ပိုရကြောင်း ဒေသခံတစ်ဦး၏ ပြောပြချက် အရသိရသည်။ ချင်းပြည်နယ်(မြောက်ပိုင်း)တွင် ပန်းသီးကို ဟားခါး၊ ဖလမ်း၊ တီးတိန်ဒေသတိုင်းတွင် စိုက်ပျိုးမှုရှိသော်လည်း တီးတိန်မြို့နယ် ဘွင်၊ ဇန်တဲ့၊ လိုဖေ၊ အာလွယ်၊ ဆွောင်းပီး၊ ဒိမ်ပီးနှင့် လေးဒေါ့စသည့်ကျေးရွာများတွင် အများဆုံးစိုက်ပျိုးမှုရှိကြပြီး တီးတိန်မြို့နယ်ထွက်ပန်းသီးများ၏ အဓိကဈေးကွက်မှာ မြန်မာ-အိန္ဒိယနယ်စပ် တမူးမြို့နှင့် ရိခေါဒါရ်မြို့နယ်ခွဲများဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် တစ်ဖက်နိုင်ငံ မီဇိုရမ်ပြည်နယ်သို့ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့မှ တစ်ဆင့် ကလေးဝ၊ မုံရွာ၊ မန္တလေး၊ ရန်ကုန်နှင့် ချင်းတွင်းမြစ်ဖျားဒေသသို့ လည်းကောင်း နှစ်စဉ်တင်ပို့ရောင်းချကြကြောင်း ပန်းသီးကုန်သည်များ၏ ပြောပြချက်အရ သိရသည်။

ချင်းတောင်ပန်းသီးသည် ချင်းတောင်ဒေသတွင် နှစ်စဉ်ဖောက်သည်ဈေး တစ်ပိဿာလျှင် ခြောက်ရာနှင့် ခုနစ်ရာကျပ်ဝန်းကျင် ဈေးပေါက်ပြီး မျိုးမကောင်းသည့် ပန်းသီးဆိုလျှင် သုံးရာနှင့် လေးရာကျပ်ဝန်းကျင် ဈေးပေါက်ကြောင်း၊ ယခုနှစ်အတွင်း ချင်းတောင်ပန်းသီး ပိဿာချိန် သုံးသောင်းဝန်းကျင်သာ ထွက်ရှိကြောင်း၊ ယခုနှစ် ကလေးမြို့ ဈေးကွက်တွင် ချင်းတောင်ရူဘီပန်းသီး တစ်ပိဿာလျှင် အစောပိုင်းက ကျပ် ၂၅၀၀ မှ ငွေကျပ် ၃၀၀၀ အထိပေးဝယ်ခဲ့ကြရာမှ ယခုရက်ပိုင်းအတွင်း တစ်ပိဿာလျှင် ကျပ် ၁၅၀၀ မှ ကျပ် ၂၀၀၀ အထိ ဈေးကျဆင်းခဲ့ကြောင်း၊ ယခုနှစ် ချင်းတောင်ပေါ်တွင် ရာသီဥတုဒဏ်နှင့် စိုက်ပျိုးမှုနည်းစနစ်ပံ့ပိုးမှု အားနည်းသောကြောင့် ယခင်ကနှစ်စဉ် အထွက်နှုန်းကောင်းမွန်ခဲ့သော ချင်းတောင်ထွက်ပန်းသီးများမှာအရောင်း **(အပေါ်ပုံ)** အဝယ် အေးနေကြောင်း သိရသည်။ **နေစု(ချင်းရိုးမ)**

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ပြန်လည်စွန့်လွှတ်သော လယ်ယာမြေများအား မော်လမြိုင်ကျွန်းမြို့နယ်တောင်သူများထံ ယာယီလုပ်ကိုင်ခွင့်လက်မှတ်များပေးအပ်

မော်လမြိုင်ကျွန်း ဇူလိုင် ၁၅

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ စွန့်လွှတ်သော လယ်ယာမြေများကို တောင်သူများထံ ယာယီလုပ်ကိုင်ခွင့် လက်မှတ် ပြန်လည်ပေးအပ်ပွဲကို ဇူလိုင် ၁၃ ရက်က မော်လမြိုင်ကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဧရာဝတီခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဘဏ္ဍာရေးဝန်ကြီး ဦးဝင်းကိုကိုက အမှာစကား ပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ မော်လမြိုင်ကျွန်းမြို့နယ်မှ ပြန်လည်စွန့်လွှတ်သော လယ်မြေ ၁၇၃ ဒသမ ၃၅ ဧကကို တောင်သူ ၁၈ ဦးထံ ယာယီလုပ်ကိုင်ခွင့်ပြုလက်မှတ်များကို တိုင်းဒေသကြီး အစိုးရအဖွဲ့ ဘဏ္ဍာရေးဝန်ကြီး ဦးဝင်းကိုကိုက တောင်သူတစ်ဦးချင်းအလိုက် ပြန်လည်ပေးအပ်ခဲ့သည်။

အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဘဏ္ဍာရေးဝန်ကြီး ဦးဝင်းကိုကို၊ လျှပ်စစ်စွမ်းအားဝန်ကြီးဦးစောမြသိန်း၊ လပွတ္တာခရိုင် အုပ်ချုပ်ရေးမှူးဦးတင်ဦးနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင်နှင့်ဦးအောင်ဇော်လှိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်နှင့် မြို့နယ်အဆင့်ဌာန ဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင် သာယာရေးအဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် မော်လမြိုင်ကျွန်းမြို့နယ် ကွဲ့တလင်းကျေးရွာမှ လယ်မြေများ ပြန်လည်လုပ်ကိုင်ခွင့်ရ တောင်သူ ၁၈ ဦးနှင့် ကျေးရွာလယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့ဝင်များ တက်ရောက်ကြသည်။ **မော်ကျွန်းမြင့်အောင်**

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(၄/၂၀၁၄)

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများကို တင်ဒါခေါ်ယူလိုပါသည်-

မြန်မာကျပ်ငွေဖြင့်ဝယ်ယူခြင်း

(က) ဓာတုဗေဒပစ္စည်းများ -Caustic Soda, Fluorescent Indicator

(ခ) စက်နှင့်စက်အရန်ပစ္စည်းများ-Teflon, Compressor and Pump with Motor, Combustible Gas Detector and O_2, N_2 Detector, Monitor, Printer, Scanner, Fax, Copier, Duplicator, 8 port Switch, Computer Table & Chair, Projector, Recycle M/C for Waste Polypropylene PP Pallet & Cursher M/C for WPP, Control Valve, Mixer, Flexible Hose Pipe

(ဂ) **ကုန်ကြမ်းပစ္စည်းများ-ပလတ်စတစ်အိတ်၊ မီးဓာချည်**

(ဃ) **စက်ဆီ၊ ချောဆီများ**-Lube Oil (TOL, HOM, IGO-72, SDO-30, PGO-90 EP,PTO-32, PMO-30, ISO-68, ISO-46

နိုင်ငံခြားငွေဖြင့်ဝယ်ယူခြင်း

(က) ဓာတုဗေဒပစ္စည်းများ-LTS Catalysts, Merox Catalyst., Resins

(ခ) စက်နှင့်စက်အရံပစ္စည်းများ-Lab-Apparatus, Induced Fan For Dryer Complete Set (K-2202) with Motor, MP Steam Superheater Tube Bundles, 4MW GTG For LPG (Nyaung Done), PLC with Cabinet Display Panel For Feed Gas Compressor, Spare Part for NH_3 Feed Pump & Mechanical Seals, Temperature Element, Pressure Gauge & Air Regulator & Flow Meter & Valve & Diaphragm Disc Pack, Level Transmitter, Flow Transmitter & Pressure Transmitter, Molten Urea Pump (P-3202) with Motor & Diaphragm for Urea Plant, Spare Parts for Carbamate Feed Pump (P-3102 A/B), Spare Parts for Ammonia Feed Pump (P-3101 A/B), Filter Element of Oil Filter for (P-3102, P-3101), Spare Parts for River Water Pump (P-5001 A/B) and Pressure Relief Valve (Safety Valve) for 5th Stage Outlet of CO2 Compressor, REF 542 Plus (HMI Unit) with control program installer and BDM, Control Valve (HV-3301), Intellisys Controller, SMC Filter, Regulator and Pressure Regulator, Relay and Solenoid, Level Transmitter (LT-3202, LT-3404, LT-3505, LT-5413, LT-5420), Pressure Transmitter (PT-4012) and Temperature Gauge, Sight Glass & Shut off Valve and Piston Ring & Piston Rider Ring

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** -၁၅-၇-၂၀၁၄ရက်
တင်ဒါပိတ်မည့်ရက်/အချိန် -၁၄-၈-၂၀၁၄ရက်၊ ၁၂း၀၀နာရီ

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကိုအောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စီးမံရေးဌာန/ဘဏ္ဍာရေးဌာန
ရုံးအမှတ် (၄၄)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၁၁၂၃၊ ၀၆၇-၄၁၁၁၉၃

ဖခင် အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ ကျီးပင်စုကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ တက္ကသိုလ်ဝင်တန်းမှ မောင်စောဖိုးထူး၏ ဖခင်အမည်မှန်မှာ ဦးမြသိန်း ၇/သနပ(နိုင်)၀၀၀၈၀၆ ဖြစ်သည်။ **ဦးမြသိန်း**

ဆောက်လုပ်ရေးအင်ဂျင်နီယာ အလိုရှိသည်

GOLDEN BAGAN ဟိုတယ်ဆောက်လုပ်ရေးလုပ်ငန်းတွင် တာဝန်ထမ်းဆောင်ရန် လုပ်ငန်းကျွမ်းကျင်ရမည်။ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံးသုံးနှစ်အထက်ရှိရမည်။

ကျား/မ (AGTI Civil, B.Tech Civil, B.E Civil)

ဖုန်း-၀၉-၅၀၄၃၃၆၇၊ ၀၉-၄၂၀၂၅၂၅၇၄၊ ၀၉-၇၃၁၇၇၉၂၃

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ယ/၅၅၄၉၅ Honda Dream No 125m M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးသန်း ၆/မအရ(နိုင်)၀၇၉၃၆၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ဦးစီးမှူးရုံး(မြိတ်)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၂ယ/၄၆၇၄၁ Honda Dream No 125m M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးသန်း ၆/မအရ(နိုင်)၀၇၉၃၆၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ဦးစီးမှူးရုံး(မြိတ်)

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ် ၁၃၆၃/က၊ မြေကွက်တည်နေရာအမှတ် ၁၃၆၃/က၊ သံသုမာလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် (ဦးစိန်ဝင်း)အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးစိန်ဝင်းနှင့် (တရားလို) ဒေါ်အေးအေးမြင့်တို့၏ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၁၃၀/၁၄၊ ဇာရီ အမှုအမှတ် ၄၉/၁၄ တို့တင်ပြ၍ တရားရုံးကိုယ်စား ဘိလစ်ဒေါ်နှင်းဝင့်ဝင့်ဖြူ ၈/ဆဖန(နိုင်)၀၅၁၂၄၃က အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အသက်သည် သွေး

သတင်းတို

ပညာသင်ထောက်ပံ့ကြေးပေး

ကျောက်ပန်းတောင်း ဇူလိုင် ၁၅

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျောက်ပန်းတောင်းမြို့နေ ဦးမောင်မောင်၊ ဒေါ်ခင်စီ(သီတာရွှေစင်)မိသားစု၏ ပဉ္စမအကြိမ် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၁၃ရက်က ကျင်းပရာ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးများကို ပေးအပ်ခဲ့ကြကြောင်း သိရသည်။

နေအောင်

ဆောမြို့နယ်တွင် အခြေခံပညာကျောင်း ၁၅ ကျောင်း အဆင့်တိုးမြှင့်ဖွင့်

ဆော ဇူလိုင် ၁၅

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဆောမြို့နယ်တွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်၌ အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများကို အမှတ်(၂) အခြေခံပညာဦးစီးဌာနက တိုးမြှင့်ဖွင့်လှစ်ရာ အထက်တန်းကျောင်း(ခွဲ) တစ်ကျောင်း၊ အလယ်တန်းကျောင်း(ခွဲ) ခုနစ်ကျောင်း၊ မူလတန်း(လွန်)ကျောင်း နှစ်ကျောင်း၊ မူလတန်းကျောင်း ငါးကျောင်းတို့ကို ဇူလိုင် ၅ ရက်က တစ်ပြိုင်နက်ဖွင့်လှစ်ပြီးဖြစ်ကြောင်း သိရသည်။ **(ယာပုံ)**

ဇူလိုင် ၅ရက်က ဖွင့်လှစ်ခဲ့သည့်ကျောင်းများမှာ ကြခတ်ရွာ အထက(ခွဲ)၊ ငှက်ကြီးဦးရွာ အလက(ခွဲ)၊ ကျင်းလိန်ရွာ အလက(ခွဲ)၊ ယောလက်ပန်ရွာ အလက(ခွဲ)၊ ယမ်းရွာ အလက(ခွဲ)၊ သီးကုန်းရွာ အလက(ခွဲ)၊ ကျွန်းတောရွာ အလက(ခွဲ)၊ ပုပ္ပကိုင်းရွာ အလက(ခွဲ)၊ လေယ်ခုံရွာ မူလတန်း(လွန်)ကျောင်း၊ ကျောက်မရွာ မူလတန်း(လွန်)ကျောင်း၊ ငပုံကျင်းရွာ မူလတန်းကျောင်း(ခွဲ)၊ ဟောင်ရွာ မူလတန်းကျောင်း(ခွဲ)၊ ရင်းခေါ်ရွာ မူလတန်းကျောင်း(ခွဲ)၊ လင်းဒကျင်းရွာ မူလတန်းကျောင်း(ခွဲ)၊ နတ်ကောင်းကျင်းရွာ မူလတန်းကျောင်း(ခွဲ)တို့ ဖြစ်ကြောင်း သိရသည်။

ကျောင်းဖွင့်ပွဲများသို့ မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဌေးလွင်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်လွင်၊ မြို့နယ်ပညာရေးမှူး ဒေါ်ဒွန်းလန်းတို့နှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝင်များ၊ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှတာဝန်ရှိသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြကာ အဆိုပါဖွင့်ပွဲများတွင် ကျောင်းနေအရွယ်ကလေးများအားလုံး ပညာသင်ကြားခွင့်ရရှိရေး၊ ကျန်းမာကြံ့ခိုင်ပြီး စာရိတ္တကောင်းမွန်သည့် ဘက်စုံပညာပြည့်ဝသူများ ပေါ်ထွန်းလာစေရေးတို့ကို ရှင်းလင်းဟောပြောဆွေးနွေးခဲ့ကြသည်။

(၁၀၁)

သားပျက်သားလျှောမှုများလျှော့နည်းရေး ပညာပေးနည်းပြသင်တန်းဖွင့်

လပွတ္တာ ဇူလိုင် ၁၅

သားပျက်သားလျှောမှုများလျှော့နည်းရေး ပညာပေးနည်းပြသင်တန်းကို လပွတ္တာမြို့နယ် ကျောက်ဖြူကျေးရွာအုပ်စု အမကကျောင်း၌ လပွတ္တာခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ဇူလိုင် ၁၃ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန္တာဝင်းသိန်းက အမှာစကားပြောကြားပြီး လပွတ္တာခရိုင် ၃မိုင်ဆေးရုံမှ ဆရာဝန်က သားပျက်သားလျှောမှုများ လျှော့နည်းရေးအကြောင်းများကို ရှင်းလင်းပြောကြားသည်။ **(ဝဲပုံ)**

သင်တန်းမှ သင်ကြားမှုများဖြင့် ကိုယ်ဝန်ဆောင်မိခင်များအား စောင့်ရှောက်ခြင်း၊ မီးဖွားချိန်တွင် သတိပြုရန်အချက်များ၊ မီးဖွားပြီးနောက် ဆောင်ရန်ရှောင်ရန်အချက်များကို သိရှိလာမည်ဖြစ်ကာ ဒေသတွင်းကိုယ်ဝန်ဆောင်များ၏ ကျန်းမာရေးကို ကူညီစောင့်ရှောက်နိုင်မည်ဖြစ်သကဲ့သို့ သားပျက်သားလျှောမှုများကိုလည်း လျှော့ကျစေနိုင်မည်ဖြစ်ကြောင်း၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးငယ်များ၏ ကျန်းမာရေးစောင့်ရှောက်မှုများတွင်လည်း ကူညီဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ သင်တန်းကာလမှာ ရက်တိုသင်တန်းဖြစ်ပြီး သင်တန်းသူ ၃၅ ဦး တက်ရောက်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ဌာနဆိုင်ရာနှင့်စီးပွားရေးကြော်ငြာ

(၄၂)နှစ်ပြည့် မင်္ဂလာဆုမွန်လွှာ

ဖေဖေ ကလေးအထူးကုသမားတော်ကြီး ပါမောက္ခဒေါက်တာဦးအေးသောင်း (ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း၊ ဆေးသိပ္ပံပညာဦးစီးဌာန)နှင့် မေမေ ဒေါ်ခင်မာဝေတို့၏ ၁၆-၇-၂၀၁၄ ရက်တွင် ကျရောက်သော (၄၂)နှစ်ပြည့်မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သော သားသမီး၊ မြေးများနှင့် ပျော်ရွှင်စွာဖြတ်သန်းနိုင်ပါစေ။

သားကြီး - **ဒေါက်တာရဲကျော်သူ M.B.,B.S: M.Med.Sc(Paediatrics): MRCPCH(UK)-**
ဒေါက်တာစိုးနန္ဒာထက် M.B.,B.S:M.Med.Sc(Dermatology)

မြေး - **ရဲဝေယံထက်အောင်**

သမီးကြီး - **ဒေါက်တာထက်ထက်မင်း M.B.,B.S:M.Med.Sc(Internal Madicine): MRCP(UK) 1st Year Dr.Med.Sc(Cardiology), UM 1**

သမီးငယ် - **ဒေါက်တာထက်ထက်လင်း M.B.,B.S:M.Med.Sc(Internal Medicine): MRCP(UK)**

ဆောက်လုပ်ရေးဝန်ကြီးဌာန
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
အထူးစီမံကိန်းကြီးအဖွဲ့ (၄)
တောင်ဥက္ကလာပ(မြင်သာ)
အိတ်ဖွင့်တင်ဒါ ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အထူးစီမံကိန်းကြီးအဖွဲ့ (၄)၊ တောင်ဥက္ကလာပ(မြင်သာ)မှ တာဝန်ယူတည်ဆောက်နေသည့် ကယားပြည်နယ်၊ ဘောလခဲခရိုင်၊ ဖားဆောင်းမြို့နယ်အတွင်းရှိ သံလွင်တံတား (ဖားဆောင်း)အတွက် သံမဏိယက်မ Plate Girder နှင့် ဆက်စပ်ပစ္စည်းများ ခန့်မှန်းတန်ချိန် ၈၀၀အား အမှတ်(၂)သံမဏိစက်ရုံ မြောင်းတကာမှ တံတားလုပ်ငန်းခွင်အရောက် (ကုန်းလမ်းဖြင့်) သယ်ယူပို့ဆောင်ရန်အိတ်ဖွင့် တင်ဒါခေါ်ယူလိုပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** -၂၂-၇-၂၀၁၄ ရက် (ရုံးချိန်အတွင်း)

၃။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်**-၂၄-၇-၂၀၁၄ ရက် ၁၆း၀၀နာရီ

၄။ **တင်ဒါဖွင့်လှစ်မည့်ရက်** -၂၇-၇-၂၀၁၄ ရက်

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ဖော်ပြပါလိပ်စာနှင့် ဖုန်းများသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
အထူးစီမံကိန်းကြီးအဖွဲ့ (၄)
တောင်ဥက္ကလာပ(မြင်သာ)
ဖုန်း-၀၁-၈၅၀၀၇၅၈၊ ၀၇၅-၆၀၃၅၆

ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအတွက်
စက်ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအတွက် လိုအပ်သော အောက်ဖော်ပြပါစက်ပစ္စည်းများကို နိုင်ငံခြားသုံးငွေ(USD)ဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

(က)	Pocket Radio (2 Band, FM & MW)	40000 Nos
(ခ)	Pocket Radio (9 Band, FM, MW & SW)	10000 Nos

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၄-၇-၂၀၁၄ရက်မှ ၂၈-၇-၂၀၁၄ ရက်အထိ နေ့စဉ် နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော် (တပ်ကုန်း) တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၉-၇-၂၀၁၄ ရက် နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

စက်ပစ္စည်းများဝယ်ယူရေးကော်မတီ
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်
ပြန်ကြားရေးဝန်ကြီးဌာန
ဖုန်း-၀၆၇-၇၉၄၈၃၊ ၀၆၇-၇၉၁၃၅၊ ၀၆၇-၇၉၄၁၁

01-394727,01-399426,09-73009994, 098152621

သင့်သွေးဖြင့် အသက်ကယ်ပါ

ချမ်းသာသုခ

One Stop Service for Agarwood

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၅၈၊ ဦးစံဝင်းလမ်း၊ မြေကွက်အမှတ်၉၉၉၊ အကျယ်အဝန်း ၃၉ပေ×ပေ၆၀၊ ၀ ဒသမ ၀၅၃ ဧက ဒေါ်အေးအေးဝင်း ၁၂/တတန(နိုင်)၀၀၀၂၄၈ အမည်ပေါက် နှစ်၆၀ဂရန်မြေကွက်အား လက်ရှိပိုင်ဆိုင်သူ ဒေါ်နန်းအေးဆိုင် ၁၃/လရန(နိုင်)၁၁၂၆၉၄ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေပေးချေပြီးဖြစ်ပါ၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဇေယျာထွန်း LL.B
အထက်တန်းရှေ့နေ
၅/၅၀၂၊ ရန်ကင်းလမ်း၊ ကန်တော်မွန်အိမ်ရာ၊ သဃ်န်းကျွန်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၀၇၉၆၀၂

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ဝန်ထမ်းကြီး၊ ရွှေလင်ပန်း(၂၈)ရပ်ကွက်၊ မြေကွက်အမှတ် ၁၆၂ နှင့် ၁၆၃ နှစ်ကွက်တွဲအကျယ်ပေ(၁၂၀×၈၀) အကျယ်အဝန်းရှိ မြေအမျိုးအစားပါမစ်ဟုခေါ်တွင်သော မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါက်တာမြင့်ဆွေနှင့် ဗိုလ်ကြီးရဲရင့်သွေးအမည်ပေါက်ပြီး ၎င်းတို့ထံမှ ဦးအောင်မျိုး ၁၂/လသယ(နိုင်)၀၅၇၄၃၅ မှ အရပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လာသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်ကို ၎င်းထံမှ ကျွန်ုပ်သည် အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများသည် ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်၍ စာချုပ်ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးမြတ်အေး
ဖုန်း-၀၉-၃၆၀၂၀၃၁၉၊ ၀၉-၇၃၀၃၂၂၀၃

စီးပွားရေးနှင့် လူမှုရေးကြော်ငြာ

[illegible]

LL.B, D.B.L, D.I.L, Dip.CA, WIPO LL.B, D.B.L, D.I.L, D.M.L, WIPO

Hein Htet San Law Firm

[illegible]

ကန့်ကွက်နိုင်ပါကြောင်း

[illegible]

LL.B, D.B.L, D.I.L, Dip.CA, WIPO LL.B, D.B.L, D.I.L, D.M.L, WIPO

Hein Htet San Law Firm

[illegible]

ရောင်းရန်ကြော်ငြာစာ
(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
ကျောက်မဲခရိုင်နယ်တရားမရုံးတော်၌
၂၀၁၂ ခုနှစ် ဇာရီမှုအမှတ်-၇

ဒေါ်ဖြူဖြူ(ကွယ်လွန်သူဒေါ်ညွန့်ညွန့်ဆွေ၏တရားဝင်ကိုယ်စားလှယ်) နှင့် ၁။ ဦးဝင်းအောင်
၂။ ဒေါ်ငွေဝင်းကြူ(ခ)ဒေါ်ကြူကြူ

ဒီကရီရသူ **တရားရှုံးများ**

ကျောက်မဲခရိုင်နယ်တရားမရုံးတော်က ၂၀၁၁ ခုနှစ် တရားမမှုအမှတ်-၁၁တွင် စရိတ်များအပါအဝင်ငွေကျပ် သိန်း ၅၇၀အတွက် ဒီကရီအတည်ဇာရီပြုရာစာရင်း၌ ဖော်ပြထားသောပစ္စည်းများတွင် တရားရှုံးအကျိုးသက်ဆိုင်ခြင်းကို ၂၀၁၄ ခုနှစ် ဩဂုတ် ၁၁ရက် (၁၃၇၆ခုနှစ် ဝါခေါင်လဆန်း ၁၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ပစ္စည်းတည်ရှိရာအရပ်မှာ လေလံတင်၍ ရောင်းချလိမ့်မည်။ ရောင်းချခြင်းမှာ အများပြည်သူတို့ရှေ့ လေလံတင်ရောင်း၍ ၄င်းစာရင်းတွင် ဖော်ပြပါရှိ သည့်အတိုင်း အစုအပုံများပြုပြီးလျှင် ပစ္စည်းကို ရောင်းချလိမ့်မည်။ ထိုစာရင်းတွင် ဖော်ပြပါရှိသည့်အတိုင်း အထက်အမည်ပါ တရားရှုံး၏ပစ္စည်းကို ရောင်းချလိမ့်မည်။ အဆိုပါပစ္စည်းပေါ်တွင် တင်ရှိသည့် ကြွေးမြီကစိပတ်တာဝန်များမှာ စုံစမ်းသိသာသမျှ အစုအသီးသီးနှင့်ဆိုင်ရာတည့်တည့် ၄င်းစာရင်းတွင် ဖော်ပြပါရှိသည့်အတိုင်းဖြစ်သည်။

ရောင်းချရာတွင် အများပြည်သူတို့မှာ ကိုယ်တိုင်သော်လည်းကောင်း၊ နေရာတကျအခွင့်အရေးလွှဲအပ်သည့် ကိုယ်စားလှယ်သော်လည်းကောင်း ဆွဲဝယ်စေရန် ဆင့်ဆိုကြော်ငြာလိုက်သည်။ သို့သော်လည်း အထက်အမည်ပါ တရားနိုင်သော်လည်းကောင်း၊ တရားနိုင်အတွက်သော်လည်းကောင်း ဆွဲဝယ်သည်ကို လက်ခံမည်မဟုတ်သည်သာမက၊ ၄င်းတို့ကို တစ်စုံတစ်ရာရောင်းချခြင်းသည် ရုံးတော်အခွင့်အမိန့်တင်ရင်၍ အတည့်အလင်းမရမရှိလျှင် ခိုင်မာလိမ့်မည်မဟုတ် ရောင်းချရန် နောက်ထပ်စည်းကမ်းချက်များမှာ အောက်၌ဖော်ပြထားသည်။

ပစ္စည်းစာရင်း

ရှမ်းပြည်နယ်၊ သီပေါမြို့နယ်၊ တောင်မြို့တိုးချဲ့ရပ်ကွက်၊ ဦးပိုင်အမှတ် ၁၀/က၊ ကွင်းအမှတ် ၁၃၉၊ မြေချိန်ဧရိယာ ဝ ဒသမ ၁၂၇ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသော သွပ်မိုး၊ အုတ်ခင်း၊ နံကပ်တစ်ထပ် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၅၇၀။

ရောင်းချရန်နောက်ထပ်စည်းကမ်းချက်များ

၁။ စာရင်းတွင် ဖော်ပြပါရှိသော အချက်များမှာ ရုံးတော်က သတင်းစကားရရှိသိသာနိုင်သမျှဖြစ်သည်။ သို့သော်လည်း ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် ရုံးတော်က တာဝန်ခံမည်မဟုတ်။

တရားရှုံး၏အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း လေလံဆွဲဝယ်ယူမည့်သူတို့အား အထူးသတိပြုကြရန် နှိုးဆော်လိုက်သည်။

၂။ လေလံဆွဲတက်ရာ မည်မျှမည်ရွေ့တိုးတက်ရမည်ကို ရောင်းချသူအရာရှိက ဆုံးဖြတ်လိမ့်မည်။ ဆွဲတက်သည့်ငွေအတွက်နှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ မည်သူကဆွဲတက်သည်နှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ တစ်ခုခုအငြင်းအခုံဖြစ်ပွားသည့်အချက်တွင် ၄င်းပစ္စည်းစုကို ချက်ချင်းတစ်ဖန်ပြန်၍ လေလံတင်ရောင်းလိမ့်မည်။

၃။ အများဆုံးတိုးတက်ဆွဲဝယ်ယူသူမှာ ၄င်းပစ္စည်းတစ်ခုခုကို ဆွဲဝယ်ယူသူဖြစ်ကြောင်း ပြဋ္ဌာန်းလိမ့်မည်။ သို့သော်လည်း ၄င်းလူမှာ တရားဥပဒေနှင့်အညီ တိုးတက်ဆွဲဝယ်ရန် အရည်အချင်းနှင့်ပြည့်စုံသူဖြစ်စေရမည့်အပြင် အမြင့်ဆုံးတိုးတက်ဆွဲဝယ်သည့်အဖိုးမှာ နည်းပါးကြောင်းထင်ရှား၍ လက်ခံရန်မသင့်လျော်ကြောင်း လေလံရောင်းချသည့်အရာရှိက သို့တည်းမဟုတ် ရုံးတော်ကထင်မြင်လျှင် လက်မခံငြင်းပယ်ရန် ရုံးတော်က သို့တည်းမဟုတ် ၄င်းအရာရှိက ချင့်ချိန်တိုင်းထွာ၍ ဆောင်ရွက်ခွင့်ရသည်။

၄။ အမိန့်နံပါတ် ၂၁၊ နည်းဥပဒေ ၆၉ပါ ပြဋ္ဌာန်းချက်များကို အမြဲအထောက်အထားပြု၍ ရောင်းချမှုကို ဆောင်ရွက်သူအရာရှိက စဉ်းစားဆင်ခြင်၍ အကြောင်းဖော်ပြရေးမှတ်ပြီးလျှင် ရောင်းချခြင်းကို ရွှေ့ဆိုင်းခွင့်ရသည်။

၅။ ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းဖြစ်သည့်အချက်တွင် ပစ္စည်းစုအသီးသီး၏အဖိုးငွေကို ရောင်းချသည့်အခါတွင် ပေးချေရမည်။ သို့တည်းမဟုတ် ရောင်းချသူအရာရှိက ဆင့်ဆိုသည့်အတိုင်း ရောင်းချပြီးနောက် မြန်နိုင်သမျှ အချိန်အခါတွင် ပေးချေရမည်။ ပေးချေမပြုပျက်ကွက်လျှင် ပစ္စည်းကို ချက်ချင်းတစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။

၆။ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းဖြစ်သည့်အချက်တွင် ဆွဲဝယ်သူအဖြစ် ပြဋ္ဌာန်းခံရသူမှာ ရောင်းချသည့်အရာရှိထံသို့ ဝယ်ငွေတစ်ရာလျှင် နှစ်ဆယ့်ငါးကျပ်ကျသည်ကဲ့သို့ ပြဋ္ဌာန်းပြီးသည်နှင့် တစ်ပြိုင်နက်ပေးသွင်းရမည်။ သည်ကဲ့သို့ ပေးသွင်းမပြု ပျက်ကွက်ခဲ့လျှင် ပစ္စည်းကို ချက်ချင်းတစ်ဖန်ပြန်၍ လေလံတင်ရောင်းလိမ့်မည်။

၇။ ဆွဲဝယ်သည့်ငွေအားလုံးကို ဆွဲဝယ်သူက ပစ္စည်းရောင်းချသည့်ရက်ကိုပယ်၍ ပစ္စည်းကို ရောင်းပြီးနောက် ၁၅ ရက်မြောက်တွင် ရုံးမဆင်းမီ ပေးဆောင်ရမည်။ ၁၅ ရက်မြောက်နေ့မှာ တနင်္ဂနွေနေ့သော်လည်းကောင်း၊ တခြားရုံးပိတ်ရက်သော်လည်းကောင်းဖြစ်လျှင် ၄င်း ၁၅ရက်မြောက်နေ့နောက် ရုံးပထမဖွင့်သည့်ရက်တွင် ပေးဆောင်ရမည်။

၈။ အထက်ခွင့်ပြုသည့်အချိန်ကာလတွင် ဆွဲဝယ်ရာကျန်ငွေကို မပေးမဆောင်ပျက်ကွက်ခဲ့လျှင် ရောင်းချရန်ကြော်ငြာစာအသစ်ထုတ်ပြီးနောက် ၄င်းပစ္စည်းကို တစ်ဖန်ပြန်၍ရောင်းချလိမ့်မည်။ တင်ထားသည့်ကြေးငွေကိုလည်း ရောင်းချသည့်အတွက် စရိတ်များကိုပေးပြီးနောက် ရုံးတော်က သင့်သည်ထင်မြင်ခဲ့လျှင်၊ အစိုးရမင်းသို့ဆုံးရှုံးခံစေ၍ ငွေမပေးမဆောင် ပျက်ကွက်သူမှာ ၄င်းပစ္စည်းကိုဖြစ်စေ နောက်တစ်ဖန်ရောင်းချရာရရှိသည့် ငွေတစ်စိတ်တစ်ဒေသကိုဖြစ်စေ ဆိုင်ရာဆိုင်ခွင့်အရပ်ရပ်မှ ဆုံးရှုံးစေရမည်။

၂၀၁၄ ခုနှစ် ဇွန် ၂၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝါဝါဆွေ)

ဒုတိယခရိုင်တရားသူကြီး၊ ကျောက်မဲခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ လူနေရပ်ကွက်အမှတ် ၅၊ မြေတိုင်းရပ်ကွက်အမှတ် ၂၃/၈၊ မြေကွက်အမှတ် ၁၉၇-က နှင့် ၁၉၇-ခတို့၏ မြေကွက်အကျယ်အဝန်းအလျား ၂၂ဒသမဖ၆ပေ×အနံပေ၆ဝစီရှိသော မြေဧရိယာ ဝ ဒသမ ဝ၃ဝဧကစီရှိသည့် မြေကွက်နှစ်ကွက်နှင့် ယင်းမြေကွက်များပေါ်ရှိ အဆောက်အအုံများ၊ ဆိုင်ခန်းနှင့် မီးစက်၊ လျှပ်စစ်မီတာနှစ်လုံး၊ ရေအပါအဝင် မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဂရန်အမည်ပေါက်ပိုင်ဆိုင်သူများထံမှ ဆက်စပ်စာချုပ်ဖြင့်ဝယ်ယူ၍ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟုပြောဆိုလာသူ ဒေါ်ခင်အေးမော် ၁၂/ကမတ(နိုင်)၀၀၉၈၅၉ ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေက ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်မာသောစာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်စန်းတင့်

တရားလွှတ်တော်ရှေ့နေ (စဉ်-၂၀၂၀)

အမှတ် ၅၈၈၊ ယုဇနလမ်း၊ ပေါက်တောရပ်ကွက်၊ အင်းစိန်မြို့နယ်

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄၂၊ လူနေရပ်ကွက်အမှတ် (ဒဂုံသီရိအိမ်ရာစီမံကိန်း)၊ မြေကွက်အမှတ် ၈၆၊ အကျယ်အဝန်းအလျား ၁၀၂'/၉၉' ×အနံ ၁၀၁'/၁၀၀'ပေဧရိယာ ဝ ဒသမ ၂၃၂ ဧကရှိ၊ နှစ် ၆ဝဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ မူလအမည်ပေါက်သူ ဒေါ်ကျင်ယုထံမှ နှစ်ဦးသဘောတူကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ၁၅-၂-၂၀၁၃ ရက်စွဲပါ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၇၀၆/၁၃ ဖြင့် ကိုယ်စားလှယ်လွှဲစာရရှိထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း သက်ဆိုင်သောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲစာညွှန်ကြားချက်အရ-

ဒေါ်ခင်ပြည့် LL.B, D.B.L **ဒေါ်တင်တင်မော် LL.B**

တရားလွှတ်တော်ရှေ့နေများ

ဖုန်း-၀၉-၄၂၅၀၁၇၁၉၃၊ ၀၉-၇၃၀၈၇၂၄၉

တိုက်(၆/၈)၊ အထက်ပုဇွန်တောင်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (က-၃၁)၊ မြေကွက်အမှတ် ၂၉၊ အကျယ်အဝန်း ပေ(၆၀×၈၀)ရှိ ဦးကျော်သန့် BY-၀၀၃၀၀၁ အမည်ပေါက်မြေချပါမစ်မြေနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကိုပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးမိုးမြင့် ၁၂/သဃက(နိုင်)၀၁၃၀၂၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာစာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးသည့်တိုင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သန္တာခိုင် LL.B, D.L.P, WIPO (Switzerland)

တရားလွှတ်တော်ရှေ့နေ

အမှတ်(၈၃)၊ အခန်း(၁၆/ဘီ)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊

ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၁၀၀၅၈၆၇

တန့်ကွက်နိုင်ကြောင်း ကြော်ငြာ

[illegible]

ရဲမှူးကျော်မြင့်(ငြိမ်း)နှင့် အများသိစေရန် ပြန်လည်ကြေညာခြင်း

ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ (၁၂)ရက်

အထက်ပါကိစ္စနှင့်စပ်လျဉ်း၍ ၈-၇-၂၀၁၄ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ (၂၀)၌ ဖော်ပြပါရှိသော ကြေညာခြင်းသည် မမှန်ကြေညာခြင်းသာဖြစ်ပါသည်။

တောင်ငူမြို့၊ အမှတ်(၂၀)ရပ်ကွက်ရှိ မြေစာရင်းအခေါ်ကွင်းအမည်-လောကုတ္တရာကွင်း၊ ကွင်းအမှတ်(၅၃၈)၊ ဦးပိုင်အမှတ်(၁၅၁)သည် ရဲမှူးကျော်မြင့်(ငြိမ်း)နှင့် မည်သို့မျှသက်ဆိုင်ခြင်းမရှိဘဲ (ဒေါ်တင်ရွှေ)တစ်ဦးတည်းလွတ်လပ်စွာ ပိုင်ဆိုင်သောမြေဖြစ်ပါသည်။ထိုမြေကို ဦးကျော်မြင့် ၇-၅-၁၉၉၅ရက်တွင် ဝယ်ယူပိုင်ဆိုင်သည်ဆိုသည်မှာ လုံးဝမှန်ကန်ခြင်းမရှိပါ။ (ဒေါ်တင်ရွှေ)၏ မိခင်က ၄င်း၏စုဆောင်းငွေဖြင့် ဝယ်ယူပိုင်ဆိုင်ထားသောမြေဖြစ်ပါသည်။ (ဒေါ်တင်ရွှေ)မှာ အပျိုကြီးဖြစ်၍ အတူနေ၄င်း၏ စောင့်ရှောက်ပြုစုသူ တူမအရင်းဖြစ်သူ ဒေါ်သဇင်ထွန်းအား ၇-၁-၂၀၁၀ရက်တွင် ကိတ္တိမသမီးအဖြစ် ဥပဒေနှင့်အညီ အမွေစားအမွေခံ မွေးစားခြင်းကို တောင်ငူမြို့နယ်၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်ပြုလုပ် မွေးစားခဲ့ပါသည်။(ဒေါ်တင်ရွှေ)သည် ၃-၁-၂၀၁၄ ရက်တွင် ကွယ်လွန်သွားပြီဖြစ်၍ အဆိုပါမြေသည် တစ်ဦးတည်းသောအမွေခံဖြစ်သူ ဒေါ်သဇင်ထွန်းတစ်ဦးတည်းကသာ ဆက်ခံရရှိပြီးဖြစ်ပါသည်။

ထို့ကြောင့် ၈-၇-၂၀၁၄ ရက် မြန်မာ့အလင်းသတင်းစာပါ ဦးကျော်မြင့်၏ ကြေညာချက်အား ရုပ်သိမ်းပေးရန်နှင့် လူကြီးမင်း၏ကြေညာချက်တွင်ပါသော မူရင်းစာရွက်စာတမ်းများကို ကွယ်လွန်သူ(ဒေါ်တင်ရွှေ)ထံမှ မည်သို့မည်ပုံရယူခဲ့သည်ကို လူကြီးမင်းအသိဆုံးဖြစ်သောကြောင့် အဆိုပါစာရွက်စာတမ်းများကို ဒေါ်သဇင်ထွန်းထံ လာရောက်အပ်နှံပါရန် အသိပေးအကြောင်းပြန်ကြားလိုက်သည်။ဆောင်ရွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မလွှဲမရှောင်သာ အသိပေးအကြောင်းကြားလိုက်သည်။

ဒေါ်သဇင်ထွန်း၏ အတိအလင်းညွှန်ကြားချက်အရ-

ဒေါ်စန်းစန်းလှ (စဉ်-၂၁၅၉၅) (ဥပဒေတွဲ့) အထက်တန်းရှေ့နေ

ဖုန်း-၀၉-၄၀၂၆၃၇၂၁၉၊ ရေတာရှည်မြို့

ကန့်ကွက်နိုင်ပါကြောင်း

[illegible]

LL.B, D.B.L, D.I.L, Dip.CA, WIPO LL.B, D.B.L, D.I.L, D.M.L, WIPO

Hein Htet San Law Firm

[illegible]

[illegible]

LL.B, D.B.L, D.I.L, D.M.L, WIPO LL.B, D.M.L, WIPO

Hein Htet San Law Firm

[illegible]

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ လမ်း ၅၀၊ အမှတ် (၁၇၈/၁၈၀)၊ ခုနစ်လွှာ၊ ခေါင်းရင်းခန်း(ယာ)၊ အကျယ်အဝန်း(၁၇½×၆၀)ပေရှိ ရေမီးစုံပါဝင်သော တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိထားပိုင်ဆိုင်ပြီး လွတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးသိန်းအေး ၁၀/မလမ(နိုင်)၁၆၆၃၉၃၊ ဒေါ်ချိုမာဦး ၁၀/မလမ(နိုင်)၁၆၆၄၁၅ တို့ထံမှ ၁၁-၇-၂၀၁၄ ရက်စွဲပါ နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ်စရန်ပေးကတိစာချုပ်ကိုချုပ်ဆို၍ စရန်ငွေအချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိသူများသည် ခိုင်မာသောစာချုပ်စာတမ်းအထောက်အထားမူရင်းများယူဆောင်၍ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လူကိုယ်တိုင် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်တင်ပြနိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်အေးအေးလှိုင် ၁၂/တမန(နိုင်)၁၀၁၂၅၈

အမှတ် ၁၇၉၊ မြေညီထပ်၊ လမ်း ၅၀၊ (၁၀)ရပ်ကွက်၊

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ဖုန်း-၀၉-၃၁၀၃၉၇၇၆

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၈ဃ/၇၉၅၂၇ HiBAO 110 ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းမြင့်အောင် ၉/ညဥန(နိုင်)၀၂၂၈၀၅၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

မန္တလေးမြို့

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂၊ မြေကွက်အမှတ် (၂/ဃ-၇-ဒီ)၊ မြေကွက်တည်နေရာအမှတ် ၅၈၁၊ ဓမ္မာရုံလမ်း၊ (၁၁)ရပ်ကွက်၊ ဒေါ်ခင်ဖူး အမည်ပေါက် မြေပိုင်မြေ (အိမ်ရာမြေ)အား အမည်ပေါက်ထံမှ ပိုင်ဆိုင်ကြောင်းစာချုပ်အမှတ် ၁၄၄၂/၃-၄-၂၀၁၃ဖြင့် ဒေါ်ခင်ခင်အေးမှပိုင်ဆိုင်ခဲ့ပြီး ဧရိယာ ဝဒသမ ၁၉၉ဧကအနက်မှ မခွဲမစိတ်ရသေးသော (၆၄' ၈"/၆၈')× (၄၃'/၃၈'၆")အား အရောင်းအဝယ်စာချုပ်အမှတ် ၂၁၅၆/၁၉-၆-၂၀၁၃ ဖြင့် ဒေါ်ချစ်ဥသို့ ရောင်းချခဲ့ပါသည်။ ယခုအခါ ပိုင်ဆိုင်စာချုပ်ဖြင့်ပိုင်ဆိုင်သူ ဒေါ်ခင်ခင်အေးမှ အမှားပြင်စာချုပ် ၂၀၈၇/၉-၅-၂၀၁၄ ဖြင့် ပြန်လည်ချုပ်ဆို၍ ဒေါ်ချစ်ဥ (ကိုယ်စား) အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၂၅၀/၁၂-၁-၂၀၁၂ဖြင့် ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဦးဇော်အောင်ထိုက် ၁၃/တကန(နိုင်)၀၀၁၄၈၇က အရောင်းအဝယ်စာချုပ်အမှတ် ၂၂၁/၂၈-၆-၁၉၅၂၏ မိတ္တူမှန်နှင့် မှတ်ပုံတင်စာချုပ်အဆက်ဆက်တို့ တင်ပြ၍ မြေကွက်ခွဲရန် မြေပုံကူးနှင့်မြေတိုင်း လျှောက်ထားရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၄၊ မြေကွက်အမှတ် ၃၆/ခ၊ မြေကွက်တည်နေရာအမှတ် ၃၆/ခ၊ ပြည်ထောင်စုလမ်း၊ (င/ခ)ရပ်ကွက်၊ သဃ်န်းကျွန်း၊ Mr. RJ Wison, U Nyein, Daw Tin Nyunt, Ko Hla Ye(a)Ko Kyaw Shwe, U Thaung Tin, Ko Ko Lwin, U Tin Nyunt, Daw Khin May, U Tin On, U Kwane, U Kyaw Sein အမည်ပေါက် ဘီ(လ/န-၃၉) မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ မစ္စတာအာရ်-ဂျေဝီလ်ဆင်ထံမှ အရောင်းအဝယ်စာချုပ်အမှတ် (၅၅၈/၂၈၊၁၁၊၇၉) အရ မြေကွက်ဧရိယာ ဝ ဒသမ ၁၂၆ ဧကထဲမှ ဝ ဒသမ၁၁၄ဧကကို ဦးအီဗရာဟင်(ခ)ဦးမြင့်လွင်မှ ဝယ်ယူခဲ့ပြီး ဦးအီဗရာဟင်(ခ)ဦးမြင့်လွင်(ဖခင်)နှင့် နုရ်ဂျာန်ဘီ(ခ) ဒေါ်လှဝင်း (မိခင်)တို့ ကွယ်လွန်သဖြင့် ဒေါ်ဇီနက်ဘီဘီ(ခ) ဒေါ်အေးအေးမြင့် ၁၂/သဃက(နိုင်)၁၃၈၈၅၂၊ ဒေါ်ဖရီဒါဘီ ၁၂/အစန(နိုင်)၁၆၃၇၂၃၊ (၃)အဗ္ဗဒူရာဟ်မန်(ခ) ဦးခင်မောင်ဝင်း ၁၂/သဃက(နိုင်)၁၃၈၈၅၃၊ (၄)ဦးနေမင်း ၁၂/သဃက (နိုင်)၁၃၈၈၅၄၊ (၅)ဒေါ်လှလှဝင်း(ခ)ရမ်ဇဟန်ဘီဘီ ၁၂/သဃက(နိုင်)၁၃၈၉၅၀၊ (၆)ဦးတင်စိုး ၁၂/သဃက(နိုင်)၁၃၉၆၆၅၊ (၇)ဦးစိုးနိုင် ၁၂/သဃက(နိုင်)၁၆၃၃၃၀ တို့က သားသမီးတော်စပ်ကြောင်း ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် GP No-၄၉၆၂/၂၂-၃-၁၁ နှင့် ၄၉၆၃/၂၂-၃-၁၁ ရသူ ဦးနေမင်းမှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါရုပ်သိမ်းခြင်း မရှိသေးကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာ

ဦးမှတ်
အထွေထွေမန်နေဂျာ(အင်ဂျင်နီယာ)၊ မြန်မာ့သစ်လုပ်ငန်း
အသက်(၅၉)နှစ်

ရေစကြိုမြို့နယ်၊ မအူရွာနေ (ဦးကျော်သိန်း)-ဒေါ်သောင်းတင်တို့၏သား၊ ရန်ကုန်မြို့ အင်းစိန်၊ ကြို့ကုန်း၊ မြန်မာ့သစ်လုပ်ငန်းဝင်းနေ(ဦးလှခိုင်)-ဒေါ်တင်တင်အုန်းတို့၏သားသမက်၊ ဒေါ်တင်တင်ခိုင်၏ခင်ပွန်း၊ ကြည့်မြင်တိုင်မြို့နယ်၊ သရက်တောမြောက်ရပ်ကွက်၊ ဗိုလ်စောပုလမ်း၊ မြန်မာ့သစ်လုပ်ငန်းအရာရှိရိပ်သာနေ ဦးဇော်နောင်ထူး၊ ဒေါက်တာမေသူခိုင်(ရန်ကင်းကလေးဆေးရုံကြီး)၊ ဦးဖြိုးသူ(UMG မြန်မာကုမ္ပဏီလီမိတက်)-ဒေါ်ခိုင်ချမ်းပြည့်(UMG မြန်မာကုမ္ပဏီလီမိတက်)၊ ဒေါက်တာခိုင်ဆွေလွင်တို့၏ဖခင်၊ မထူးသီရိသူ၏အဘိုးသည် ၁၅-၇-၂၀၁၄ရက် ညနေ ၆း၁၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၇-၂၀၁၄ရက် ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးမှတ်
အထွေထွေမန်နေဂျာ(အင်ဂျင်နီယာဌာန)၊ မြန်မာ့သစ်လုပ်ငန်း
အသက်(၅၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဗိုလ်စောပုလမ်း၊ အရာရှိရိပ်သာစတိုဝင်း၊ သရက်တောမြောက်ရပ်ကွက်နေ ဒေါ်တင်တင်ခိုင်၏ ချစ်လှစွာသောခင်ပွန်း ဦးမှတ်သည် ၁၅-၇-၂၀၁၄ရက် ညနေ ၆း၁၈နာရီတွင်ရုတ်တရက် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းနှင့်ဇနီး ဒေါ်ဆွေဆွေချစ်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးမှတ်
အထွေထွေမန်နေဂျာ(အင်ဂျင်နီယာဌာန)၊ မြန်မာ့သစ်လုပ်ငန်း
အသက်(၅၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဗိုလ်စောပုလမ်း၊ အရာရှိရိပ်သာစတိုဝင်း၊ သရက်တောမြောက်ရပ်ကွက်နေ ဒေါ်တင်တင်ခိုင်၏ ချစ်လှစွာသောခင်ပွန်း ဦးမှတ်(အထွေထွေမန်နေဂျာ၊ အင်ဂျင်နီယာ)သည် ၁၅-၇-၂၀၁၄ ရက် ညနေ ၆း၁၈နာရီတွင် ရုတ်တရက် ကွယ်လွန်သွားကြောင်းကြား သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းမိသားစု
မြန်မာ့သစ်လုပ်ငန်း

ဝမ်းနည်းကြေကွဲခြင်း

ဦးတင်စိုး (ဆင်ပေါင်ဝဲ)
အသက်(၈၄)နှစ်

ဦးကျော်ဇေယျ (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန)-ဒေါ်မွန်မွန်စိုးတို့၏ဖခင် ဦးတင်စိုးသည် ၁၁-၇-၂၀၁၄ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးစီမံခန့်ခွဲမှုသင်တန်း
အမှတ်စဉ်(၁)မှ သင်တန်းသား၊ သင်တန်းသူများ
ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)

ဦးစိုးမြင့် (ကန်တော်ကလေး)
အသက်(၆၀)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/ရှေ့ရပ်ကွက်၊ ဇ၄လမ်း၊ အမှတ် ၁၂၈နေ(ဦးစံဘ-ဒေါ်ခင်ကြည်)တို့၏သား၊(ဦးဝင်းမောင်)၊ဦးကိုကိုကြီး-ဒေါ်လှလှဝင်း၊ ဦးခင်မောင်မြ၊ ဒေါ်မြမြမူ(လဝက၊ ငြိမ်း)၊ ဒေါ်စန်းစန်းကြည်တို့၏မောင်၊ ဦးခင်ထွန်း၊ ဦးသက်နိုင်၊ ဦးပြုံးနိုင်တို့၏အစ်ကို၊ ဦးကျော်စွာဝမ်း-ဒေါ်သက်သက်ခိုင်၊ ဦးဖြိုးဝေအောင်-ဒေါ်သီရိဝင်း၊ ဦးဟိန်းကိုကို၊ ဦးဥက္ကာစိုး-ဒေါ်အိရွှေစင်(နယူးလိုက်အော့ဖ်မြန်မာ)တို့၏ဦးလေး၊ မြေးငါးယောက်တို့၏အဘိုးသည် ၁၅-၇-၂၀၁၄ရက် (အင်္ဂါနေ့) နံနက် ၈း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၇-၂၀၁၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးအေးထွန်း
အသက်(၅၄)နှစ်

သုံးခွမြို့နယ်နေ(ဦးလှရွှေ-ဒေါ်သန်းမြ)တို့၏သား၊ ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊မြင်သာ(၁၅)ရပ်ကွက်၊ ၄လမ်း၊ အမှတ် ၂၀၇/ကနေ ဦးအုန်းကြည်(ကြေးမုံသတင်းစာတိုက်၊ ငြိမ်း)-ဒေါ်အေးသန်းတို့၏သားသမက်၊ ရန်ကုန်မြို့၊ သန်လျင်သီလဝါသီလရှင်ကျောင်းတိုက် ဆရာလေးဒေါ်ဝဏ္ဏသီရီ၏မောင်၊မြောက်ဥက္ကလာပမြို့နယ်၊ ဦးဆန်းထွန်း-ဒေါ်ညိုညို၊ ဦးချစ်ထွန်း-ဒေါ်ခင်လှမြင့်၊ ဦးမြင့်အောင်-ဒေါ်စန်းစန်းဝင်းတို့၏ချစ်လှစွာသောအစ်ကိုကြီး၊ ဒေါ်သန်းသန်းကြည်၏ချစ်လှစွာသောခင်ပွန်း၊ မခင်အေးမော် (အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တောင်ဥက္ကလာပ)၊ မထက်ထက်ထွန်း (အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကမာရွတ်)၊ မရည်မွန်ထွန်း(G.T.C)တို့၏ ချစ်လှစွာသောဖခင်၊ တူ၊ တူမ ခုနစ်ယောက်တို့၏ ဘကြီးသည် ၁၄-၇-၂၀၁၄ရက် (တနင်္လာနေ့) ညနေ ၄း၅၀နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၇-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (၁၅ရပ်ကွက်၊ ၄လမ်း၊ အမှတ် ၂၀၇/က နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ကြူး(ခ)ဒေါ်ရီ
(စဉ့်အိုးတန်းလမ်း)
အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ စဉ့်အိုးတန်းလမ်းနေ (ဦးစိုး)-ဒေါ်မြမေ၊ ဦးမောင်သိန်းတို့၏ အစ်မ၊ ၁၂ထပ်၊ အခန်း ၄၊ အိုလံပစ်တာဝါ၊ဗိုလ်အောင်ကျော်လမ်း၊ကျောက်တံတားမြို့နယ်နေ ဦးကျော်မြင့် (Flex Aluminium) - ဒေါ်ကျင်ကြူတို့၏ မိခင်၊ မမင်းမင်းထိုက်(ခေတ္တ-စင်ကာပူ)၊ မစုစုစိုးစံတို့၏အဘွား၊ ဦးကျင်းချို-ဒေါ်အကက်၊ ဒေါ်တူတူးတို့၏ အဒေါ်သည် ၁၅-၇-၂၀၁၄ရက်(အင်္ဂါနေ့) နံနက် ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၇-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးတရုတ်သုသာန်၌ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အိုလံပစ်တာဝါ ဗိုလ်အောင်ကျော်လမ်း နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ရေစက်ဒါယိကာမကြီး

ဒေါ်ကြည်ကြည်(ကော့မှူး)
အသက်(၈၀)

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ သိမ်ဖြူလမ်း၊ အမှတ် ၉၁/၃နေ(ဦးဘိုးချိန်-ဒေါ်နု)တို့၏သမီး၊ (ဦးမြလွင်-ဒေါ်သန်းညွန့်)တို့၏ သမီးချွေးမ၊ (ဦးတင်ရှိန်)၏ဇနီး၊ ဦးလှကြည်-ဒေါ်နုနုသန်း၊ ဦးကျော်မြင့်-ဒေါ်ဝါဝါ၊ ဦးကျော်မြင့်ဦး - ဒေါ်ဝင်းဝင်းမာတို့၏ မိခင်၊ မောင်အောင်ပြည့်ဖြိုး၊ မခိုင်ဝေမော်မြင့်၊မသဉ္ဇာဝင်း၊မောင်ဝင်းထွဋ်ဦး၊ မောင်ငြိမ်းဖြိုးသူတို့၏ အဘွားသည် ၁၄-၇-၂၀၁၄ရက်ညနေ၄း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၆-၇-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)ညနေ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်းအမကြီး

ဒေါ်ကျင်ဝန်(ခ)လီခေါဝန် (ထားဝယ်/ဟိန္ဒား)
(ပတ်ကား စိန်ရွှေရတနာဆိုင်)
အသက်(၉၃)နှစ်

ထားဝယ်မြို့၊ တလိုင်းမရပ်၊ မြိတ်တန်းလမ်း၊ အမှတ် ၁၉နေ [ဦးအချန်(ခ)ဦးချီရှီထရန်]၏ဇနီး၊ ဦးတင်စိုး-ဒေါ်မီမီနွဲ့(ခ)ဒေါ်စောငွေ၊ ဦးစန်းကြည်-ဒေါ်မူမူသန့်(ပတ်ကား စိန်ရွှေရတနာဆိုင်)၊ ဒေါ်မီမီလီ (ဓာတုဗေဒဌာန၊ ထားဝယ်တက္ကသိုလ်)၊ ဦးမြဟန်-ဒေါ်မီမီလိန်တို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၁၄-၇-၂၀၁၄ရက် (တနင်္လာနေ့) ည ၈း၄၅နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၇-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၃၀နာရီတွင် ရေဝေးတရုတ်ကောင်းတုံသုသာန်၌ ဂူသွင်းမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (အမှတ် ၆၉၇၊ မဟာဗန္ဓုလလမ်းနှင့် စဉ့်အိုးတန်းလမ်းထောင့်၊ လသာမြို့နယ် နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၀-၇-၂၀၁၄ရက် (တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အမှတ် ၆၉၇၊ မဟာဗန္ဓုလလမ်းနှင့် စဉ့်အိုးတန်းလမ်းထောင့်၊လသာမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်ရီ
အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၂၊ ၁၀၉လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးလူအို-ဒေါ်စောမြိုင်)တို့၏သမီးကြီး၊ ဒေါက်တာဝင်းအောင်၊ ဒေါက်တာကြူကြူလှိုင်(ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)၊ ဒေါက်တာအောင်မြတ်မင်း၊ ဒေါက်တာစမ်းသီတာအောင်(ဩစတြေးလျားနိုင်ငံ)၊ ဦးဇော်သန့်မင်း၊ ဒေါ်ဝင်းပပ(စင်ကာပူနိုင်ငံ)တို့၏ကြီးကြီး၊ မောင်ပြည့်ဖြိုးကျော် (Electrical MISC)၊ မဝေသီတာ၊ မမွန်မွန်သန့်(Asian Wings Airline)တို့၏ဘွားဘွားကြီးသည် ၁၃-၇-၂၀၁၄ရက် (တနင်္ဂနွေနေ့) ည ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၇-၂၀၁၄ရက်(ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၉-၇-၂၀၁၄ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်ခင်ခင်မြင့်
(ညောင်လေးပင်မြို့)
အလယ်တန်းပြ(ငြိမ်း)
အသက်(၇၇)နှစ်

ရန်ကုန်မြို့၊သာကေတမြို့နယ်၊ (၁၀)မြောက်ရပ်ကွက်၊ ရတနာပုံအိမ်ရာ၊ ရတနာပုံ ၁လမ်း၊ တိုက်အမှတ် ၁၀၀၊ အခန်းအမှတ် ၁၀၁နေ (ဗိုလ်မှူးမောင်ကြီး)၏ဇနီး၊ ညောင်လေးပင်မြို့၊ ဈေးအရှေ့လမ်းနေ(ဦးထွန်းမောင်-ဒေါ်လှတင်)တို့၏သမီး၊ ဗိုလ်မှူးကျော်လင်းဦး(ငြိမ်း) မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်-ဒေါ်ခင်ဝင်းငွေ၊ ဒေါ်မိုးသီတာ၊ ဦးကျော်သူရ-ဒေါ်နီလာသန်း၊ ဦးဆန်းထွဋ်အောင်-ဒေါ်သန္တာဖြူတို့၏ မိခင်၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၁၅-၇-၂၀၁၄ရက် (အင်္ဂါနေ့) နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၇-၂၀၁၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၁-၇-၂၀၁၄ရက်(တနင်္လာနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးလှရှိန်
အထက(၁)တာမွေ
အလယ်တန်းပြ(ငြိမ်း)
အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ FMIအိမ်ရာ၊အမှတ် အို-၂၁၆၊ ငွေနှင်းဖြူသစ်ခွလမ်းနေ (ဦးအောင်တင်-ဒေါ်သီလှ)တို့၏သား၊ (ဦးအောင်သိန်း-ဒေါ်ခင်ရွှေ)တို့၏သားသမက်၊ဒေါ်မြမြဝင်း (အထက-၂၊ တာမွေ၊ ငြိမ်း)တို့၏ ခင်ပွန်း၊ ဦးမင်းသူအောင်(Helio Int'l Co.,Ltd.) - ဒေါ်သွယ်သွယ်စိုး(Helio Int'l Co., Ltd.)၊ ဦးသန်းတင် (Business Group Co.,Ltd.)-ဒေါ်ယဉ်ယဉ်မျိုးတို့၏ဖခင်၊ မောင်သက်ထွဋ်ဇင် (Helio Business Group Co.,Ltd.)၊ မောင်နေသုတ(Grade-3, ISM)တို့၏အဘိုးသည် ၁၅-၇-၂၀၁၄ ရက် (အင်္ဂါနေ့) ညနေ ၃း၁၅နာရီတွင် ပန်းလှိုင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၇-၇-၂၀၁၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (FMI အိမ်ရာ၊ အမှတ် အို-၂၁၆၊ ငွေနှင်းဖြူသစ်ခွလမ်းနှင့် အမှတ် ၅၁၊ သုခလမ်း ကျောက်မြောင်း နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၁-၇-၂၀၁၄ရက်(တနင်္လာနေ့)တွင်ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးဆန်းတင့်
အငယ်တန်းအင်ဂျင်နီယာ(၂)
မြို့ပြ (S.A.E)
လေးမျက်နှာမြို့နယ်၊
ဟင်္သာတခရိုင်၊
ဧရာဝတီတိုင်းဒေသကြီး
အသက်(၄၉)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊မြန်အောင်မြို့နေ(ဦးဝင်းရွှေ-ဒေါ်ခင်ကြည်)တို့၏ သား၊ မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်နေ (ဦးတင်မောင်-ဒေါ်ကြည်)တို့၏သားသမက်၊ ဒေါ်ခင်မေပု (မူလတန်းပြ၊ လေးမျက်နှာမြို့)၏ ခင်ပွန်း၊ မသက်ထားအေး၊ မဆန်းဆင့်ဝေတို့၏ဖခင်၊ သန်လျင်မြို့၊ စစ်ပင်ကွင်းကျေးရွာနေ ကိုသန်းထိုက်အောင်၊ မအောင်ဆန်းဆုတို့၏ ဦးလေးသည် ၁၄-၇-၂၀၁၄ရက် ည ၉း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၆-၇-၂၀၁၄ရက် မွန်းလွဲ ၁နာရီတွင် သန်လျင် အမိုးနီသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၀-၇-၂၀၁၄ရက်တွင် သန်လျင်မြို့၊ စစ်ပင်ကွင်းကျေးရွာနေ ကိုသန်းထိုက်အောင်-မအောင်ဆန်းစုတို့၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

ဦးစန်းလွင်(ခ)ဦးဘတုတ်
(ရေနံ၊ သန်လျင်)
အသက်(၆၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ အမှတ် ၁၂၊ ကျောင်းလမ်းနေ (ဦးအိရှောင်-ဒေါ်အေးစိန်)တို့၏သား၊ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ နှယ်နီ ၈လမ်း၊ အမှတ် ၃၅၆နေ ဦးလဖိုင်လ-(ဒေါ်ယဉ်ဆွေ)တို့၏သားသမက်၊ (ဦးညွန့်စိန်)-ဒေါ်ခင်ငွေးမြင့်၊ ဦးဝင်းထင်-ဒေါ်တင်တင်ဝင်းတို့၏ညီ၊ သိက္ခာတော်ရ ဆရာတော် ဦးဆန်နီ - ဒေါ်သန်းသန်းတင့်၊ (ဦးတင့်လွင်) - ဒေါ်လွင်လွင်မောင်၊ (ဦးခင်ရွှေ) - ဆရာမ ဒေါ်ခင်မေကြည် (မ/၁၀၊ မရမ်းကုန်း)တို့၏ အစ်ကို၊ ဒေါ်သန်းသန်းခင်(ခ)ဘီဂဲလ်၏ခင်ပွန်း၊ မောင်ထက်လွင်ဦး၏ဖခင်သည် ၁၄-၇-၂၀၁၄ရက် (တနင်္လာနေ့) ညနေ ၄နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၆-၇-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ [သန်လျင် မြန်မာနှစ်ခြင်းအသင်းတော် (ကြီးပင်လမ်း)ရှေ့မှကားများ နံနက် ၈ နာရီနှင့် နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

ဦးမောင်မောင်
(ကျိုက်လတ်မြို့နယ်အသင်းနာယက)
အသက်(၉၂)နှစ်

